
# ဘေးကင်း လုံခြုံ တယ်လို့ မခံစားရဘူး

ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ
အဝေးရောက်မြန်မာများအား
နိုင်ငံဖြတ်ကျော်ဖိနှိပ်မှုအပေါ်
ပူးပေါင်းပါဝင် သုတေသန



# ဘေးကင်းလုံခြုံတယ်လို့ မခံစားရဘူး

## ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ အဝေးရောက်မြန်မာများအား နိုင်ငံဖြတ်ကျော်ဖိနှိပ်မှုအပေါ် ပူးပေါင်းပါဝင် သုတေသန


နယ်စပ်အသံများအဖွဲ့

နယ်စည်းမခြား မိတ်ဆွေများ ဖောင်ဒေးရှင်း

# ဘေးကင်းလုံခြုံတယ်လို့ မခံစားရဘူး

Participatory research on transnational repression against Myanmar diaspora in Mae Sot, Thailand

Written by Pim Koetsawang with Laddawan Tamafu
English editing by David Mathieson

© 2024 by Friends Without Borders Foundation
All rights reserved

Published by Friends Without Borders Foundation
191/2 Moo 1, Nong Kwai, Hang Dong, Chiang Mai 502230, Thailand
Email : bordervoicespd@gmail.com
www.friends-without-borders.org

Front cover drawing by Juntima Tabmongkol (Finalist, 2021 youth painting competition, Friends Without Borders)
Front cover photo by Supamok Silarak
Designed by Ma Yim Studio

The report was originally written in English and translated into Burmese. The briefer versions are available in Burmese and Thai.

# မာတိကာ


**ကျေးဇူးတင်လွှာနှင့် လွှဲပြောင်းအပ်နှင်းခြင်းများ** 4
**စကားချီး** 5
**၁။ နိဒါန်း** 7
- ထိုင်းနိုင်ငံနှင့် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု 8
- ထိုင်းနိုင်ငံရှိ အဝေးရောက် မြန်မာများ ။ အာဏာသိမ်းပြီးနောက်ပိုင်း အနေအထား။ 9
- မြန်မာဒုက္ခသည်များ ကာကွယ်ခြင်းနှင့် ပတ်သက်သည့် ထိုင်းနိုင်ငံ၏ မူဝါဒနှင့် ဥပဒေမူဘောင် 11
- မဲဆောက်။ ပါဝါ အပြောင်းအလဲလှုပ်ရှားမှုနှင့် အဝေးရောက် မြန်မာများ။ 18

**၂။ သုတေသန အကြောင်း** 21
- ပူးပေါင်းပါဝင် မှု သုတေသန 21
- သုတေသန အကန့်အသတ်များ 23
- ပါဝင်သူများ 24

**၃။ တွေ့ရှိချက်များ** 29
၁) မဲဆောက်ရှိ အဝေးရောက်မြန်မာများ။ TNR အပေါ် အမြင်များနှင့် သူတို့၏ ကြုံတွေ့နိုင်ချေ အလားအလာများ 29
၂) မဲဆောက်ရှိ မြန်မာအဝေးရောက်များအပေါ် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု ပုံစံများ 33
•ကျူးလွန်သူများနှင့် ပစ်မှတ်များ 33
•ရည်ရွယ်ချက်များ 33
•နည်းနာများ 34
(က) ဆိုင်ဘာ ဖိနှိပ်မှု 35
(ခ) တဆင့်ခံဖြင့် အဝေးရောက် အကြပ်ကိုင်ခြင်း 40
(ဂ) နောက်ယောင်ခံခြင်းနှင့် တိုက်ခိုက်(ရန် အားထုတ်) ခြင်း 42
(ဃ) အာဏာပိုင်များအကြား နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု 46
•သွယ်ဝိုက်သက်ဆိုင်သော ဖြစ်ရပ်များ 54
၃) ပြည်သူများ၏ ကာကွယ်မှုနှင့် တုန့်ပြန်မှု မဟာဗျူဟာ 58
၄) အဝေးရောက် မြန်မာများအပေါ် TNR ၏ နောက်ဆက်တွဲ သက်ရောက်မှုများ 62

**၄။ အကြံပြုချက်များ** 69
က။ မဲဆောက်ရှိ အဝေးရောက်မြန်မာများအတွက် အကြံပြုချက်များ။ လူပုဂ္ဂိုလ် တစ်ဦးချင်းနှင့် အသိုင်းအဝိုင်း 69
ခ။ CBOများ၊ CSOများနှင့် NG Oများ အတွက် အကြံပြုချက်များ။ 72
ဂ။ အမျိုးသား ညီညွတ်ရေးအစိုးရ NUG အတွက် အကြံပြုချက်များ။ 73
ဃ။ ထိုင်းအစိုးရအတွက် အကြံပြုချက်များ။ 74
င။ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အကြံပြုချက်များ။ 75

**နိဂုံးချုပ်** 75
နောက်ဆက်တွဲများ 75
- ဆွေးနွေးမှုအတွက် လမ်းညွှန် မေးခွန်းများ 75
- အတိုကောက် စာရင်း 76

# ကျေးဇူးတင်လွှာနှင့် လွှဲပြောင်းအပ်နှင်းခြင်းများ

တန်ဖိုးရှိသော အချိန်အတော်များများတွင် နာကျင်မှုများပါဝင်သော အတွေ့အကြုံများကို ဝေမျှပေးသည့် သုတေသနတွင် ပါဝင်ဖြေဆိုသူများ အားလုံးကို ကျေးဇူးတင်အပ်ပါသည်။ နယ်စပ်အသံ (Border Voice) အဖွဲ့အပေါ်တွင် သူတို့ထားရှိသော ယုံကြည်မှုသည် အဝေးရောက်မြန်မာများ၊ အထူးသဖြင့် ၂၀၂၁ စစ်အာဏာသိမ်းမှု နောက်ပိုင်း ရောက်ရှိလာသော ဒုက္ခသည်များနှင့် မဲဆောက်ရှိ အတိုက်အခံများ၏ ဘဝများကို လူအများနားလည်စေရန် အထောက်အကူ ဖြစ်စေပါသည်။

အဖွဲ့အနေဖြင့် Friends Without Border စီမံခန့်ခွဲရေး အဖွဲ့၊ အလှူရှင်များ နှင့် မိမိတို့အပေါ် ပံ့ပိုးမှု အမြောက်အများ ပေးခဲ့သော မရေမတွက်နိုင်သည့် မိတ်ဆွေများနှင့် မိသားစုများကိုလည်း ကျေးဇူးတင်ပါသည်။ ဤကူညီပံ့ပိုးမှုများ မပါဝင်ပဲ ဖုံးကွယ်ထားသော နိုင်ငံဖြတ်ကျော် ဖိနှိပ်မှုများနှင့် မဲဆောက်ရှိ အဝေးရောက် မြန်မာများအပေါ် လူ့အခွင့်အရေး ချိုးဖောက်နေမှုများကို မီးမောင်းထိုးပြနိုင်မည် မဟုတ်ပါ။

ဤသုတေသနအစီရင်ခံစာသည် မြန်မာနိုင်ငံ အတွင်း အပြင် နှင့် ကမ္ဘာအနှံ့ မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ ရဲရင့်သော ဒုက္ခသည်များနှင့် အတိုက်အခံများ အတွက် ရည်ညွှန်းပါသည်။

နယ်စပ်အသံ အဖွဲ့

## ၂၀၂၃ နယ်စပ် အသံများအဖွဲ့ အဖွဲ့ဝင်များ

| | |
|---|---|
| မရီးစ် (Ma Rees) | မြန်မာ လူထု သုတေသနမှူး |
| ဒေါ်ထရက်ရှာ (Daw Treasure) | မြန်မာ လူထု သုတေသနမှူး |
| ဒေါ်စတယ်လာ (Daw Stella) | မြန်မာ လူထု သုတေသနမှူး |
| ဦးဏကြီး (U Na Gyi) | မြန်မာ လူထု သုတေသနမှူး |
| မောင်ရဲခေါင် (Maung Yel Hkawng) | မြန်မာ လူထု သုတေသနမှူး |
| စောလေးဝါး (Saw Lay Wah) | သုတေသန စီမံခန့်ခွဲရေးမှူး |
| Laddawan Tamafu | သုတေသန တာဝန်ခံ |
| စောဆန်းရှိုင်း (Saw Sunshine) | စီမံကိန်းဒါရိုက်တာ၏ ကွင်းဆင်း လက်ထောက် |
| Pim Koetsawang | စီမံကိန်းဒါရိုက်တာ |

# စကားချီး

၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ည ၁၀း၁၅ မိနစ်တွင် အနက်ရောင် ဝတ်ဆင်ထားသော သို့မဟုတ် ရုပ်ဖျက်ထားသော တစ်ရာကျော်ရှိသော လက်နက်ကိုင်များသည် မြန်မာနိုင်ငံ နယ်စပ်မှ ထိုင်းနိုင်ငံ မဲဆောက် ခရိုင်သို့ ဖြတ်ကျော်လာခဲ့သည်။ သူတို့၏ ရည်မှန်းချက်မှာ နယ်စပ်မှ သုံးကီလိုမီတာခန့် ကွာဝေးသော ဟွေးကလုပ် ဒုက္ခသည် စခန်းဖြစ်သည်။ ဒုက္ခသည်များ၏ ယုံကြည်မှုအရ ဒီမိုကရက်တစ် ကရင် ဗုဒ္ဓဘာသာ တပ်မတော် (DKBA) နှင့် မြန်မာ အစိုးရ သို့မဟုတ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (နဝတ) ၏ စစ်တပ် တို့ ပူးပေါင်းတပ်ဖွဲ့က သူတို့၏ သေနတ်များကို ပစ်ဖောက်လျက် လူများကို မြန်မာနိုင်ငံသို့ ပြန်ကြရန် ခြိမ်းခြောက် အော်ဟစ်ခဲ့ကြသည်၊ အိမ်များနှင့် ကြောက်လန့်တကြား ထွက်ပြေးနေသော လူများကို လုယက်ခဲ့ကြသည်၊ ထို့နောက် စခန်းတစ်ခုလုံးကို ပြာကျသည် အထိ မီးရှို့ခဲ့ကြသည်။

ဒုက္ခသည်များ၏ အစီရင်ခံချက်အရ ကိုးနာရီခန့် စောပြီး ထိုဒေသအတွင်းမှ ဆုတ်ခွာသွားသည့် ထိုင်း လုံခြုံရေး တပ်ဖွဲ့ထံမှ မည်သည့် အရေးယူ ဆောင်ရွက်မှုမှ မရှိခဲ့ပေ။ ဒုက္ခသည် ၆,၅၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်သွားခဲ့သည်၊ တစ်ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာ ရရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။1

ဤဖြစ်ရပ်သည် ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည် စခန်း လေးခုတွင် တစ်နှစ်ထဲ တစ်လထဲတွင် ဖြစ်ပွားသည့် ဖြစ်ရပ် လေးခု အနက်မှ တစ်ခု ဖြစ်သည်။ ၁၉၉၅-၁၉၉၈2 ခုနှစ်များအတွင်းတွင်လည်း အလားတူ ဖြစ်ရပ်များ အများအပြား ဖြစ်ခဲ့သည်။ တိုက်ခိုက်မှုများ၏ ရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံတွင် ဒုက္ခသည်များအနေဖြင့် မြန်မာနိုင်ငံအတွင်း ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်၍ သက်ရှိ သက်သေများ အဖြစ် လူအုပ်စုလိုက် ရှိနေခြင်းထက် DKBA ကို ထောက်ခံသော အရပ်သား စခန်းတစ်ခု အဖြစ် ဖွဲ့စည်းရန်အတွက် မြန်မာနိုင်ငံဘက်သို့ ပြန်စေရန် ခြိမ်းခြောက်ခြင်း ဖြစ်သည်။

ပြည်ပရောက် လူထုအသိုင်းအဝိုင်းများအား အသံတိတ်စေရန်နှင့် ရှင်းလင်းရန် မြန်မာစစ်တပ် အစိုးရ၏ ကြိုးပမ်းချက်များမှာ ထိုင်းနိုင်ငံ၏ အချုပ်အခြာအာဏာကို ရှင်းရှင်းလင်းလင်း ချိုးဖောက်ခြင်း ဖြစ်သည်။ လူထုကို လူသိရှင်ကြား အသိပေးသည့် ထိုင်းအစိုးရ၏ တုန့်ပြန်ချက်မှာ နယ်စပ်နှင့် ပိုဝေးသော စခန်းသစ်များသို့ ဒုက္ခသည်များအား ပြောင်းရွှေ့နေရာချထားခြင်း ဖြစ်သည်။ တိုက်ခိုက်မှုကို ခံခဲ့ရသည့် အကြီးဆုံး ဒုက္ခသည် စခန်းမှာမူ လက်ရှိအချိန်ထိ မူလနေရာတွင်သာ ဆက်လက် တည်ရှိဆဲဖြစ်သည်။

တိုက်ခိုက်မှုများ၏ ဖြစ်နိုင်ချေရှိသော ရည်မှန်းချက်များအနက် တစ်ခုကို ရရှိသည်မှာ ရှင်းလင်းလှသည်။ ထိုအချိန်မှ စ၍ ထိုင်းအစိုးရများနှင့် မီဒီယာများက နယ်စပ်တွင်ရှိသော ဒုက္ခသည်များသည် ထိုင်းနိုင်ငံ၏ အမျိုးသား လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု မီးမောင်းထိုးပြသော အချက်ဖြစ်သည်။



Picture by Thanatchaya Wongwas (Long list, 2021 youth painting competition, Friends Without Borders



# ၁။ နိဒါန်း

နှစ်ဆယ့်ငါးနှစ်ကြာပြီးနောက် ထင်ထင်ရှားရှားနှင့် ကြီးမားသော စစ်ဆင်ရေးများ မတွေ့ရတော့သော်လည်း နိုင်ငံတကာ နယ်စပ်ကို ဖြတ်ကျော်ဖြစ်ပေါ်နေသော ဖိနှိပ်မှုမှာ ဆက်လက်ရှိနေသည်။

ဤအစီရင်ခံစာပါ နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု (TNR) ဆိုသည်မှာ လုပ်ကြံသတ်ဖြတ်မှု၊ တရားမဝင် နှင်ထုတ်မှု၊ ပြန်ပေးဆွဲမှု၊ ဒစ်ဂျစ်တယ် ခြိမ်းခြောက်မှု၊ အင်တာပိုလ် အလွဲသုံးစားလုပ်မှုနှင့် မိသားစုအနှောက်အယှက်ပေးမှု များမှတစ်ဆင့် အဝေးရောက်နှင့် နိုင်ငံရပ်ခြားရောက် အတိုက်အခံများအား အသံတိတ်စေရန် အတွက် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရန် အစိုးရများ၏ ကြိုးပမ်းမှုများကို ရည်ညွှန်းသည်။[3] ဖရီးဒမ်းဟောက်စ်၏ ၂၀၁၄-၂၀၂၂ အတွင်း မှတ်တမ်းများအရ မူရင်း နိုင်ငံ ၃၈ နိုင်ငံသည် လက်ခံ နိုင်ငံ ၉၁ နိုင်ငံတွင် ရုပ်ပိုင်းဆိုင်ရာ TNR ကို အသုံးပြုကြောင်း တွေ့ရှိခဲ့သည်။ ဤကိန်းဂဏန်းများတွင် စပိုင်ဝဲများ၊ နောက်ယောင်ခံ လိုက်ကြည့်မှုများ၊ လူမှု မီဒီယာ နှင့် ဖုန်းများမှ တဆင့် ခြိမ်းခြောက်မှုများ၊ သို့မဟုတ် အိမ်တွင် ကျန်ရှိသော မိသားစုများအား ခြိမ်းခြောက်မှုများ ဖြစ်သည့် သွယ်ဝိုက်သည့် နည်းလမ်းဖြင့် ခြိမ်းခြောက်မှုများ ထည့်သွင်းထားခြင်းမရှိပါ။[4]

ဥရောပကောင်စီ ပါလီမန်အစည်းအဝေးက TNR သည် 'ပစ်မှတ်ထားသော လူတစ်ဦးချင်းစီ၏ ဖယ်ရှား၍ မရသော အခြေခံ လူ့အခွင့်အရေး အမြောက်အများကို ချိုးဖောက်ရုံသာမက ထို လူပုဂ္ဂိုလ်များ နေထိုင်ပြီး ခိုလှုံမှုကို ရှာဖွေတွေ့ရှိထားသော နိုင်ငံများ၏ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် အမျိုးသားလုံခြုံရေးတို့ကိုပါ ခြိမ်းခြောက်မှုလည်း ဖြစ်သည့် ကမ္ဘာတဝှမ်းဆိုင်ရာ ဖြစ်စဉ်အဖြစ် မှတ်ယူသည်။[5] အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန လက်အောက်ရှိ နိုင်ငံခြားရေး ဝန်ကြီးရုံးသည် 'အမေရိကန်ပြည်ထောင်စုနှင့် အခြားနေရာများတွင် ဖြစ်ပွားနေသည့် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု အပြုအမူများနှင့် ပတ်သက်၍ စိုးရိမ်မှု မြင့်တက်လာခြင်းနှင့် ပြင်းထန်စွာ ရှုံ့ချခြင်း' အပေါ် နိုင်ငံခြားရေး မစ်ရှင်အားလုံးက အလေးထားဆောင်ရွက်ရန် တောင်းဆိုထားသည်။[6]

3 "နယ်စပ်ဖြတ်ကျော် ဖိနှိပ်မှု" ၏ နိုင်ငံတကာ အဓိပ္ပာယ် ဖွင့်ဆိုချက် မရှိသေးပါ။ ဤအစီရင်ခံစာတွင် https://freedomhouse.org/report/transnational-repression ရှိ Freedom House ၏ ဖော်ပြချက် ကို အသုံးပြုထားသည်။

4 ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် Freedom House ဥက္ကဋ္ဌ Michael J. Abramowitz ၏ စာဖြင့်ရေးသားသော သက်သေခံချက်နှင့် မှတ်ချက်များနှင့် အညီ။

5. (၂၀၂၃ ခု) ဥရောပ ကောင်စီ၊ ဥပဒေရေးရာနှင့် လူ့အခွင့်အရေး ကော်မတီ။ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှုသည် တရားဥပဒေ စိုးမိုးရေး နှင့် လူ့အခွင့်အရေး အပေါ် ခြိမ်းခြောက်မှု ကြီးမားနေသောကြောင့်။ https://rm.coe.int/transnational-repression-as-a-growing-threat-to-the-rule-of-law-and-hu/1680ab5b07 မှ ထုတ်နုတ်ထားသည်။

6. အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေး ဌာန၊ (၂၀၂၂ ခုနှစ်)။ သတိပေးချက်၊ နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု တိုက်ဖျက်ရေး 07/08/22. https://www.state.gov/wp-content/uploads/2022/07/2022-07-08-Notice-Counter-Transnational-Repression.pdf မှ ထုတ်နုတ်ထားသည်။

## ထိုင်းနိုင်ငံနှင့် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု

စကားအသုံးအနှုန်းမှာ အသစ်ဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားခြင်း မရှိသေးသော်လည်း TNR ဖြစ်ရပ်များမှာ အမှန်စင်စစ်အားဖြင့်ထိုင်းနိုင်ငံအတွက် အသစ်အဆန်းမဟုတ်ပေ။ အထက်တွင် ဖော်ပြထားသကဲ့သို့ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်က ဒုက္ခသည် အသိုင်းအဝန်းများကို နယ်စပ်ဖြတ်ကျော် တိုက်ခိုက်ခြင်းမှာ ဖြစ်ရပ်များထဲမှ တစ်ခု ဖြစ်သည်။

မကြာသေးမီ ၂၀၁၄-၂၀၂၂ အတွင်းက Freedom House က ထိုင်းနိုင်ငံအတွင်း TNR ၏ သားကောင်ဖြစ်ရသူ လူ ၁၅၀ ကျော်ရှိသည်ဟု မှတ်တမ်းတင်ထားခဲ့သည်။ အခြားသူများအနက်မှ ထိုသူများမှာ ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပြန်ပို့ခဲ့သည့် အူရီဂါ ဒုက္ခသည် ၁၀၉ ဦး၊ ၂၀၂၁[7]ခုနှစ်တွင် ကမ္ဘောဒီးယားသို့ ပို့ဆောင်ခံရသည့် UNHCR ၏ စိုးရိမ်ရသော လူများအဖြစ် စာရင်းသွင်းထားသည့် ကမ္ဘောဒီးယား နိုင်ငံသား လေးဦးနှင့် ၂၀၂၃[8] ခုနှစ်တွင် ထိုင်းနိုင်ငံတွင် လုပ်ကြံခံရသည့် နိုင်ငံရပ်ခြားရောက် လာအိုနိုင်ငံသား နိုင်ငံရေး လှုပ်ရှားသူ တစ်ဦး တို့ ပါဝင်သည်။

ထို့အပြင် မူရင်းနိုင်ငံအဖြစ်လည်း လူ့အခွင့်အရေး အဖွဲ့အစည်းများက မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်အများအပြားလည်း ရှိသည်။ ယင်းတို့တွင် အခြားသော ဖြစ်ရပ်များအပြင် ၂၀၁၉ ခုနှစ်က ရီပတ်ဘလီကင် သုံးဦး နိုင်ငံရပ်ခြားတွင်[9] ပျောက်ဆုံးပြီး ရက်အနည်းငယ်အကြာတွင် ထိုင်းအာဏာပိုင်များ၏ တောင်းဆိုချက်အရ ဘုရင်-ဆန့်ကျင်ရေး စည်းရုံး လှုပ်ရှားသူ တစ်ဦးကို မလေးရှားနိုင်ငံက ပြန်လည် လွှဲပြောင်း ပေးပို့ခဲ့သည်သာမက လာအိုနိုင်ငံတွင် နောက်ဆုံး တွေ့ရှိခဲ့သည့် ထိုင်း အတိုက်အခံ သုံးဦး ပျောက်ဆုံးခဲ့မှု[10] တို့လည်း ပါဝင်သည်။

၂၀၂၄ ခုနှစ် အစောပိုင်းသို့ ရောက်သည်အထိ ထိုင်းဘာသာစကားဖြင့် "နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု" အတွက် အများသုံး ဝေါဟာရ မရှိခဲ့သေးပေ။ ထိုင်းနိုင်ငံ သည် မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံအဖြစ် အဖြစ်အပျက်များ ရှိခဲ့သော်လည်း TNR နှင့် ပတ်သက်၍ စနစ်ကျသော မှတ်တမ်းတင်မှုများလည်း မရှိခဲ့ပေ။ ထိုင်းအာဏာပိုင်များက ၂၀၂၃ ခုနှစ် ဧပြီလတွင် မြန်မာအတိုက်အခံ သုံးဦးကို စစ်အုပ်စုနှင့် မဟာမိတ်ဖြစ်သော အာဏာပိုင်များထံ လွှဲပြောင်းပေးခဲ့သည့် ဖြစ်ရပ်များကို လူအများအာရုံစိုက်ခဲ့သော်လည်း[11] သက်ရောက်မှုခံရသော အသိုင်းအဝိုင်းများ၊ ထိုင်းအာဏာပိုင်များ နှင့် ထိုင်း လူထု လူမှု အဖွဲ့အစည်းများ အများစုမှာ ထိုဝေါဟာရနှင့် အကျွမ်းတဝင် မရှိသေးပေ။

ထို့အပြင် ကမ္ဘာပေါ်ရှိ နိုင်ငံအများစု ကဲ့သို့ပင် ထိုင်းနိုင်ငံတွင် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လေ့ရှိသည့် ကြိုးကိုင်စီစဉ်သူများ၊ ခေါင်းဆောင်များက အခြားနိုင်ငံ၌ ရှိနေကြပြီး ကျူးလွန်ကြသည့် ဤရာဇဝတ်မှုအား ဖြေရှင်းရန် တိကျသော ဥပဒေ၊ မူဝါဒနှင့် ကြိုးပမ်းမှုမျိုး မရှိသေးပေ။

7 Freedom House. (2022). နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု အစီရင်ခံစာ ၂၀၂၂။ ထိုင်းနိုင်ငံ ဖြစ်ရပ် လေ့လာမှု။ https://freedomhouse.org/report/transnational-repression/thailand မှ ထုတ်နုတ်ထားသည်။

8 Human Rights Watch. (2023). ထိုင်း။ လာအို ဒုက္ခသည် ပစ်သတ်ခံရ။ Urgently Investigate Killing of Bounsuan Kitiyano အား သတ်ဖြတ်မှုကို အရေးတကြီး စုံစမ်း စစ်ဆေးရန်။ [https://bit.ly/3TDJNmb]

9 Rojanaphruk, P. (16/05/19). နှိမ်နင်းမှု အားပြင်းလာသည်နှင့်အမျှ ထိုင်း ရီပတ်ဘလီကင်များကို မလေးရှားမှ ပြည်နှင်ဒဏ်ပေး။ Khaosod English. [https://bit.ly/48XXgtp] မှ ထုတ်နုတ်ထားသည်။

10. Human Rights Watch. (2019). လောနိုင်ငံ။ ထိုင်း အတိုက်အခံ ၃ ဦး ပျောက်ဆုံးမှုကို စုံစမ်းစစ်ဆေးပါ။ မဲခေါင်မြစ်အတွင်း တွေ့ရှိသည့်နှိပ်စက်ညှင်းပမ်းထားသော အလောင်းများမှာ ထိုင်း တက်ကြွ လှုပ်ရှားသူများ ဖြစ်နေ။https://bit.ly/3Po1JyG] မှ ထုတ်နုတ်ထားသည်။

11. Human Rights Watch. (2023). ထိုင်း။ မြန်မာ တက်ကြွလှုပ်ရှားသူ အစမ္ဗ ပြန်ပို့ခံရ။ စစ်အုပ်စု၏ အတိုက်အခံများအပေါ် ဖိနှိပ် အရေးယူမှုများကို ထိုင်းအစိုးရ ကူညီ။ [https://bit.ly/3PmEl4s] မှ ထုတ်နုတ်ထားသည်။

## ထိုင်းနိုင်ငံရှိ အဝေးရောက် မြန်မာများ၊ အာဏာသိမ်းပြီး နောက်ပိုင်းအနေအထား။

ဤအစီရင်ခံစာပါ အဝေးရောက်ဆိုသည်မှာ (ပုံမှန်အားဖြင့် အတင်းအကြပ်) လူစုခွဲခံရသည့်သမိုင်း ရှိပြီး သီးခြား "ဇာတိမြေ" အကြောင်း အမျိုးမျိုးသော သမိုင်းဖြစ်စဉ်များကို ထိန်းသိမ်းထားပြီး ဤဇာတိမြေနှင့် သက်ဆိုင်သည့် စုပေါင်း သွင်ပြင်လက္ခဏာ တစ်ခုကို တည်ဆောက်ထားသည့် နိုင်ငံရပ်ခြားရောက် အသိုင်းအဝိုင်းတစ်ခုကို ရည်ညွှန်းသည်။ - ၎င်းတို့သည် တစ်နေ့နေ့တွင် ဤဇာတိမြေသို့ ပြန်ရမည်ဟု မျှော်လင့်ချက်ရှိပြီး ထိုဇာတိမြေ၏ အရေးအရာများကို ဆက်လက် လုပ်ဆောင်လိုသော ဆန္ဒရှိကြသည်။[12] ဤအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ နိုင်ငံရေး သိပ္ပံပညာရှင် ဝီလီယံ ဆက်ဖရင် (William Safran) က အဆိုပြုခဲ့ခြင်း ဖြစ်ပြီး စစ်ဘေးဒုက္ခသည်များ၊ ၁၉၅၁ ခုနှစ် ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ ဆိုင်ရာ သဘောတူစာချုပ်၊ ထိုင်းနိုင်ငံရှိမြန်မာနိုင်ငံမှ အဝေးရောက် အတိုက်အခံများနှင့် အခြား ရွှေ့ပြောင်းသူများကို လွှမ်းခြုံမှု ရှိသည်။

12 Safran, W. (1991), ခေတ်ပေါ် လူ့အသိုင်းအဝိုင်း အတွင်း အဝေးရောက်များ,။ မိခင်မြေနှင့် အိမ်ပြန်ရေး ဒဏ္ဍာရီများ။ Diasporas, 1, 1, 83–99, cited in Egreteau, Renaud (2012), အဝေးရောက် မြန်မာနိုင်ငံ။ အာရှရှိ မြန်မာ အဝေးရောက် အသိုင်းအဝိုင်းများ၏ နိုင်ငံရေး အပေါ် ပဏာမ သုတေသန မှတ်စု။ လက်ရှိအရှေ့တောင် အာရှ ရေးရာ ဂျာနယ်။ 31, 2, 115-147.

13 Freedom House. (2023) အွန်လိုင်းပေါ်မှ လွတ်လပ်ခွင့်။ 2023 [https://bit.ly/3TjDEu0]. မှ ထုတ်နုတ်ထားသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးဖြစ်ပေါ်ခဲ့သော ကျယ်ပြန့်သော ငြိမ်းချမ်းစွာ လူ့ပ်ရှားမှုနှင့် လက်နက်ကိုင် ခုခံတော်လှန်မှုများကို နိုင်ငံတော် စီမံခန့်ခွဲရေး ကောင်စီ (SAC) ပစ်မှတ် သတ်သတ်မှတ်မှတ်မရှိပဲ အရေးယူမှုများနှင့် အကြမ်းဖက်မှုများဖြင့် တုန့်ပြန်ခဲ့ပြီးနောက် မြောက်များလှစွာသော မြန်မာနိုင်ငံသားများသည် ထိုင်းနိုင်ငံသို့ နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ပြီး ရှိနှင့်ပြီး တစ်သန်းကျော်သော ရွှေ့ပြောင်းလုပ်သားများနှင့် နယ်စပ် စခန်း ကိုးခုတွင်ရှိသည့် တစ်သိန်းခန့်သော ဒုက္ခသည်များနှင့် ပူးပေါင်းခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး လွတ်လပ်ခွင့်များ အခြေအနေအပေါ် စိုးရိမ်ချက်ကြောင့်[13] ထောင်နှင့် ချီသော အတိုက်အခံများနှင့် ၎င်းတို့၏ မိသားစုများကို တိုင်းရင်းသား နယ်စပ်ဒေသများနှင့် ထိုင်းနိုင်ငံသို့ ရောက်လာစေချိန်မှာပင် စစ်တပ်ကို ခုခံတော်လှန်သူများအား ထောက်ခံသည်ဟု ယူဆရသော အရပ်သားများကို စစ်ကောင်စီ၏ စစ်ရေးမဟာဗျူဟာက ပစ်မှတ်ထားလာခြင်းက နောက်ထပ် ထောင်နှင့်ချီသော လူထုများကို ဖယ်ရှားပစ်ခဲ့သည်။ ထိုရွာသားများမှာ သူတို့၏ နိုင်ငံအတွင်းတွင် အိုးအိမ်မဲ့များ ဖြစ်လာခဲ့ကြသည်၊ သို့မဟုတ် ထိုင်းနိုင်ငံတွင် ခိုလှုံခွင့် ဖွေရှာသူများ ဖြစ်လာခဲ့ကြရသည်။

နယ်စည်းမထား မိတ်ဆွေများ အဖွဲ့ (Friends Without Border) ၏ လေ့လာချက်အရ အာဏာသိမ်းပြီး နောက်ပိုင်း ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော လူအုပ်စုအများအပြားတွင် အောက်ပါတို့ ပါဝင်သည်။

၁) ၁၉၅၁ သဘောတူစာချုပ် ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ၊ ထိုသူများကို ဤ အစီရင်ခံစာတွင် "နိုင်ငံရေး ဒုက္ခသည်များ" နှင့် ၎င်းတို့၏ မိသားစုများ ဟု ရည်

ညွှန်းပြီး နယ်စပ်မြို့များ၊ နှင့် မြို့ပြအစပ်ဒေသများ နှင့် ချင်းမိုင်နှင့် ဘန်ကောက် ကဲ့သို့ အချို့သော အတွင်းပိုင်း မြို့များတွင် နေထိုင်ကြသည်။ ဒေသခံ ထိုင်းအစိုးရ အရာရှိနှင့် ဒုက္ခသည် အရပ်ဘက် အဖွဲ့များနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံချက်များအရ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံရေး ဒုက္ခသည်များ၊ အတိုက်အခံများနှင့် ၎င်းတို့၏ မိသားစု စုစုပေါင်း ၅၀,၀၀၀ ခန့်သည် မဲဆောက်နှင့် အနီးတဝိုက်တွင် ပြန့်ကျဲလျက်ရှိကြောင်း ခန့်မှန်းထားသည်။

၂။ ပစ်မှတ် သတ်သတ်မှတ်မှတ်မရှိသော လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများနှင့် မြေပြင်တိုက်ပွဲများ အပါအဝင် အထွေထွေ အကြမ်းဖက်မှုများမှ ထွက်ပြေးလာသော နယ်စပ်ရပ်ရွာများမှ စစ်ပြေး ဒုက္ခသည်များ။ ဤ မိသားစုများမှာ ပုံမှန်အားဖြင့် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခြင်းကြောင့် နောက်တစ်ကြိမ် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးမလာရမီတွင် ပြည်တွင်း အိုးအိမ်မဲ့ ဒုက္ခသည် (IDP)များ အဖြစ် နယ်စပ်မှ ပြန်သွားရန် ဖိအားပေးခံကြရသည်။ လူထု အခြေပြု အဖွဲ့အစည်း (CBO) များနှင့် တွေ့ဆုံမေးမြန်းချက်များနှင့် နယ်စပ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Border Consortium-TBC)[14] ၏ အများသို့ ထုတ်ပြန်ခြင်းမရှိသော တင်ပြချက်များအရ အာဏာသိမ်းပြီးချိန်မှ စ၍ မယ်ဟောင်ဆောင်မှ တာ့က် ခရိုင်အထိ နယ်စပ်တလျောက် နှစ်ဘက်လုံးတွင် အနည်းဆုံး ဒုက္ခသည်/စစ်ရှောင် ၅၀,၀၀၀ ရှိမည်ဟု ခန့်မှန်းရသည်။

၃။ အထွေထွေ အကြမ်းဖက်မှု၊ ကြီးမား ကျယ်ပြန့်သော လူ့အခွင့်အရေး[15] ချိုးဖောက်မှုများနှင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်ခြင်း မရှိသော မြန်မာနိုင်ငံအတွင်းပိုင်းဒေသများနှင့် သက်ရောက်မှုကို သွယ်ဝိုက်ခံရသော နယ်စပ်ဒေသ တစိတ်တပိုင်း[16] မှ ပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုကို ဆိုးရွားစွာ နှောင့်ယှက်သည့် ဖြစ်ရပ်များ ကြောင့် ဖြစ်လာသည့် ဒုက္ခသည်များ။ သူတို့ အသိုင်းအဝိုင်းနှင့် နယ်စပ်ဒေသ ကွာဝေးမှုကြောင့် ထိုသူများသည် ထိုင်းနိုင်ငံသို့ အုပ်စုလိုက် ရောက်လာခြင်း ရှိလေ့မရှိပဲ အုပ်စုငယ်လေးများဖြင့် ပြန့်ကျဲ ရောက်လာတတ်သည်၊ အချို့မှာ လူသယ်ပို့သူများ အကူအညီဖြင့် ခရီးသွားလာခဲ့ကြသည်။ သို့ဖြစ်ရာ သူတို့အနေဖြင့် နေရပ်ရင်းကို ဘေးကင်းစွာ မပြန်နိုင်သော်လည်း ဒုက္ခသည်များဟု သတ်မှတ်ခြင်း မခံရပဲ “ရွှေ့ပြောင်းလုပ်သားများ” အဖြစ်သာ အများအားဖြင့် သတ်မှတ်ခြင်း ခံကြရသည်။

၄။ ခိုလှုံခွင့် တောင်းခံရန် ရည်ရွယ်ချက် မရှိပဲ ထိုင်းနိုင်ငံသို့ အခြားသော ရည်ရွယ်ချက်များ ဥပမာ- ဆေးကုသမှု ခံယူရန် နှင့် မိသားစုနှင့် တွေ့ဆုံရန် သို့မဟုတ် ထိုင်းနိုင်ငံအတွင်း နေထိုင်ပြီး အလုပ်လုပ်ရန် - နယ်စပ်ကို ယာယီ ဖြတ်ကျော် ဝင်ရောက်သော အတိုက်အခံများ။

၅။ နိုင်ငံရေး လွတ်လပ်ခွင့် နှင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ရှာဖွေသူများ နှင့်/သို့ နိုင်ငံရေး အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာခဲ့သော စီးပွားရေး အကြမ်းဖက်မှုမှ ထွက်ပြေးလာသော ရွှေ့ပြောင်းသူများ။ ဤအုပ်စုသည် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်မှုတွင် အခက်အခဲ တွေ့ရှိခဲ့သော်လည်း သူတို့တွင် ပြန်

14. ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် TBCက ထိုင်းလွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီသို့ တင်သွင်းချက်။

15 သတ်မှတ်ချက်များသည် ၁၉၅၁ ခုနှစ် ဒုက္ခသည်ဆိုင်ရာ သဘောတူ စာချုပ် ၏ ဒေသဆိုင်ရာ ဖြည့်စွက်ချက် ဖြစ်သည့် ၁၉၈၄ ခုနှစ် Cartagena ကြေညာချက်၏ ဒုက္ခသည် အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အညီ ဖြစ်သည်။

16 သတ်မှတ်ချက်များသည် ၁၉၅၁ ခုနှစ် ဒုက္ခသည် သဘောတူစာချုပ် ဒေသဆိုင်ရာ ဖြည့်စွက်ချက် ဖြစ်သည့် ၁၉၆၉ ခုနှစ် အာဖရိက ဒုက္ခသည် ပြဿနာများ၏ သီးခြား ရှုထောင်များကို လွှမ်းခြုံသော အာဖရိက ညီညွတ်သော သဘောတူညီချက် အဖွဲ့ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အညီဖြစ်သည်။

စရာ အိမ်ရှိပြီး အိမ်ပြန်ခြင်းအပေါ် သိသာထင်ရှားသော ဘေးအန္တရာယ် မရှိကြောင်း မရှိနိုင်သူများဖြစ်ကြသည်။

## မြန်မာဒုက္ခသည်များ ကာကွယ်ခြင်းနှင့် ပတ်သက်သည့် ထိုင်းနိုင်ငံ၏ မူဝါဒနှင့် ဥပဒေ မူဘောင်

မြန်မာနိုင်ငံ၏ နိုင်ငံရေး အကြပ်အတည်း ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံမှ အတင်းအဓမ္မရွှေ့ပြောင်းမှု ပုံစံ အမျိုးမျိုးအပေါ် ထိုင်းနိုင်ငံ၏ တုန့်ပြန်မှုများမှာ နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒပေါ်တွင်သာမကပဲ အမျိုးသား လုံခြုံရေးဆိုင်ရာ အယူအဆများပေါ်တွင်လည်း အခြေခံသည်။

နိုင်ငံရေး အတိုက်အခံများအား နယ်နှင်ဒါဏ်ပေးခြင်းနှင့် ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် အခြားသော နိုင်ငံခြား အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အမျိုးသား လုံခြုံရေးကို အကြောင်းပြချက် တစ်ခုအဖြစ် အသုံးပြုလေ့ ရှိသည်။ Freedom House ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု အစီရင်ခံစာအရ ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ဒေသတွင်းတည်ငြိမ်မှုကို အာမခံချက်ရှိစေရန် ဟန်ချက်ညီပြီး အပြုသဘောဆောင်သော နှစ်နိုင်ငံနှင့် နိုင်ငံစုံဆက်ဆံရေးကို မြှင့်တင်ရန် ရည်မှန်းချက်ကို အထူးအလေးပေးသောကြောင့် TNR အတွက် အဓိက ဘေးအန္တရာယ်ရှိသည်မှာ ထိုင်းနိုင်ငံ၏ အခြားနိုင်ငံများနှင့် တရားဝင်နှင့် အလွတ်သဘော ပူးပေါင်းဆောင်ရွက်မှု ဖြစ်သည်။ [17]

17 အမျိုးသား လုံခြုံရေး ကောင်စီ ရုံး၊ ဝန်ကြီးချုပ်ရုံး။ “ အမျိုးသား လုံခြုံရေး မူဝါဒ နှင့် အစီအစဉ် (2019-2022) https:// www.nsc.go.th/wp-content/uploads/2020/05/The-National-Security-Policy-and- Plan2019-%E2%80%93-2022.pdf. နိုင်ငံဖြတ်ကျော် ဖိနှိပ်မှုမှ ထုတ်နုတ်သည်။ ထိုင်းနိုင်ငံ ဖြစ်ရပ် လေ့လာမှု။ %E2%80%93-2022.pdf] Cited in Transnational Repression 2022 : Case Study Thailand.

မူဝါဒ၊ အရေးယူဆောင်ရွက်မှုနှင့် လုပ်ထုံးလုပ်နည်း စံများ ရှင်းလင်းစွာ မရှိသည့်အတွက် ဒုက္ခသည်ဆိုင်ရာ တုန့်ပြန်မှုများ နှင့် ပတ်သက်၍ တသမတ်တည်း မဖြစ်သော ဆုံးဖြတ်ချက်များကို ဒေသအတွင်း ချမှတ်ခြင်းဖြစ်သည်။ စစ်ဘေးဒုက္ခသည်များ အများအပြား ဝင်ရောက်မှုတစ်ခုအတွက် မည်သူက ဝင်ရောက်နိုင်သည်၊ မည်သူက အကူအညီများ လက်ခံနိုင်သည်၊ မည်သူက ထွက်ခွာရမည် စသည်တို့ကို ဆုံးဖြတ်ရာတွင် မတူညီသော ဒေသများတွင် မတူညီသော အမိန့်ပေး လမ်းကြောင်း အောက်တွင်ရှိ ဒေသခံ စစ်တပ် ယူနစ်တွင် အခွင့်အာဏာရှိသည်။ ရွှေ့ပြောင်း အလုပ်သမား အသိုင်းအဝိုင်းအကြားတွင် နေထိုင်သော နိုင်ငံရေး ဒုက္ခသည်များအတွက် အမျိုးသား လုံခြုံရေး အတွက် ရည်မှန်းထားသော အမျိုးမျိုးသော အစိုးရ အေဂျင်စီများနှင့် ဒေသခံ ယူနစ်များရှိရာ ယင်းတို့ တစ်ခုချင်းသည် အချိန်အခါအလိုက် မတူညီသော နှင့် ဆန့်ကျင်ဘက် ဖြစ်သော ချဉ်းကပ်မှုများဖြင့် လာကောင်းလာနိုင်သည်။

ထိုင်းနိုင်ငံသည် ၁၉၅၁ ဒုက္ခသည် အနေအထားဆိုင်ရာ သဘောတူစာချုပ် နှင့် ယင်း၏ ၁၉၆၇ နောက်ဆက်တွဲ သဘောတူညီချက်တို့တွင် အဖွဲ့ဝင် နိုင်ငံမဟုတ်ပါ။ “ဒုက္ခသည်” ဟူသော အသုံးအနှုန်းကို မကြာသေးခင်ကအထိ ထိုင်းလုံခြုံရေး အဖွဲ့အစည်းများက ပုံ

မှန်အားဖြင့် ငြင်းဆိုလေ့ သို့မဟုတ် ရှောင်ရှားလေ့ရှိသည်။ တရားဝင် စာရွက်စာတမ်းများတွင် ဒုက္ခသည်များကို “စစ်ရေး ပဋိပက္ခများမှ ထွက်ပြေးလာသည့် အိုးအိမ်မဲ့ ပြည်သူများ” သို့မဟုတ် “လူထု မတည်ငြိမ်မှုများကြောင့် ထွက်ပြေးလာသူများ” ဟု ရည်ညွှန်းဖော်ပြလေ့ရှိသည်။ ၁၉၈၀-၉၀ ခုနှစ်များက နိုင်ငံရေး ဒုက္ခသည်များအား မြန်မာ ‘ကျောင်းသားများ’ ဟု ပင် ခေါ်ဆိုကြသည်။ ‘ဒုက္ခသည်’ ဟူသော အသုံးအနှုန်းမှာ လက်ရှိ ရွေးချယ်တင်မြှောက်ထားသော ရွေးကောက်ခံ ပါလီမာန်တွင်သာ လူသိရှင်ကြား အသုံးပြုလာခဲ့သည်။

နှစ်နိုင်ငံအကြား မြန်မာနိုင်ငံနှင့် ကီလို မီတာ ၂၀၀၀ ကျော် ရှည်လျားသော နယ်စပ်ထိစပ်လျက်ရှိရာ ထိုင်းအစိုးရများသည် မြန်မာဒုက္ခသည်များနှင့် အတိုက်အခံများ၏ ကိစ္စရပ်များကို သိုသိုသိပ်သိပ် ထိန်းသိမ်းရန် ကြိုးစားသည်။ အချိန်များစွာမှာပင်ထိုကဲ့သို့ မူဝါဒများသည် နှိပ်စက်ညှဉ်းပမ်းမှုမှ ထွက်ပြေးလာသူများအား အကာအကွယ်ပေးရန်ထိုနိုင်ငံ၏ နိုင်ငံတကာ ကတိကဝတ်များကို ပျက်ပြားစေပြီး တစ်ခါတစ်ရံတွင် “ဘေးအန္တရာယ်ရှိသော နိုင်ငံသို့ ဒုက္ခသည်များအား ပြန်မပို့ရေး” နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေကို ချိုးဖောက်မှု ဖြစ်စေသည်။

နှစ်ပေါင်း ၄၀ နီးပါးအကြာက တည်ထောင်ခဲ့သော နယ်စပ် စခန်း ကိုးခုတွင်ရှိ ဒုက္ခသည်များကို တရားမဝင် ဝင်ရောက်လာသူများဟု သတ်မှတ်ပြီး သတ်မှတ်ထားသော နေရာများတွင်သာ ယာယီ နေထိုင်ရန် ခွင့်ပြုထားချိန်တွင် အသစ်ရောက်လာသူများကို လိုလားမှု ပို၍နည်းပါးပေသည်။  ကြိုဆိုမှုမှာ ပိုမို အားနည်းပေသည်။ ၂၀၁၅ ခုနှစ်က ပြုလုပ်ခဲ့သော စခန်း လူဦးရေ စီစစ်မှုနောက်ပိုင်းတွင် ထိုင်းနိုင်ငံသည် နောက်ထပ် အသစ်လာသူများ မရှိစေရန်နှင့် “ယာယီခိုလှုံရာ နေရာများ”ဟု ခေါ်ဆိုသော စခန်းများကို ဖြစ်နိုင်သမျှ အမြန်ဆုံးပိတ်သိမ်းရန် အစီအစဉ်တွင်သာ တွယ်ကပ်နေခဲ့သည်။ စစ်အာဏာသိမ်းမှု နောက်ပိုင်းအသစ် ဝင်ရောက်မှုများအားလုံးကို ယာယီ ပုံစံဖြင့်သာ ပိုမို၍ စီစဉ်ခဲ့သည်။  ဒုက္ခသည်များသည် “ယာယီ လုံခြုံသော ဧရိယာများ -TSA” တွင်သာ အကန့်အသတ်ရှိသော အကူအညီဖြင့် နေထိုင်ကြရပြီး သက်ဆိုင်ရာ တိုက်ခိုက်မှု (ယာယီ) ရပ်တန့်သွားပြီဟု ထိုင်းအာဏာပိုင်များက ယူဆသည်နှင့် နယ်စပ်ကို ဖြတ်ပြန်ရန် ဖိအားပေးခံရသည်။ ထိုသို့လုပ်ဆောင်မှုသည် နယ်စပ် ကျေးရွာများတွင် နေထိုင်နေခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားများနှင့် အတူ ထွက်ပြေးလာသော နိုင်ငံရေး ဒုက္ခသည်များသည် နယ်စပ်တဘက်တွင် စောင့်ဆိုင်းနေမည့် အာဏာပိုင်များ၏ သီးသန့်ပစ်မှတ်ဖြစ်လာနိုင်သည်ကို စိုးရိမ်သောကြောင့် TSA များမှ ပိုက်ဆံပေးကာ ထွက်ခွာကြပြီး အနီးအနား ဧရိယာများတွင် ပြန့်နှံ့နေထိုင်ကြရသည်။

၁၉၈၀ နောက်ပိုင်းများမှ ၂၀၀၀ ခုနှစ် အစောပိုင်းကာလများအတွင်း ရောက်ရှိလာခဲ့သော မြန်မာနိုင်ငံရေး ဒုက္ခသည်များအပေါ် ဆက်ဆံမှုနှင့် မတူပဲ အခြားနိုင်ငံများမှဝင်ရောက်လာသောသူများ အများစုမှာ ၂၀၂၁ ခု စစ်အာဏာသိမ်းပြီး အသစ်ရောက်လာသည့် မြန်မာနိုင်ငံသား ဖြစ်ကြသူများမှာ အလွန်အရေးကြီးသော လူပုဂ္ဂိုလ် (VIP) မဟုတ်ပါက ထိုသူများကို

ထိုင်းအစိုးရသည် ပုံမှန်မဟုတ်သော အခြား ရွှေ့ပြောင်းသူများကဲ့သို့ပင် ဆက်ဆံသည်။ ယခုအချိန်အထိ ထိုင်းအစိုးရများသည် ဤအခြေအနေများနှင့် ပတ်သက်ပြီး မည်သို့ ကိုင်တွယ်ရမည်ကို တရားဝင် လုပ်ငန်းစဉ် တစ်စုံတစ်ရာကို ထုတ်ပြန်ထားခြင်း မရှိသေးပါ။ ထိုသူများကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး UNHCR တွင် ကိုယ်တိုင် သတင်းပို့ပြီး ကာကွယ်စောင့်ရှောက်မှုအတွက် လျှောက်ထားရန် ဒေသခံ အဖွဲ့အစည်းများ က အကြံပြုကြသော်လည်း စီစစ်ခြင်း စာရင်းသွင်းခြင်း လုပ်ငန်းစဉ် ရှိမနေပဲ ထိုင်းနိုင်ငံ တွင် နေထိုင်နေစဉ်အတွင်း ထိုသူများ အကာအကွယ်ရရှိရန် ရည်ရွယ်ချက်အတွက် UNHCR က ID များ ထုတ်ပေးခြင်းလည်း မရှိပါ။ တတိယနိုင်ငံတွင် အခြေချရန် အမှန် တကယ် “လိုအပ်သော” သူများကိုသာ စီစစ်မှုပြုရန် လုပ်ထုံးလုပ်နည်းများသာ ရှိသေး သည်။[18] သို့ဖြစ်ရာ တရားဝင် လမ်းကြောင်းများမှ ဝင်ရောက်လာခြင်းမရှိသော နိုင်ငံရေး ဒုက္ခသည်များမှာ အကူအညီများ ရရှိရန် ခက်ခဲလျက် ကိုယ်တိုင် ရုန်းကန်ကြရသည်။ အများစုမှာ မတူညီသော ကာကွယ်မှု အမျိုးအစားများအတွက် ငွေကြေး “ပေး” ကြရ သည်။ ယင်းတို့သည် ဥပဒေနှင့် ညီညွတ်သော တရားဝင် ပေးချေမှုမျိုး တစ်ခုမျှ မဟုတ်ပေ။

မိမိသဘောဆန္ဒကို ဆန့်ကျင်လျက် အန္တရာယ်ရှိသော နေရာသို့ ပြန်ပို့ခြင်းခံရနိုင်မှုအပေါ် အကာအကွယ် လိုအပ်သူများအား ခွဲခြား သတ်မှတ်ရန် ယန္တရား ချို့တဲ့နေခြင်းသည် အစဉ် အမြဲ စိန်ခေါ်မှု ဖြစ်နေခဲ့သည်။ မကြာမီနှစ်များအတွင်း ဒုက္ခသည်များအား ကာကွယ်ခြင်း အတွက် နည်းလမ်းသစ်များ ပေါ်ထွက်ခဲ့သည်။ ယင်းတို့တွင် ဝန်ကြီးချုပ် ရုံး၏ လုပ်ငန်းစဉ် များအောက်ရှိ ဘုရင့်နိုင်ငံတော်သို့ ဝင်ရောက်လာပြီး မူရင်း နိုင်ငံသို့ မပြန်နိုင်သည့် နိုင်ငံခြားသားများအား စီစစ်ခြင်း (၂၀၁၉ ခုနှစ်) အမျိုးသား စီစစ်ရေး ယန္တရား (NSM)နှင့် တရားမဝင် အဓမ္မ ပျောက်ဆုံးမှုနှင့် နှိပ်စက်ညှဉ်းပမ်းမှု ဘေးအန္တရာယ် အခိုင်အမာ ရှိနေ သော နိုင်ငံတစ်ခုသို့ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား ပို့ဆောင်ခြင်းကို ကြေညာထား သော နှိပ်စက်ညှဉ်းပမ်းမှုနှင့် အဓမ္မ ပျောက်ဆုံးမှု တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေး အက်ဥပဒေ တို့ ပါဝင်သည်။ သို့ရာတွင် ပထမ တစ်ခု၏ အသေးစိတ် အချက်အလက်နှင့် ဒုတိယ တစ်ခု၏ တရားဝင် ကျင့်သုံးမှုတို့မှာ မေးခွန်းထုတ်စရာများ ရှိနေဆဲ ဖြစ်သည်။[19]


B.E. 2560 (၂၀၁၇) ခုနှစ် ရွှေ့ပြောင်းအလုပ်သမားများ၏ စီမံခန့်ခွဲမှုနှင့် အလုပ်အကိုင် ဆိုင်ရာ တော်ဝင်အမိန့်အား ၂၀၁၈ ပြင်ဆင်ချက်အရ ထိုင်းနိုင်ငံတွင် အိမ်နီးချင်း နိုင်ငံများ မှ အထောက်အထား ရှိသော ရွှေ့ပြောင်း အလုပ်သမား အမျိုးအစား သုံးမျိုး ရှိသည်။ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ် ဝန်ကြီးများ အစည်းအဝေး ဆုံးဖြတ်ချက် အရ နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့် ရှိသူများ၊ ထိုင်း-မြန်မာ အစိုးရများ၏ နှစ်ဦးနှစ်ဘက် နားလည်မှု စာချွန် လွှာအောက်တွင် အလုပ်ခန့်ထားသော သူများနှင့် သက်ဆိုင်ရာ တော်ဝင်အမိန့်ပုဒ်မအောက် တွင် အထူးသဖြင့် နယ်စပ်ဒေသများတွင် အလုပ်ခန့်ထားသော သူများ တို့ ပါဝင်သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၅ ရက်နှင့် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၅ ရက် အစိုးရ ဆုံးဖြတ်ချက်အရ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ထိုင်းအစိုးရသည် တရားမဝင် အလုပ်သမားများအား စနစ်အတွင်းသို့ ဝင်ရောက်နိုင်ရန် နှစ်ကြိမ် လမ်းကြောင်း ဖွင့်ပေးခဲ့သည်။ ၂၀၂၂-၂၀၂၃


18 နိုင်ငံခြား သံရုံး ဝန်ထမ်းနှင့် UNHCR ကွင်းဆင်းရုံး ဝန်ထမ်း အဖွဲ့ဝင်နှင့် အင်တာဗျူး။

19. International Commission of Jurists. (2023). ထိုင်းနိုင်ငံ။ နှိပ်စက်ညှဉ်းပမ်းခြင်းနှင့် အတင်းအဓမ္မ ပျောက်ဆုံးမှုကို ဖြေရှင်းရန် ဥပဒေသည် အမှန်တရားအတွက် အရေးကြီးသော ခြေလှမ်း ဖြစ်သော်လည်း ယင်းအား အပြည့်အဝ ကျင့်သုံးမှုသည် အရေးကြီးသည်။ [https://bit.ly/4cbmi-YS].

အတွင်း ဒုက္ခသည် အများစုနှင့် အတိုက်အခံများသည် သူတို့အနေဖြင့် တတိယ နိုင်ငံတွင် အခြေချ နေထိုင်နိုင်မည် သို့မဟုတ် နိုင်ငံသို့ အချိန်တိုအတွင်း ပြန်နိုင်မည်ဟူသော ယုံကြည်ချက်တို့ကြောင့် ပွဲစားများမှ တဆင့် လုပ်ဆောင်ရသော ကုန်ကျစားရိတ်များ ကြီးမြင့်နေချိန်တွင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် တရားဝင် လျှောက်ထားရန် တွန့်ဆုတ်နေခဲ့ကြသည်။

အချုပ်အား ဖြင့် ဆိုရသော် ထိုင်းနိုင်ငံသို့ အာဏာသိမ်းပြီးနောက်ပိုင်း ရောက်ရှိလာကြသော မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံ အများစုမှာ အထောက်အထားမဲ့ ရွှေ့ပြောင်းသူများအဖြစ် နေထိုင်နေကြသည်။ တရားဝင်မှု အနေအထား ရှိမနေခြင်းသည် လူများအား ချိုးဖောက်ခြင်း၊ ခွဲခြား ဆက်ဆံခြင်း နှင့် နိုင်ငံ ဖြတ်ကျော် ဖိနှိပ်မှု အပါအဝင် ဖိနှိပ်ခြင်း အမျိုးအစား အားလုံး ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်ရှိသော လူများ ဖြစ်စေရန် အဓိက အကြောင်းရင်း ဖြစ်ပေသည်။


The 35 th Ranger Special Unit
Mae Pa police Kiosk
Mae Sot International Hos
Mae Sot City Municipality Office
Mae Sot Po
Mae S
Mae S
Mae Sot Hosp
Thai-Myanmar Friendship Bridge (No.2)
Mae Tao Clinic
Baan Ta Ard Ranger Company
Border Patrol Police Company 346
Mae Sot-Ram Hospital (private)
Chularat Mae Sot Hospital (private)
Mae Sot International Airport
UNHCR
Thai-Myanmar Friendship Bridge (No.1)
Tak Immigration Office




- https://maps.app.goo.gl/RVBZwvxkb5NiFsHT6?g_st=ic
- https://maps.app.goo.gl/Lhef2hwZsfF8uKcJ8?g_st=ic
- https://maps.app.goo.gl/K3PUjvPGhS6dNg2F6?g_st=ic
- https://maps.app.goo.gl/tS1tYTN36EA5EyuG7?g_st=ic
- https://maps.app.goo.gl/vTRWzhux5HutLirRA?g_st=ic
- https://maps.app.goo.gl/8sNGzUASiLGPzJFa6?g_st=ic
- https://maps.app.goo.gl/HPNHXSnfGaDyhdty7?g_st=ic
- https://maps.app.goo.gl/59JoYCPCHzW1KLVx8?g_st=ic
- https://maps.app.goo.gl/n7u3xDECTqKvT2U66?g_st=ic
- https://maps.app.goo.gl/L7b7Wm1weuTMMRAS9?g_st=ic
- https://maps.app.goo.gl/QP35jUef4dcPvCUq9?g_st=ic
- https://maps.app.goo.gl/LFXg2SEDD4BKRbhb6
- https://maps.app.goo.gl/rUCCFMBzWxWTUgaB7?g_st=ic
- https://maps.app.goo.gl/7Qxr8d7VHvv2XLKQ8?g_st=ic
- https://maps.app.goo.gl/5vTNTHmAzZFRAUga9?g_st=ic
- https://maps.app.goo.gl/C7s5xeoGNZbpoUeD9?g_st=ic
- https://maps.app.goo.gl/pPJFCg9BYLE3vdTBA?g_st=ic
- https://maps.app.goo.gl/9RjTKTf71zo2sQgw7?g_st=ic
- https://maps.app.goo.gl/YyoLfKFX3eXiUNNN9?g_st=ic
- https://maps.app.goo.gl/NB7GKsbCL9rNQHup9
- https://maps.app.goo.gl/9WU4TTpUrE9dtMzg8

## မဲဆောက်။ ပါဝါ အပြောင်းအလဲ လှုပ်ရှားမှု နှင့် အဝေးရောက် မြန်မာများ

မဲဆောက်သည် ထိုင်း-မြန်မာနယ်စပ်ပေါ်တွင် တည်ရှိသော နယ်စပ်မြို့ဖြစ်သည်။ ဒေသခံများ၏ ပြောဆိုချက်အရ လွန်ခဲ့သည့် နှစ်ပေါင်း ခုနှစ်ဆယ်က ယင်းသည် မူရင်းအားဖြင့် ထိုင်းနှင့် မွတ်ဆလင် ကုန်သည်အနည်းငယ်ရှိသော တိုင်းရင်းသား ကရင် မြို့ကလေး ဖြစ်သည်။ ၂၀၀၀ ခုနှစ်တွင် ယင်း၏ မြို့ဆင်ခြေဖုံးတွင် တည်ထောင်ထားခဲ့သော ပထမဆုံး ဒုက္ခသည်စခန်းကို နယ်မြေချင်း စပ်နေသော တောင်ပိုင်း ခရိုင်တစ်ခုသို့ ရွှေ့ပြောင်းခဲ့သည်။ လက်ရှိတွင် မဲဆောက်၏ တောင်ဘက်နှင့် မြောက်ဘက်ရှိ ခရိုင်များတွင် ဒုက္ခသည် စခန်းများ ရှိသော်လည်း မြို့ကိုယ်၌ကမူ စက်မှု၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား အများအပြားဖြင့် ပိုမို ကြီးမားသော စီးပွားရေး ဇုန်အဖြစ် တိုးချဲ့ ဖွံ့ဖြိုးလာနေသော နယ်စပ်ကုန်သွယ်ရေး စင်တာလေး ဖြစ်သည်။

မြို့နှင့် မြို့ဆင်ခြေဖုံးဒေသများတွင် စက်ရုံများနှင့် နယ်စပ်မျဉ်းအဖြစ် သတ်မှတ်ထားသော သောင်ရင်းမြစ်တလျှောက် ကုန်သွယ်ရေး ဂိတ်များ ရှိရုံသာမက နယ်စပ်ဒေသရှိ ဒုက္ခသည်များ၊ ရွှေ့ပြောင်း အလုပ်သမားများနှင့် တိုင်းရင်းသား လူထုများနှင့် အလုပ်လုပ်ကိုင်နေကြသော အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူထုလူမှု အဖွဲ့အစည်း (CSO) များ နှင့် (CBO)များ၏ ရုံးများ အများအပြားလည်း ရှိသည်။ အမျိုးသား လုံခြုံရေး အရေးပါမှု နှင့်အတူ မြို့အတွင်းတွင် စေတနာ့ဝန်ထမ်း ကာကွယ်ရေး တပ်ဖွဲ့၊ ခြေလျင်တပ် ဌာနနှင့် နယ်ခြားစောင့် အထူးယူနစ်တစ်ခု၊ လူဝင်မှု ကြီးကြပ်ရေး ရုံး၊ နယ်ခြားစောင့် တပ်ဖွဲ့ တပ်ခွဲတစ်ခု၊ နယ်ခြားကင်းလှည့် ရဲ တပ်ခွဲ တစ်ခွဲတို့ အပါအဝင် အစိုးရ လုံခြုံရေး အဖွဲ့အစည်း၏ ရုံးအများအပြားလည်း ရှိသည်။

ဆယ်စုနှစ်ပေါင်းများစွာ ကုန်သွယ်ရေးနှင့် စည်းရုံး လှုပ်ရှားမှု စင်တာဖြစ်လာခဲ့သည့် မဲဆောက်သည် ယခုအခါ ထိုင်းကုန်သည် မျိုးဆက်များ၊ နှင့် ထိုင်းနိုင်ငံသားများ ဖြစ်နေပြီဖြစ်သော ဒေသခံ တိုင်းရင်းသား ပြည်သူများသာမက ထိုင်းနိုင်ငံတွင် ယခုအခါ တရားဝင်မှု အနေအထား ပုံစံများကို ရရှိထားပြီးဖြစ်သော မြန်မာနိုင်ငံမှ တိုင်းရင်းသား ရွှေ့ပြောင်းသူများ၏ ဒုတိယနှင့် တတိယ မျိုးဆက်များသာမက မြန်မာ အတိုက်အခံများ၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အလုပ်သမားများ၊ နိုင်ငံခြား NGO နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် အထူးသဖြင့် တရုတ်လူမျိုးဖြစ်သော ရင်းနှီးမြှုပ်နှံသူများ နေထိုင်ကြသည်။

ရွှေ့ပြောင်းလုပ်သား စာသင်ကျောင်း ၅၀ နီးပါး၊ နှင့် ရွှေ့ပြောင်းလုပ်သား ကျန်းမာရေး စင်တာ (ဆေးခန်း) တစ်ခု ရှိသည်။[20] ယင်းတို့ကို အဝေးရောက် မြန်မာအသိုင်းအဝိုင်း

20 မယ်တော် ဆေးခန်း၊ လူသားချင်း စာနာမှုဆိုင်ရာ အလုပ်များအတွက် နိုင်ငံတကာ ဆုအများအပြား ချီးမြှင့်ခံထားရသည့် ကရင် တိုင်းရင်းသူ ဆေးဖက်ဆိုင်ရာ ဆရာဝန်တစ်ဦး ဖြစ်သည့် ဒေါက်တာ စင်သီယာမောင်က တည်ထောင် လည်ပတ်သည်။

က အစပျိုးလုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာဘာသာဖြင့် ရေးသားထားသော ဆိုင်းဘုတ်များ ပိုစတာများ ဖြင့် မြန်မာ ဖောက်သည်များကို ပစ်မှတ်ထားသော ဆေးခန်းနှင့် ဆေးရုံအများအပြားလည်း ရှိသည်။ နိုင်ငံတကာ ပညာရေး အစီအစဉ်များနှင့် ဒေသခံများနှင့် အခြား လူမျိုးများအတွက် တရုတ်နှင့် အင်္ဂလိပ် ဘာသာပြန်များ ရှိသည့် ပုဂ္ဂလိက ဆေးရုံ တစ်ခုလည်း ရှိသည်။

မြန်မာဘက်ခြမ်းတွင် အမှာပူး နယ်စပ်မြို့ဖြစ်သော မြဝတီမြို့သည်လည်း သူ့နည်းသူ့လမ်းဖြင့် တိုးတက်လျက်ရှိခဲ့သည်။ မြဝတီမြို့နယ်သည် ကရင်ပြည်နယ် ကော့ကရိတ်နှင့် ဖားအံ ခရိုင်များနှင့် ဆက်စပ်လျက်ရှိပြီး ထိုနယ်မြေများတွင် လက်နက်ကိုင် အဖွဲ့အစည်း အများအပြား လှုပ်ရှားလျက်ရှိသည်။ ယင်းတို့တွင် နိုင်ငံတော် စီမံခန့်ခွဲရေးကောင်စီ၏ တပ်မတော်ကိုယ်တိုင်နှင့် နယ်ခြားစောင့်တပ်ဖွဲ့ (BGF)၊ ဒီမိုကရက်တစ် ဗုဒ္ဓဘာသာ ကရင် တပ်မတော် (DKBA)၊ KNU/KNLA ငြိမ်းချမ်းရေး ကောင်စီ (KNU/KNLA-PC)၊ ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNU-KNLA)၊ ကရင် အမျိုးသား ကာကွယ်ရေး အဖွဲ့ (KNU-KNDO)၊ တို့မှ တပ်ဖွဲ့ အမျိုးမျိုး ပါဝင်သည်။ အာဏာသိမ်းပြီးနောက်တွင် ကော်သူးလေ တပ်မတော် (KTLA)၊ နှင့် တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များနှင့် မဟာမိတ်ဖြစ်ပြီး အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ၏ ကာကွယ်ရေး ဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ တပ်မတော် ဖြစ်သော ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (PDF) တို့လည်း ထပ်မံ တိုးပွားလာခဲ့သည်။ ဤနေရာတွင် မှတ်သားထားသင့်သည်မှာ BGF၊ DKBA နှင့် KNU/KNLA-PC တို့မှာ မြန်မာ စစ်တပ်၏ မဟာမိတ်များ အဖြစ် သိရှိထားကြပြီး SAC ကို ပြင်းပြင်းထန်ထန် တော်လှန်တိုက်ခိုက်လျက်ရှိသော တပ်မဟာ အများအပြားပါဝင်သည့် KNLA နှင့် KNDO တို့မှာ ကရင့်အမျိုးသား အစည်းအရုံး KNU ၏ အောက်တွင် ရှိသော်လည်း စစ်တပ်တစ်ခု၏ အခြေခံ ယူနစ်တစ်ခုချင်းသည် သူတို့၏ ကိုယ်ပိုင် မူဝါဒ အပေါ်တွင် ရပ်တည်နိုင်သည်၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ယှဉ်ပြိုင်ဘက်များ ဖြစ်နိုင်သည်၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့လည်း ကူညီပံ့ပိုးမှု လုပ်ချင်မှ လုပ်မည်ဖြစ်သည်။

သမိုင်းကြောင်း ရှည်ကြာစွာရှိခဲ့သော ရွှေ့ပြောင်းမှု နှင့် ပြည်သူများအကြား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆက်ဆံရေးများသည် အာဏာသိမ်းမှု မတိုင်ပင် ကပင်ရှိခဲ့ပြီး အတိုက်အခံများနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ SAC မဟာမိတ်များ၏ အဖွဲ့ဝင်များ နှင့် မိသားစုများမှာ မဲဆောက်တွင် ပုံမှန် ထွက်ပေါ်နေသည် နှင့်/သို့ နေအိမ်များ ရှိကြပြီး မြို့မှာ စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုများ၏ အခြေပြုနေရာ၊ ဘက်ပေါင်းစုံ၏ ထောက်လှမ်းရေး လုပ်ငန်းများ၊ နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ထိုင်းနှင့် နိုင်ငံခြား သက်ဆိုင်သူများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ရှိမည်ဟူသည့် မျှော်မှန်းထားချက်ထက် မပိုပေ။

*************



# ၂။ သုတေသန အကြောင်း



နယ်စပ်အသံ သုတေသန စီမံကိန်းမှာ TNR ဖြစ်ရပ်များကို အရေအတွက်အရ မှတ်တမ်းတင်ရန် ရည်ရွယ်ခြင်း မရှိပါ။ ပဏာမ အစီရင်ခံစာကို TNR-ဆိုင်ရာ ဖြစ်ရပ် ပုံစံများနှင့် မဲဆောက်ရှိ အဝေးရောက်မြန်မာ အသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများ၊ အဝေးရောက်များ၏ ထိရှလွယ်မှု အနေအထားများနှင့် TNR အပေါ် သိနားလည်မှု၊ သူတို့၏ ကာကွယ်မှုနှင့် တုန့်ပြန်မှု မဟာဗျူဟာများ နှင့် ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ ဘာတွေ လုပ်ထားသင့်သည်နှင့် ပတ်သက်၍ သူတို့၏ အသံများကို တင်ပြရန် ဒီဇိုင်းပြုလုပ်ထားသည်။ လုပ်ငန်းစဉ် တစ်လျောက်လုံးတွင် ပူးပေါင်းပါဝင်မှု သဘာဝ ရှိသော သုတေသနသည် မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံများ ဖြစ်ကြသော ပါဝင်သူအားလုံးအား စိတ်ခါတ်မြှင့်တင်ရန် ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ထားသည်။

## ပူးပေါင်းပါဝင်မှု သုတေသန

ပူးပေါင်း ပါဝင်သော သုတေသန၏ အခြေခံမူမှာ သုတေသနလုပ်ခံရသော ပုဂ္ဂိုလ်များသည် လုပ်ငန်းစဉ်အတွင်းတွင် လုပ်ဖော်ကိုင်ဖက်များ အဖြစ် ပါဝင်ကြပြီး သူတို့၏ အသိပညာဗဟုသုတနှင့် စွမ်းဆောင်ရည်များကို လေးစား တန်ဖိုးထားသည်။ တနည်းအားဖြင့် ဆိုသော် သုတေသီများသည် ချောမွေ့အဆင်ပြေအောင် လုပ်ဆောင်သူများ ဖြစ်ပြီး သုတေသန လုပ်ခံရသော သူများမှာ ရုပ်ဝတ္ထုများ၊ သတင်းအချက်အလက်ပေးသူများ သို့မဟုတ် အင်တာဗျူး ဖြေဆိုသူများအဖြစ်သာ မက ပါဝင်သူများအဖြစ်လည်း ဆက်ဆံသည်။ လုပ်ငန်းစဉ်မှာ “သူတို့၏ ကိုယ်ပိုင် အခြေအနေနှင့် ပြဿနာများကို ဖော်ထုတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် သူတို့၏ အမြင်များကို ဆက်သွယ်ပြောကြားပြီး သူတို့၏ အသိပညာ ဗဟုသုတများကို ဖော်ပြ” နိုင်စေရန် လူထု အဖွဲ့ဝင်များကို ပံ့ပိုးကူညီရန် ဒေသခံ-ကျွမ်းကျင်သူ ပါဝါ ဆက်ဆံရေးကို ပြောင်းလဲစေရန် ဒီဇိုင်းပြုလုပ်ထားသည်။[21] ပူးပေါင်းပါဝင်မှု သုတေသနအဖွဲ့တွင် ပါဝင်သူများမှာ သုတေသနလုပ်ငန်းကို ပညာရပ်အဖြစ် လေ့ကျင့် သင်ကြားထားရန် မလိုအပ်ပဲ “သုတေသန၏ ပစ်မှတ်အဖြစ်ထားရှိသူများ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သူများ ဖြစ်ရန် သို့မဟုတ် ကိုယ်စားပြုရန်”[22] လိုအပ်သည်။

21 ပူးပေါင်းပါဝင်မှု သုတေသနာ အစုအဖွဲ့။ Institute of Development Studies. Research and Analyse. [https://bit.ly/3IDXY4o] မှ ထုတ်နုတ်သည်။

22 Vaughn, L.M. And Jacquez, F. (2020) ပူးပေါင်းပါဝင်မှု သုတေသန နည်းနာများ။ သုတေသန လုပ်ငန်းစဉ်တွင် ရွေးချယ်စရာ အချက်များ။ ပူးပေါင်းပါဝင်မှု သုတေသနာ နည်းလမ်း ဂျာနယ်။ Vol.1, Issue 1, 2020. [https://bit.ly/3PoVGd6] မှ ထုတ်နုတ်သည်။

နယ်စပ် အသံ သုတေသန အဖွဲ့ကို ၂၀၂၃ ခုနှစ် ဇွန်လတွင် နောက်ခံသမိုင်းကြောင်း၊ အသက်၊ နှင့် ကျားမအခြေအနေ မတူကွဲပြားကြသော ထိုင်းနိုင်ငံသား သုံးဦး၊ မြန်မာ ရွှေ့ပြောင်းသူ တစ်ဦး၊ နှင့် မြန်မာ နိုင်ငံရေး ဒုက္ခသည် ငါးဦးတို့နှင့် ဖွဲ့စည်းထားသည်။ အခြား အဖွဲ့ဝင်များနှင့် သုတေသနတွင် ပူးပေါင်းပါဝင်သူများ၏ လုံခြုံရေး အာမခံ ချက်ရှိစေရန် မြန်မာ အဖွဲ့ဝင် တစ်ဦးချင်းသည် နောက်ခံ သမိုင်းကြောင်း စီစစ်မှုကို အောင်မြင်ခဲ့ပြီး ဖြစ်သည်။

အဖွဲ့သည် "နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု" ဟူသော ဝေါဟာရကို တူညီသော နားလည်မှုရရှိ အောင် လုပ်ဆောင်ထားခဲ့ပြီး မြန်မာ၊ ကရင်နှင့် ထိုင်း စသော သက်ဆိုင်ရာ ဘာသာစကား များတွင် TNR ကို မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုမည်ကို ဆွေးနွေးတိုင်ပင်ခဲ့ပြီးဖြစ်သည်။ အဖွဲ့အတွက် ဒစ်ဂျစ်တယ် လုံခြုံရေးသင်တန်းကို စီစဉ်ထားခဲ့ပြီး လမ်းညွှန် စည်းကမ်း များကို ချမှတ်ထားပြီးဖြစ်သည်။ ပါဝင်သူများနှင့်တွေ့ဆုံခြင်းအတွက် ခေါင်းစဉ်များ သတ်မှတ်ခြင်း၊ လမ်းညွှန်မေးခွန်းများ သတ်မှတ်ခြင်း၊ မတူကွဲပြားသော သုတေသန ပါဝင်သူများပါဝင်လာစေရန် မည်သို့ လုပ်ဆောင်မည် နှင့် သူတို့၏ သဘောတူညီချက် များကို မည်သို့ ရယူမည် နှင့် လုံခြုံရေးဆိုင်ရာ လိုက်နာရမည့် အချက်များကို ဒီဇိုင်း ရေးရာတွင် အားလုံးပါဝင် ခဲ့ကြသည်။ ပါဝင်သူများ၏ အခြေအနေ တစ်စုံလုံးကို နားလည်ရန်နှင့် TNR ခေါင်းစဉ်များကိုသာ အာရုံစိုက်ခြင်းထက် လူများ ပြောဆိုလို သည်များကို နားထောင်ရန် လိုအပ်ကြောင်း အဖွဲ့အတွင်း သဘောတူခဲ့ကြသည်။ အလုပ်တွင် သုံးစွဲမည့် ဘာသာစကားမှာ မြန်မာ၊ အင်္ဂလိပ်နှင့် ထိုင်း တို့ ဖြစ်သည်။ သို့ ဖြစ်ရာ ပြောဆိုမှုများနှင့် ရေးဆွဲထားသော လမ်းညွှန်ချက်များကို အပြန်အလှန် နားလည်မှု ရသည်အထိ အသွားအပြန် ဘာသာပြန်ကြရသည်။

အပြီး မသတ်မီတွင် နည်းလမ်းများကို နယ်စပ် အသံ အဖွဲ့ဝင်များအတွင်း အချင်းချင်း အကြား စမ်းသပ်ခဲ့သည်။ မဲဆောက်တွင် မြန်မာအဖွဲ့ အဖွဲ့ဝင် ငါးဦးက ပါဝင်သူ ၂၇ ဦး နှင့် နက်နက်ရှိုင်းရှိုင်း အတွင်းကျကျ တွေ့ဆုံစကားပြောခြင်းများ လုပ်ဆောင်ခဲ့သည်။ လုံခြုံရေး အခြေအနေအရ အုပ်စုလိုက် သို့မဟုတ် ရွေးချယ်ထားသော အုပ်စုများနှင့် တွေ့ဆုံမှုများ အစား လူပုဂ္ဂိုလ် တစ်ဦးချင်း ပုဂ္ဂလိက တွေ့ဆုံမှုများကို လုပ်ဆောင်ရန် ရွေးချယ်ခဲ့သည်။ သုတေသန အဖွဲ့၏ ကွန်ရက်က အကြံပြုသူများနှင့် ပါဝင်သူများမှ ထပ်ဆင့် ညွှန်းဆိုသူများ (နှင်းဘောလုံး နမူနာ) ကို အသုံးပြုခဲ့ကြသည်။ ရွေးချယ် မှုသည် နောက်ခံသမိုင်းကြောင်းနှင့် ကျားမ မတူကွဲပြားမှုနှင့် လူ့အခွင့်အရေး ချိုး ဖောက်မှုနှင့် TNR ကို ကြုံတွေ့နိုင်ချေရှိသူများကို အခြေခံ သည်။ ပါဝင်သူ အားလုံးကို ယုံကြည်မှု ရှိစေရန်နှင့် အချက်အလက်များ ပြည့်စုံစေရန် ၂ ကြိမ်မှ ၄ ကြိမ်အထိ တွေ့ဆုံသည်။ နည်းလမ်းမှာ လမ်းညွှန်ချက် အကြမ်းမျှ ဖြစ်ရာ မြန်မာသုတေသန အဖွဲ့ ဝင် တစ်ဦးချင်းတွင် ပါဝင်သူကို လိုက်၍ ထိန်းညှိရန် လွတ်လပ်ခွင့်ရှိသည်။ ပါဝင်သူ သည်လည်း သူ သို့မဟုတ် သူမ ကြိုက်နှစ်သက်ရာကို ဝေမျှရန် နှင့် စဉ်းစားချက်များကို ဖလှယ်ရန် လွတ်လပ်ခွင့်ရှိသည်။ လမ်းညွှန်ချက်နှင့် အညီ မြန်မာအဖွဲ့ဝင် ငါးဦးမှ တစ် ဦးချင်းသည် သူတို့၏ ကိုယ်ပိုင် အတွေ့အကြုံများကိုလည်း ရေးကြသည်။ လုပ်ငန်း

များကို အားဖြည့်ပေးသည်မှာ စီမံကိန်းဒါရိုက်တာ၏ မဲဆောက်ရှိ နောက်ထပ် အတိုက်အခံ လေးဦးနှင့် မဲဆောက်မှ အခြား မြို့များသို့ ပြောင်းရွှေ့သွားပြီဖြစ်သော အတိုက်အခံငါးဦးတို့နှင့် လုပ်ငန်းခွင်နှင့် အွန်လိုင်း အစည်းအဝေးတွေ့ဆုံမှုများ ဖြစ်သည်။ ဤအသေးစား သုတေသနတွင် စုစုပေါင်း ထွက်ပြေးတိမ်းရှောင်လာသူ ၄၁ ဦး ပါဝင်သည်။

စီမံကိန်း တာဝန်ခံ၏ တာဝန်မှာ သုတေသန စီမံခန့်ခွဲရေးမှူး၏ အကူအညီဖြင့် အလုပ်များကို ညှိနှိုင်း လုပ်ဆောင်ခြင်း၊ မြန်မာ သုတေသန အဖွဲ့ဝင်များ တစ်ဦးချင်းကို ပံ့ပိုးမှုနှင့် အကြံဉာဏ်များပေးခြင်း၊ နှင့် မြန်မာ CBO/CSO အဖွဲ့ဝင် သုံးဦး၊ NGO လုပ်သား သုံးဦး၊ ထိုင်းအရာရှိ သုံးဦးနှင့်မဲဆောက်တွင် နိုင်ငံရေး ဒုက္ခသည်များအတွက် တာဝန်ရှိသော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းဟောင်းတစ်ဦး အပါအဝင် သက်ဆိုင်သူ ၈ ဦးကို အင်တာဗျူးလုပ်ခြင်းတို့ ပါဝင်သည်။

တွေ့ဆုံခြင်းများ၊ မေးမြန်းခြင်းများနှင့် စာစစ်ခြင်းတို့ အပြင် မြန်မာ၊ အင်္ဂလိပ် နှင့် ထိုင်း ဘာသာစကားဖြင့် အွန်လိုင်း မီဒီယာ ဌာနများမှ လူသိရှင်ကြား ဖြစ်ရပ်များကို ကွင်းဆင်း အကူအပါအဝင် အဖွဲ့က ရှာဖွေသည်။ အဖွဲ့ဝင်များတစ်ဦးချင်း၏ ကွင်းဆင်း အတွေ့အကြုံများမှ တွေ့ရှိချက်များနှင့် သက်ဆိုင်သူများ၊ ဒုက္ခသည်များ၊ နှင့် အတိုက်အခံများ နှင့် တရားမဝင် စကားပြောဆိုချက်များကို အုပ်စုအတွင်း ဝေမျှပြီး မှတ်တမ်းရယူသည်။

စီမံကိန်း အချက်အလက်များကို ကန့်သတ် ကြည့်ရှုခွင့်ပေးထားသော စကားဝှက် ထည့်သွင်းထားသည့် ဒရိုက်တွင် သိမ်းဆည်းထားသည်။ ဤ အစီရင်ခံစာသည် အချက်အလက်များကို အဖွဲ့၏ ပေါင်းစပ်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှု၏ ရလာဒ်ဖြစ်ပြီး အနာဂတ် စည်းရုံးလှုံ့ဆော်မှု၊ လုပ်ငန်းများနှင့် မဟာဗျူဟာများအတွက် အကြံပြုချက်များနှင့် သက်ဆိုင်သည့် သူတို့၏ စဉ်းစားချက်များ ဖြစ်သည်။ စီမံကိန်းတာဝန်ခံ၏ အစီရင်ခံစာ အကြမ်းကို စီမံကိန်းဒါရိုက်တာက အဆုံးသတ် အတည်မပြုမီတွင် အဖွဲ့ တစ်ခုလုံးကို ပြန်လည် စီစဉ် သုံးသပ်သည်။

## သုတေသန အကန့်အသတ်များ

စီမံကိန်းတွင် အဓိက အကြောင်းရင်း သုံးရပ်ကြောင့် အကန့်အသတ်များ ရှိသည်။ ပြည်ပရောက် ပါဝင်သူများအားလုံး အတွက် လုံခြုံရေးအရ စိုးရိမ်မှု၊ ပေးထားသော အချိန်အကန့်အသတ်နှင့် ပူးပေါင်းပါဝင်သော သုတေသန ကိုယ်တိုင်၏ သဘာဝ တို့ ဖြစ်သည်။

ပါဝင်သူများအားလုံး၏ လုံခြုံရေးကို ထိပ်တန်း ဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစား ခြင်းသည် အုပ်စုလိုက် စုဝေးခြင်း နှင့် ပိုမိုများပြားသော တွေ့ဆုံမှုများ ကဲ့သို့ ပူးပေါင်း

ပါဝင်သော လုပ်ငန်းများ ပိုမို လုပ်ဆောင်ရန်အတွက် အခွင့်အလမ်းများကို အကန့်အသတ်ဖြစ်စေသည်။ အကြောင်းအရာ ကိုယ်တိုင်၏ ထိရှလွယ်မှု သည် အချက်အလက်များကို ကိုင်တွယ်ရာတွင် စိန်ခေါ်မှု ဖြစ်စေသည်။ ထိုအရာများကို ဖြေရှင်းရန်အတွက် အဖွဲ့အား ဒစ်ဂျစ်တယ်လုံခြုံရေး စီမံခန့်ခွဲမှု နှင့် လူမှု လုံခြုံရေး ကွန်ရက် စနစ်အပေါ် သင်ကြားပေးပြီး လမ်းညွှန်ချက်များကို အစပျိုးပြဌာန်းခဲ့သည်။ အဖွဲ့ဝင်များအားလုံးသည်လည်း အမည်မဖော်ခြင်း ၊ အချက်အလက် ပိုင်ရှင်မဖော်ခြင်းနှင့် သတင်းအချက်အလက် သိမ်းဆည်းရာတွင် အနာလော့ခ်နှင့် ဒစ်ဂျစ်တယ် နည်းလမ်းနှစ်ခုလုံးအတွက် လုံခြုံမှု လိုအပ်ချက်အပေါ် အပြန်အလှန် နားလည်မှုများလည်း ရှိခဲ့သည်။ သုတေသန အညွှန်းအမည်များပေးရာတွင် အမည်ဝှက်များ အသုံးပြုရန် အဖွဲ့ဝင်များအားလုံးက သဘောတူခဲ့သည်။

အကြောင်းအရာ၏ သဘောသဘာဝအရ ယုံကြည်မှု တည်ဆောက်ရန်အတွက် အချိန်လိုအပ်သော်လည်း စမ်းသပ် စီမံကိန်းတွင် ကွင်းဆင်းလေ့လာမှုကာလ လအနည်းငယ်သာ ရခဲ့သည်။ ထို့အပြင် TNR နှင့် လူ့အခွင့်အရေး ချိုးဖောက်မှု များနှင့် သက်ဆိုင်သော အတွေ့အကြုံများသည် မကြာခဏပင် တစ်စုံတစ်ဦး ကိုယ်တိုင်နှင့် ထိုပုဂ္ဂိုလ်၏ နီးစပ်သော သူ၊ များ၏ စိတ်ကျန်းမာရေးနှင့် စိတ်ဒဏ်ရာများအပေါ် ထိတွေ့ရသည့်အတွက် လူပုဂ္ဂိုလ်များသည် အစဦးတွင် အသေးစိတ်များကို ဖော်ထုတ်ရန် တွန့်ဆုတ်နေပြီး အချိန်ကြာကြာ လိုအပ်ပေသည်။ သို့ဖြစ်ရာ အခြားသူများအတွက် စဉ်းစားချက်များနှင့် အတွေ့အကြုံများ ဖော်ပြရန် ပိုမိုရှည်ကြာသော အချိန်ကိုလိုအပ်သည်ဖြစ်ရာ အဖွဲ့သည် သူတို့၏ ကွန်ရက်အတွင်းတွင် ရှိသော လူများကိုသာ အများအားဖြင့် အကန့်အသတ်ဖြင့် လက်လှမ်းမီခဲ့ကြသည်။ ထိုအချက်က အဖွဲ့ကို သူတို့၏ နှစ်သိမ့်ဆွေးနွေးမှု အရည်အသွေးများ ပိုမို မြှင့်တင်ရန် နှင့် သက်ရောက်မှု ခံရသော အဝေးရောက် အဖွဲ့ဝင်များအတွက် စိတ်ကျန်းမာရေး ဝန်ဆောင်မှု အတွက် လိုအပ်ချက်များကိုလည်း သတိရစေသည်။

ပူးပေါင်းပါဝင်မှု သုတေသနသည် လူတစ်ဦးချင်း၏ ဘဝ၏ အစိတ်အပိုင်း ဖြစ်ပြီး သုတေသနကို ကျွမ်းကျင်သူ ပညာရှင်များကသာ လုပ်ဆောင်ရမည်ဟူသော ယုံကြည်မှုက စိန်ခေါ်လျက်ရှိသည်။ မြန်မာ သုတေသန အဖွဲ့ဝင်များသည် လူထု အသိုင်းအဝိုင်းဝင် ပုဂ္ဂိုလ်များသာ ဖြစ်ပြီး ပညာရှင်ဆိုင်ရာ သုတေသနနှင့် လူ့အခွင့်အရေး မှတ်တမ်းတင်မှု အတွေ့အကြုံများ မရှိမဖြစ်မဟုတ်ပေ။ သို့ဖြစ်ရာ ရလာဒ်များကို သမရိုးကျ ပညာရှင် အစီရင်ခံစာကဲ့သို့ မျှော်လင့်ထား၍ မရနိုင်ပဲ ယင်းအစား ဆက်သွယ်ရေးအတွက် သတင်းသမားက ရေးသားချက် အဖြစ် ကိုင်တွယ်သင့်သည်။

## ပါဝင်သူများ

သုတေသန ပါဝင်သူ ၄၂ ဦးတွင် မဲဆောက်ရှိ မြန်မာ အဝေးရောက် အသိုင်းအဝိုင်းမှ ကျား ၂၂ ဦး၊ မ ၁၉ ဦးနှင့် LGBTQ+ တစ်ဦး တို့ ပါဝင်သည်။ ယင်းတို့ အထဲတွင် ခြောက်ဦးမှာ လုံခြုံရေး အခက်အခဲကြောင့် မဲဆောက်မှ ရွှေ့ပြောင်းသွားပြီး ဖြစ်သည်။ ခြောက်ယောက်တွင် နှစ်ယောက်မှာ ထိုင်းနိုင်ငံသို့ နိုင်ငံကူး လက်မှတ်၊ ဗီဇာများဖြင့် တရားဝင်ဝင်ရောက်လာသူများ ဖြစ်သည်။ ထို နှစ်ယောက်မှ လွဲ၍ ကျန်သူအားလုံးမှာ ပုံမှန်မဟုတ်သော လမ်းကြောင်းမှ နိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တရားဝင် စာရွက်စာတမ်းများ မရှိပါ။ သူတို့သည် ထိုင်းအာဏာပိုင်များကိုယ်စား အလုပ်လုပ်သည်ဟု ပြောဆိုသော မတူညီသော အေးဂျင့်များအား ကာကွယ်ရေး အခကြေးငွေများကို လစဉ်ပေးခဲ့ကြရသည်။


သုတေသနသည် အရေအတွက် လေ့လာမှု မဟုတ်သည်ကို မှတ်သားသင့်သည်။ သို့ဖြစ်ရာ ဤနေရာတွင် ရှင်းပြထားသော ခွဲခြားထားသည့် ကိန်းဂဏန်းများသည် ကိန်းဂဏန်းဆိုင်ရာ ရာခိုင်နှုန်းကို ထင်ဟပ်ခြင်းမရှိပဲ TNR ကိုတွေ့ကြုံနိုင်သည်ဟု ထည့်သွင်းစဉ်းစားရသည့် ပါဝင်သူများ၏ မတူညီသော နောက်ခံ သမိုင်းကြောင်းများအပေါ်ဖော်ပြချက်သာ ဖြစ်ပေသည်။ ပါဝင်သူ ၄၂ ဦးအတွင်းတွင် အစိုးရ ဝန်ထမ်းဟောင်း ၁၀ ဦး၊ လုံခြုံရေး တပ်ဖွဲ့ဝင် ၃ ဦး၊ လက်ရှိနှင့် ယခင်က သတင်းသမား ငါးဦး နှင့် ကျန်သူများမှာ CBO များ၊ NGO များ၊ CSO များနှင့် မြန်မာ လူထု အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့သော အခြား မြန်မာနိုင်ငံသားများ ပါဝင်သည်။ သူတို့ထဲမှ ၈ ဦးမှာ နိုင်ငံတော် စီမံခန့်ခွဲမှု ကောင်စီကို အချိန်တစ်ခုအထိ လက်နက်ကိုင်တော်လှန်ရာတွင် ပါဝင်သူများဖြစ်သည်။ ထိုင်းနိုင်ငံတွင် ပါဝင်သူ အများစုမှာ တက်ကြွသောနိုင်ငံသားများ သို့မဟုတ် နိုင်ငံရေး၊ လူ့အခွင့်အရေး နှင့် နေ့စဥ်လုပ်အားခ၊ အသေးအမွှားအရောင်းအဝယ်နှင့် ဆွေမျိုးမိတ်သင်္ဂဟများထံမှ ငွေကြေးပံ့ပိုးမှုများဖြင့် ပြေလည်အောင်ကြိုးစားနေသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တက်ကြွလှုပ်ရှားသူများအဖြစ် ဆက်လက် လုပ်ဆောင်နေသူများ ဖြစ်ကြသည်။

အခြား သက်ဆိုင်သော အဖွဲ့အစည်းများမှ ပါဝင်သူများတွင် NGO လုပ်သား ၃ ဦး၊ ဒေသခံ CBO/CSO များ၏ အဖွဲ့ဝင် သုံးဦး၊ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းဟောင်း တစ်ဦးနှင့် ဒေသခံ ထိုင်းအရာရှိ သုံးဦးတို့ ပါဝင်သည်။ ၁၀ ဦးအနက် အမျိုးသမီး သုံးဦး ဖြစ်ပြီး အမျိုးသား ခုနှစ်ဦး ဖြစ်သည်။

အကြောင်းအရာ၏ ထိရှလွယ်မှုကြောင့် ပါဝင်သူများအားလုံး သည် သူတို့၏ အတွေ့အကြုံ ဇာတ်လမ်းများ၊ စဉ်းစားချက်များနှင့် ထင်မြင်ချက်များကို အမည်မထုတ်ဖော်ပဲ ဝေမျှလိုကြသည်။ အမျိုးမျိုးသော နောက်ခံသမိုင်းကြောင်းများမှ

သုတေသန ပါဝင်သူ ၄၂ ဦးသည် မဲဆောက်ရှိ နိုင်ငံရေး ဒုက္ခသည်များ၊ အတိုက်အခံများနှင့် သူတို့၏ မိသားစုများ ခန့်မှန်းချေ စုစုပေါင်း ၅၀,၀၀၀ ကျော်ကို ကိုယ်စားမပြုနိုင်သော်လည်း သူတို့၏ အနာဂတ် မျှော်မှန်းချက်နှင့် TNR ဆိုင်ရာ အတွေ့အကြုံများသည် မဲဆောက် အဝေးရောက် အသိုင်းအဝိုင်းတွင် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများ၏ သူတို့၏ ပိုမိုကျဉ်းမြောင်းသော စက်ဝန်းများကို ကောင်းစွာ ထင်ဟပ်ပေသည်။

*************



Picture by Thanachoot Nunthasate (Long list, 2021 youth painting competition, Friends Without Borders



# ၃။ တွေ့ရှိချက်များ

## ၁။ မဲဆောက်ရှိ အဝေးရောက်မြန်မာများ။ TNR အပေါ် အမြင်များနှင့် သူတို့၏ ကြုံတွေ့နိုင်ချေ အလားအလာများ

မြန်မာနိုင်ငံသားများနှင့် ပတ်သက်ပြီး လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားမှု တစ်ခုဖြစ်သော ထင်ရှားသော ဖြစ်ရပ်များထဲမှ တစ်ခုမှာ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် နယူးယောက်တွင် ကုလသမဂ္ဂ ဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးကျော်မိုးထွန်းကို တိုက်ခိုက် ပြီး သတ်ဖြတ်နိုင်ချေရှိသည်အထိ ကြံစည်မှုဖြစ်သည်။[23] အတိုက်အခံ ခေါင်းဆောင်တစ်ဦးကို ခြိမ်းခြောက်ရန် သို့မဟုတ် ဖယ်ရှားရန် စစ်ဆင်ရေးတွင် ပါဝင်သူများကို နိုင်ငံ၏ နယ်စပ်များကို ကျော်လွန်၍ တာဝန်ပေးအပ်ခဲ့သော ဖြစ်ရပ်တွင် အမေရိကန် ပြည်ထောင်စု အက်ဖ်ဘီအိုင် (ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေး ဗျူရို) က မြန်မာနိုင်ငံသား နှစ်ဦးကို ဖမ်းဆီးခဲ့မှုသည် TNR လက်လှမ်းမီမှုကို ထင်ရှားစွာ သတိပေးလိုက်ခြင်း ဖြစ်သည်။ ဤဖြစ်ရပ်ကို သုတေသန ပါဝင်သူများအတွင်း သိရှိကြပြီး မြန်မာအစိုးရက နယ်စပ်ကို ဖြတ်ကျော်၍ မည်သို့ လက်လှမ်းမီနိုင်သည်ကို သူတို့အား အတည်ပြုပေးသော နောက်ထပ် ဖြစ်ရပ်တစ်ခု ဖြစ်သည်။

အဝေးရောက်မြန်မာများအကြား အလွန်အမင်း စိတ်ဝင်စားမှုကို ရစေသော TNR မှာ PDF အဖွဲ့ဝင် သုံးဦးကို မြန်မာစစ်အုပ်စု လက်အောက်ခံ ဖြစ်သော BGF လက်ထဲသို့ အတင်းအဓမ္မ ပြန်လည်လွှဲပြောင်းပေးခြင်း ဖြစ်သည်။[24] ထိုသုံးဦးမှာ ထွက်ပြေးရန် ကြိုးစားစဉ် သေနတ်ဖြင့် ပစ်ခံရသည်။ တစ်ဦး သေဆုံးသည်ဟု သိရပြီး စကစ အာဏာပိုင်များလက်သို့ လွှဲပြောင်းပေးအပ်ခံရသော အခြား နှစ်ဦး၏ ကံကြမ္မာကိုကား အခိုင်အမာ မသိရှိရတော့ပေ။[25] မဲဆောက်တွင် ပြန့်နှံ့နေသော သတင်းစကားများမှာ ဤပြန်လည်ပို့ဆောင်ခြင်းသည် ထိုင်းနှင့် BGF အာဏာပိုင်တို့အကြား ရည်ရွယ်ချက်ရှိရှိ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဆိုသော်လည်း ယင်းမှာ လူတစ်ဦးချင်း အဆင့် သို့မဟုတ် အထက်အဆင့်၏ အကျိုးစီးပွားပါဝင်သော လဲလှယ်မှု ဟုတ်မဟုတ်ကို မသိရပေ။ ဤပူးပေါင်းဆောင်ရွက်မှု စွပ်စွဲချက်သည် အဝေးရောက်မြန်မာအသိုင်းအဝိုင်းအကြားတွင် သူတို့၏ လုံခြုံမှု မရှိသော အခြေအနေကို သတိပေးချက် တစ်ခုအနေဖြင့် အကြောက်တရားကို သိသိသာသာ စွဲထင်စေခဲ့သည်။

23 Closson, T. (28/08/2021). Myanmar Ambassador, Who Opposed Coup, Is Target of Assassination Plot. The New York Times. [https://nyti.ms/3Vlwt2l]

24. Human Rights Watch. (2023). Thailand: Myanmar Activists Forcible Returned-Thai Government Aids Junta's Persecution of Opposition. [https://bit.ly/3x4WTQs]

25. See “Anti-junta fighter killed during deportation from Thailand to Myanmar”, Radio Free Asia, 10/04/23 [https://bit.ly/3THQZhm].

## အမြင်များ

ပါဝင်သူ အားလုံးအတွက် TNR သည် စကားလုံး အသစ်ဖြစ်သော်လည်း ယင်း၏ အဓိပ္ပာယ်ကို ဒေသခံ ဘာသာစကားများဖြင့် ရှင်းပြသည့်အခါ အားလုံးက ခြိမ်းခြောက်မှုကို ဆက်စပ်နားလည်နိုင်ကြသည်။ အများစုက နမူနာများကို ပေးကြသည် နှင့်/သို့ မြန်မာစစ်အုပ်စုအနေဖြင့် ပစ်မှတ်များထံသို့ နယ်စပ်ကို မည်သို့ ဖြတ်ကျော်လက်လှမ်းမီနိုင်မှုအပေါ် သူတို့၏ စဉ်းစားချက်များကို ထင်ဟပ်နိုင်ကြသည်။ ၁၉၉၀ ခုနှစ်များနှင့် ၂၀၂၁ ခုနှစ်များအတွင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးသည့် အတွေ့အကြုံရှိသည့် နိုင်ငံရေး ဒုက္ခသည်တစ်ဦးက TNR သည် ယခင်ကရော ယခုပါ အဝေးရောက် အသိုင်းအဝိုင်းအတွက် ရင်ဆိုင်ရာ ပြင်ဆင်ထားရမည့် အရာတစ်ခု ဖြစ်သည်။

> "ထိုင်းမှာနေရတာ ကျွန်တော်တို့အတွက် အမြဲသတိထားနေရတယ်။ ဟိုတုန်းကရော အခုရောပဲ- အတူတူပါပဲ။ လွန်ခဲ့တဲ့ နှစ် ၂၀ ကို သတိရတယ်။ ကျွန်တော်တို့ (ကျောင်းသား) အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တချို့ နအဖ ရဲ့ စပိုင်တွေအနေနဲ့ ဖမ်းခံခဲ့ရတယ်။ တစ်ယောက်က သူ့မှာ တခြားရွေးချယ်စရာ မရှိလို့ လုပ်ခဲ့ရတယ်လို့ ဝန်ခံတယ်။ သူ့အမေက သူတို့လက်ထဲမှာ ရှိတယ်။ ဒီအတွေ့အကြုံတွေ အရ စစ်ကောင်စီကလည်း ကျွန်တော်တို့ကို လွယ်လွယ်ကူကူတော့ ငြိမ်းငြိမ်းချမ်းချမ်းထားမှာ မဟုတ်ဘူး။ ဒီကို ထွက်ပြေးလာတဲ့ သူတွေအနေနဲ့ ဒီအချက်ကို ကောင်းကောင်း သတိထားရမယ်။ ဒါကို မျှော်လင့်ထားတာ မဟုတ်ဘူး။ သူတို့ (မြန်မာစစ်တပ်) က ကျွန်တော်တို့ကို သူတို့ရဲ့ ရန်သူတွေ အနေနဲ့ မြင်တယ်။ သူတို့က သူတို့ရဲ့ ရန်သူတွေကို ဖယ်ရှားမယ် ဒါမှမဟုတ် အသံတိတ်နေအောင် လုပ်ဖို့ နည်းလမ်းရှာမှာပဲ။"
>
> TP-02Pp ကျား၊ နိုင်ငံရေး အဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်

TNR ကို သူတို့ မည်သို့ နားလည်သည်ကို ထင်ဟပ်ရာတွင် ပါဝင်သူ အများစုသည် သူတို့ ကြားဖူးသော သို့မဟုတ် နမူနာအဖြစ် နယ်မြေအတွင် မြင်နိုင်သော အလားတူ နည်းလမ်းများကို ဖော်ပြကြသည်။ အများဆုံးတူညီသော စိုးရိမ်ချက်တစ်ခုမှာ ဒုက္ခသည် အသိုင်းအဝိုင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများအကြား အသွင်ယူထားနိုင်သည့် " သတင်းပေးများ" ပါဝင်သည့် ထောက်လှမ်းရေး လုပ်ငန်း ဖြစ်သည်။ ပါဝင်သူများက ထို သတင်းပေးများ၏ ရည်ရွယ်ချက်မှာ ပစ်မှတ်၏ လှုပ်ရှားမှုနှင့် တည်နေရာကို စစ်ကောင်စီ သို့မဟုတ် ထိုင်းအာဏာပိုင်များ ဆီ ပေးပို့ရန်ဖြစ်ပြီး ထို အချက်အလက်သည် နောက်ဆက်တွဲအနေဖြင့် ဒစ်ဂျစ်တယ် ခြိမ်းခြောက်မှုများ၊ ဖမ်းဆီးမှုများ နှင့် နေရပ်ပြန်ပို့ခြင်းမှသည် အဓမ္မ ပျောက်ဆုံးစေခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းတို့ အထိ ဖြစ်စေနိုင်သည်ဟု ယုံကြည်ကြသည်။

> “ထိုင်းမှာနေရတာ ကျွန်တော်တို့အတွက် အမြဲသတိထားနေရတယ်။ ဟိုတုန်းကရော အခုရောပဲ- အတူတူပါပဲ။ လွန်ခဲ့တဲ့ နှစ် ၂၀ ကို သတိရတယ်။ ကျွန်တော်တို့ (ကျောင်းသား) အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တချို့ နအဖ ရဲ့ စပိုင်တွေအနေနဲ့ ဖမ်းခံခဲ့ရတယ်။ တစ်ယောက်က သူ့မှာ တခြားရွေးချယ်စရာ မရှိလို့ လုပ်ခဲ့ရတယ်လို့ ဝန်ခံတယ်။ သူ့အမေက သူတို့လက်ထဲမှာ ရှိတယ်။ ဒီအတွေ့အကြုံတွေ အရ စစ်ကောင်စီကလည်း ကျွန်တော်တို့ကို လွယ်လွယ်ကူကူတော့ ငြိမ်းငြိမ်းချမ်းချမ်းထားမှာ မဟုတ်ဘူး။ ဒီကို ထွက်ပြေးလာတဲ့ သူတွေအနေနဲ့ ဒီအချက်ကို ကောင်းကောင်း သတိထားရမယ်။ ဒါကို မျှော်လင့်ထားတာ မဟုတ်ဘူး။ သူတို့ (မြန်မာစစ်တပ်) က ကျွန်တော်တို့ကို သူတို့ရဲ့ ရန်သူတွေ အနေနဲ့ မြင်တယ်။ သူတို့က သူတို့ရဲ့ ရန်သူတွေကို ဖယ်ရှားမယ် ဒါမှမဟုတ် အသံတိတ်နေအောင် လုပ်ဖို့ နည်းလမ်းရှာမှာပဲ။”
>
> TRS-01Ca, အစိုးရ ဝန်ထမ်းဟောင်း။ မ

စစ်ကောင်စီ ထောက်လှမ်းရေး လုပ်ငန်းနှင့် ပတ်သက်၍ ပါဝင်သူများ စိုးရိမ်စေသည့် ဖြစ်ရပ်မှာ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း မဲဆောက်ရှိ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွင် ဘုန်းကြီးနှင့် မယ်သီလရင် အတု ၃၈ ပါး အတွင်း မြန်မာ ထောက်လှမ်းရေးများဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့မှု ဖြစ်သည်။[26] အခြား အသိအမှတ်ပြုသော တူညီသည့် နည်းလမ်းများမှာ ဒစ်ဂျစ်တယ် ခြိမ်းခြောက်မှုများ၊ သတင်းအတုများနှင့် တက်ကြွလှုပ်ရှားမှုကို တိတ်ဆိတ်စေရန် ရည်ရွယ်သော အွန်လိုင်း ဆက်သွယ်မှုများ သို့မဟုတ် ယခင်အတွင်းလူများကို နိုင်ငံတွင်း ပြန်လာစေရန် လှည့်ဖြားခြင်း နှင့် “တဆင့်ခံ လူများမှ တဆင့် သွေးဆောင်ဖြားယောင်းခြင်း” သို့မဟုတ် ထိုင်းနိုင်ငံရှိ ပစ်မှတ်များကို ထိန်းချုပ်ရန် သို့မဟုတ် ခြိမ်းခြောက်ရန် မြန်မာနိုင်ငံရှိ မိသားစု ဝင်များအား ခြိမ်းခြောက်ခြင်းတို့ ဖြစ်သည်။

ပါဝင်သူ အများစုမှာ အစပိုင်းတွင် သူတို့တွင် TNR အတွေ့အကြုံများ မရှိပါဟု ပြောခဲ့သော်လည်း သူတို့အထဲမှ အများအပြားသည် နောက်ပိုင်းတွင် TNR နှင့် သက်ဆိုင်သော ဇာတ်လမ်းများကို စကားပြောရာတွင် ဝေမျှပြောဆိုသည်ကို တွေ့ရသည်။ ထို့အပြင် ပါဝင်သူအားလုံးက ထိုင်းနိုင်ငံတွင် လုံခြုံသည်ဟု မခံစားရကြောင်း အတည်ပြုသည်။ နိုင်ငံတကာ နယ်စပ်ကို ဖြတ်ကျော်လာပြီးနောက်ပိုင်းတွင် သူတို့အဖို့ လုံခြုံသည်ဟု သတ်မှတ်သော်လည်း အထူးသဖြင့် သူတို့သည် နိုင်ငံရေး ဒုက္ခသည်များ ဖြစ်ကြောင်း ထိုင်းအာဏာပိုင်များ သိရှိသွားပါက သူတို့ကို BGF နှင့်/သို့ စစ်ကောင်စီလက်တွင်းသို့ ဖမ်းဆီးပို့ဆောင်မည်ကို ကြောက်ရွံ့စွာ ဆက်လက် နေထိုင်ကြရသည်။

26. ဆက်လက် ဖတ်ရှုရန်။ www.irrawaddy.com/news/burma/junta-spies-posing-as-monks-nuns-among-myanmar-detainees-in-thailand.html

## ဘေးအန္တရာယ် ကျရောက်နိုင်မှုများ

မဲဆောက်ရှိ အဝေးရောက်မြန်မာများသည် အစောပိုင်းက ဖော်ပြခဲ့သည့်အတိုင်း ဘေးအန္တရာယ် ကျရောက်နိုင်မှုသည် ပထဝီ အနေအထားအရ အပြင် လူအများအား ဘေးအန္တရာယ် ကျရောက်စေနိုင်သော အကြောင်းရင်းများတွင် သူတို့တွင် တရားဝင် နေထိုင်ခွင့် မရှိခြင်းနှင့် TNR နှင့် မသိမဖြစ် အကြောင်းအရာများနှင့် ပတ်သက်၍ သိရှိ နားလည်မှုနှင့် ဗဟု သုတ နည်းပါးခြင်းတို့ ပါဝင်သည်။

မြန်မာနိုင်ငံရေး ဒုက္ခသည်များ တည်ရှိမှုကို ထိုင်းနိုင်ငံ၏ ငြင်းဆိုခြင်းကြောင်း သောင်း နှင့်ချီသော လူများကို အရေးယူခံရစေရန်နိုင်သော ပြန်ပို့ခြင်းမှ တရားဝင် အကာအကွယ် မရှိပဲ တရားမဝင် ရွှေ့ပြောင်းသူ အနေအထားကို ရောက်ရှိစေသည်။ သူတို့၏ အခွင့်အရေး တစ်စုံတစ်ရာ ချိုးဖောက်ခံရသည့်အခါ တရား(မ)ဝင်မှု အခြေအနေသည် သူတို့အား တရားမျှတမှုနှင့် ကုသမှု ခံယူနိုင်ခြင်းမှ အလှမ်းဝေးစေသည်။ အဖမ်းခံရပြီး ပြန်ပို့ခြင်းခံရမည်ကို အစဉ်တစိုက် စိုးရိမ်လျက် နေထိုင်ရခြင်းသည်လည်း သီးခြားဖြစ် စေခြင်းနှင့် လူမှု လုံခြုံမှု နည်းပါးခြင်းတို့ကို ဖြစ်စေသည်။

နားလည်မှု လွဲခြင်းနှင့် TNR အကြောင်း သိနားလည်မှု နည်းပါးခြင်းတို့သည် လျစ်လျူရှု ခြင်းနှင့် မလိုအပ်သော ဘေးအန္တရာယ်များကို ဖြစ်ပေါ်စေသည်။ လူအများအပြားမှာ TNR စစ်ဆင်ရေးများသည် PDF အဖွဲ့ဝင်များနှင့် လူသိများသော ဖြစ်ရပ်များကိုသာ ပစ်မှတ်ထားသည်ဟု နားလည်ထားရာ အခြားနိုင်ငံများ၏ အတွေ့အကြုံများအရ အခြားသူများ အထူးသဖြင့် လူသိများသူများ၏ အတွင်းစည်းတွင် နေထိုင်သူများကို လည်း ပစ်မှတ်ထားမှုများ ရှိသော်လည်း သူတို့ကိုယ်တိုင်တွင် ဘေးအန္တရာယ်ရှိသည်ဟု ထည့်မတွက်ကြပေ။ ယင်းအတွက်ကြောင့် အချို့သော အတိုက်အခံများက TNR ကို ကမ္ဘာပေါ်ရှိ မည်သည့် အစိုးရမဆိုလုပ်ဆောင်နိုင်သော "ပုံမှန်" အလေ့အထအဖြစ် မြင် ကြသည်။ ဤအမြင်က ရာဇဝတ်မှုကို တရားဝင်စေပြီး ကျူးလွန်ခံရသူအား အပြစ်တင် ဝေဖန်သော ရလာဒ်မျိုးကို ဖြစ်စေသည်။

ဒစ်ဂျစ်တယ် လုံခြုံမှု အားနည်းခြင်းသည် လူများအား နောက်ယောင်ခံလိုက်နိုင်သော ဒ စ်ဂျစ်တယ် ခြေရာများ ကျန်စေပြီး အကောင့်အတုများ၊ သတင်းအတုများ၊ ဝက်ဘ် ဆိုက်အတုဖြင့် သုံးစွဲသူအမည်နှင့် စကားဝှက်ခိုးယူခြင်း နှင့် အခြား လိမ်လည် လှည့် ဖျားမှု ခံရခြင်းများကို ဖြစ်စေနိုင်သည်။ ဒုက္ခသည်များနှင့် အတိုက်အခံများ အများစုမှာ Signal သည် လုံခြုံသော ဆက်သွယ်ရေး အက်ပလီကေးရှင်းဖြစ်ကြောင်း လေ့လာ ထားကြသော်လည်း အများစုမှာ အများသုံး Wifi များအသုံးပြုခြင်းသည်လည်း အန္တရာယ်ရှိကြောင်း မသိကြပေ။

အခြားနိုင်ငံတစ်ခုတွင် ထိုနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေးများနှင့် နိုင်ငံရေး အခြေအနေများကို လုံလုံလောက်လောက် နားလည်မှု

မရှိခြင်းသည် ဒုက္ခသည်များနှင့် အတိုက်အခံများ၏ ဘေးအန္တရာယ် ကျရောက်နိုင်ခြေ အပေါ် ကြီးမားစွာ သက်ရောက်မှု ရှိသည်။ ဥပမာအားဖြင့် အမှန်တကယ် သက်ဆိုင်ရာ ဥပဒေအစား လူများသည် မကြာခဏပင် ပြင်းထန်သော ထောင်ဒဏ်များ ဖြင့် ခြိမ်းခြောက်ခံရသည်၊ သူတို့၏ အပြုအမူ အချို့မှာ ရည်ရွယ်မထားပဲ အာရုံစိုက်မှုနှင့် ပြဿနာများကို ဖြစ်စေသည်၊ မည်သည့်နေရာမှနှင့် မည်သူ့ထံ မှ အကူအညီတောင်းခံ နိုင်သည် သို့မဟုတ် မည်သည့်နေရာက ယုံကြည်ရသည်ကို သူတို့ မသိရှိကြပေ၊ ထိုင်း လူ့အဖွဲ့အစည်းအပေါ် နားလည်မှု နည်းပါးခြင်းသည်လည်း သူတို့ကို အကောင်းဆုံး အကာအကွယ်ပေးနိုင်သူများ ဖြစ်သည့် ထိုင်းပြည်သူများနှင့် ကောင်းမွန်သော ဆက်ဆံ ရေးများကို တည်ဆောက်ရန် အခွင့်အရေး နည်းပါးမှုကို ဖြစ်စေသည်။

## ၂။ မဲဆောက်ရှိ အဝေးရောက်မြန်မာအားအပေါ် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု ပုံစံများ

### ကျူးလွန်သူများနှင့် ပစ်မှတ်များ

မဲဆောက်ရှိ TNR လုပ်ဆောင်သူများတွင် မြန်မာနှင့် ထိုင်း နိုင်ငံသားများ နှစ်ဘက်စလုံး ပါဝင်သည်ဟု အစီရင်ခံမှုများရှိသည်။ ထိုင်းနိုင်ငံသားများတွင် ရဲ၊ လူဝင်မှုကြီးကြပ်ရေး ရဲ၊ ရွာ လုံခြုံရေး နှင့် စစ်သားများ ပါဝင်သော လုံခြုံရေး ယူနစ်များ၏ အာဏာပိုင်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံသားများတွင် ရွှေ့ပြောင်းလုပ်သားများနှင့် အဝေးရောက် အသိုင်းအဝိုင်းအကြားတွင် နေထိုင်ကြသော ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ ပါဝင် သည်။ ထိုသူများမှာ မြန်မာစစ်တပ်ကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် မဲဆောက် နှင့် မျက်နှာချင်းဆိုင် မြဝတီ၏ ကျယ်ပြန့်သော နယ်စပ်အပိုင်းကို ထိန်းချုပ်ထားသော BGF ကဲ့သို့ လက်နက်ကိုင် အဖွဲ့များလည်း ဖြစ်နိုင်သည်။ ပါဝင်သူများ၏ အတွေ့အကြုံ များအရ BGF စစ်သားများသည် BGF ၏ အကျိုးစီးပွားအတွက်ဖြစ်စေ စစ်ကောင်စီ အတွက် ဖြစ်စေ အလုပ်လုပ်နိုင်သည်။ ပါဝင်သူများအားလုံးက ထိုင်းအစိုးရနှင့် ဒေသခံ ထိုင်း အာဏာပိုင်များက ခွင့်မပြုပါက မြန်မာနိုင်ငံမှ အာဏာပိုင်များ၊ လက်နက်ကိုင် များနှင့် ထောက်လှမ်းရေး လုပ်ငန်းများက ထိုင်းနိုင်ငံတွင် ဘာမှ မလုပ်နိုင်ဟု ယုံကြည် ကြသည်။

အစီရင်ခံထားသော ပစ်မှတ်များမှာ အများအားဖြင့် ယခင် အတွင်းလူများနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ အထူးသဖြင့် မြန်မာနိုင်ငံအတွင်း အချိန်တစ်ခုအားဖြင့် လက်နက်ကိုင် နှင့် အကြမ်းမဖက် လှုပ်ရှားမှု နှစ်ခုစလုံးတွင် ပါဝင်ခဲ့ဘူးသူများ ဖြစ်ကြ သည်။ တစ်စုံတစ်ယောက်သည် ခြိမ်းခြောက်မှုနှင့် မရင်ဆိုင်ရသေးခြင်းသည် ခြိမ်းခြောက်ရန် ကြိုးပမ်းမှု မရှိသေးခြင်းကြောင့်ဟူသော အချက်ကို ထင်ဟပ်ခြင်း ဟုတ်ကောင်းမှ ဟုတ်မည် ဖြစ်ပြီး ထိုလူပုဂ္ဂိုလ်က သူတို့၏ လွတ်လပ်ခွင့်ကို

အလွန်အကျွံ ပေးဆပ်ထားသော ကာကွယ်မှု မဟာဗျူဟာကြောင့်လည်း ဖြစ်နိုင်သည်ကို သတိချပ်သင့်သည်။ သတင်းသမားများနှင့် လူသိများသော ပါဝင်သူ အားလုံးတို့သည် သူတို့၏ လှုပ်ရှားမှုများကို သတိထားခဲ့ကြသည်။ အတိုက်အခံ အများအပြားသည် သူတို့၏ လှုပ်ရှားမှုများကို ဆင်ဆာဖြတ်တောက်ထားကြပြီး အလွန် ကန့်သတ်ထားသော ဘဝနေထိုင်မှု ပုံစံဖြင့် နေထိုင်ကြသည်။

## ရည်ရွယ်ချက်များ

ရရှိထားသော သတင်းအချက်အလက် အားလုံးမှ နယ်စပ်အသံ အဖွဲ့သည် မဲဆောက်တွင် တွေ့ရှိရသော TNR လုပ်ငန်းများသည် မြန်မာအစိုးရကို ရန်သူအဖြစ် သတ်မှတ်ထားသူများကို အန္တရာယ်ပြုရန် သို့မဟုတ် ဖယ်ရှားရန်အတွက်သာ တိုက်ရိုက် ရည်ရွယ်ထားရုံသာမကပဲ အတိုက်အခံများ၏ အသံနှင့် သူတို့၏ တက်ကြွလှုပ်ရှားမှုများကို အသံတိတ်စေရန် စိတ်ပိုင်းဆိုင်ရာ စစ်ဆင်ရေးလည်း ဖြစ်သည်။ အစီရင်ခံထားပြီးဖြစ်သော TNR များ၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ထားသည်။

၁။ စစ်အုပ်စုကို ဆန့်ကျင်သူများကို ဖယ်ရှားရန် သို့မဟုတ် အသံတိတ်စေရန်။
၂။ စစ်အုပ်စုကို ဆန့်ကျင်မည့် လှုပ်ရှားမှုများကို ပျက်ပြားစေသည့် အကြောင်းတရားကို ဖန်တီးရန်
၃။ မြန်မာနိုင်ငံအတွင်း ရက်စက်ကြမ်းကြုတ်သော ဖြစ်ရပ်များ၏ သက်ရှိအထောက်အထားများ ဖြစ်သည့် ပစ်မှတ်ကို နိုင်ငံတွင်းသို့ ပြန်စေရန်အတွက် စွဲဆောင်ရန် သို့မဟုတ် အတင်းအဓမ္မတွန်းအားပေးရန်။, ပစ်မှတ်များမှာ လက်နက်ကိုင် ခုခံတော်လှန်မှုများ သို့မဟုတ် ပိုမိုမြင့်မားသော ပစ်မှတ် အကြောင်း အချက်အလက် ထုတ်ယူရန်အတွက် သို့မဟုတ် အပြစ်ပေး အရေးယူမှုများ အတွက်နှင့် အခြား အတိုက်အခံများအကြား အကြောက်တရားများ ပေါ်ထွန်းလာစေရန်အတွက် အလိုရှိနိုင်သည်။
၄။ အမိန့်များ ရရှိသောအခါ အထက်ဖော်ပြပါ ရည်မှန်းချက် သုံးခုအတွက် အသုံးပြုနိုင်ရန် ထောက်လှမ်းရေး ရည်ရွယ်ချက်များအတွက် အချက်အလက်များ စုဆောင်းရန်

## နည်းနာများ

သုတေသနတွင် ပါဝင်သူများအားလုံးနီးပါးက ထိုင်းနယ်မြေအတွင်းတွင် စစ်ကောင်စီက လုပ်ဆောင်သော တိုက်ခိုက်မှုများ၊ ပြန်ပေးဆွဲခြင်းများ နှင့် လုပ်ကြံသတ်ဖြတ်မှုများကဲ့သို့ တိုက်ရိုက် ရုပ်ပိုင်းဆိုင်ရာ စစ်ဆင်ရေး တစ်ခုခုကို မကြာသေးမီ အချိန်အထိ သူတို့ ရင်မဆိုင် သို့မဟုတ် မကြားဖူးကြောင်း အတည်ပြုပြောဆိုသည်။

သူတို့၏ အမြင်တွင် စစ်အုပ်စုအတွက် မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံများ အပေါ် ဆိုင်ဘာ နေရာ နှင့် ယင်း၏ တရားစီရင် ပိုင်ခွင့်အတွင်း လုပ်ဆောင်ပါက ပိုမို လွယ်ကူပြီး ထိုင်းနိုင်ငံအတွင်း တစ်စုံတစ်ရာ လုပ်ဆောင်ပါက ထိုင်းအာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှု မရှိပါက မဖြစ်နိုင်ကြောင်း ထင်မြင်ကြသည်။

> "ကျွန်တော့်အထင်ကတော့ စစ်ကောင်စီ အေးဂျင့်တွေက ဒီနေရာကို သူတို့ ကိုယ်တိုင် ကျွန်တော်တို့ ကို ဖမ်းဆီးဖို့ ဒါမှမဟုတ် အန္တရာယ်ပြုဖို့ မလာနိုင် ဘူးလို့ ထင်တယ်။ ဒါပေမယ့် သေချာတာကတော့ ထိုင်းအာဏာပိုင်တွေ လုပ်ဆောင်ဖို့ သူတို့ လိုချင်တယ်ဆိုရင် လူတွေ အကြောင်းအချက်အလက် တွေကို ပေးနိုင်တဲ့ အခြေအနေမျိုး ရှိနိုင်မယ်ဆိုတာတော့ သေချာပါတယ်။ ထိုင်းအာဏာပိုင်တွေက လူတွေကို ဖမ်းချင်တဲ့အခါ နေရာအတိအကျ သိ ထားတာမျိုး ကျွန်တော် တွေ့ရတယ်။ သူတို့မှာ နာမည်နဲ့ မျက်နှာကို စစ်ဆေးဖို့ ဓါတ်ပုံတွေတောင် ရှိသေးတယ်။"
>
> ST-04Pp, နိုင်ငံရေး ပါတီ တစ်ခု၏ အဖွဲ့ဝင်။ ကျား။

အစောပိုင်းတွင် ဖော်ပြထားသည့်အတိုင်း ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု၊ ဖမ်းဆီးခေါ် ဆောင်ခြင်း၊ ပျောက်ဆုံးစေခြင်း နှင့် သေဆုံးခြင်းတို့ကို ဖြစ်ပေါ်စေသော TNR ဖြစ်ရပ် များ အရေအတွက် အနည်းငယ်သာ ဖြစ်စေသည့် အကြောင်းရင်းအများအပြား ရှိပေ သည်။ ယင်းတို့တွင် ထိုရာဇဝတ်မှုမျိုးအတါက် စစ်အုပ်စုက ကြိုးပမ်းအားထုတ်သည့် အတိုင်းအတာကို မသိရရုံသာမက CBOများ၊ CSO များနှင့် NGO များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် အဝေးရောက်များ၏ မိမိကိုယ်ကို ကာကွယ်မှုနှင့် တုန့်ပြန်မှု မဟာဗျူဟာများလည်း ပါဝင်သည်။

## က) ဆိုင်ဘာ ဖိနှိပ်မှု

ဆိုင်ဘာ သတင်းအချက်အလက် စစ်ဆင်ရေး နှစ်ခု စလုံးသည် ၎င်းတို့၏ ကိုယ်ပိုင် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှု ရည်ရွယ်ချက်နှင့် တဆင့်ခံ ခြိမ်းခြောက်မှု၊ တိုက်ခိုက် ရန် (ကြိုးပမ်းအားထုတ်မှု) နှင့် နောက်ယောင်ခံခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နှင့် တရားမဝင် နေရပ် ပြန်ပို့ခြင်း အပါအဝင် အခြား နည်းနာများ၏ အစိတ်အပိုင်း အဖြစ် ရပ်တည်ကြသည်။

နိုင်ငံ၏ နယ်ခြားများကို ကျော်လွန်သွားသည့် ဆိုင်ဘာ သတင်းအချက်အလက် စစ်ဆင်ရေးသည် ဘဏ္ဍာရေးနှင့် လူသား ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ လိုအပ်ပေ သည်။ သို့ဖြစ်ရာ မြန်မာ စစ်တပ်၊ ထိုင်းနှင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ အခြား နိုင်ငံအများ အပြားက ကျယ်ကျယ်ပြန့်ပြန့် အလုပ်ခန့်ထားကြသည်။ ဒစ်ဂျစ်တယ် နေရာသည် အ

နှောက်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖော်ထုတ်ခြင်း၊ တိုက်ခိုက်ခြင်း နှင့် လူပုဂ္ဂိုလ်များအား ထောင်ခြောက်ဆင်ခြင်း တို့အတွက် ၎င်းတို့ မိခင်နိုင်ငံ၏ အပြင်ဘက်တွင် ရှိနေသည်ဖြစ်စေ စစ်မြေပြင် တစ်ခု ဖြစ်လာနေသည်။

> "မိမိတို့ထံသို့ ရုပ်ပိုင်းဆိုင်ရာအရ လက်လှမ်းမီဖို့ ကြိုးစားတဲ့အပြင် အွန်လိုင်ကလည်း ခြိမ်းခြောက်မှု ရှိပါတယ်။ စစ်တပ်က မဲဆောက်မှာရှိတဲ့ ဒုက္ခသည်တွေနဲ့ အတိုက်အခံတွေကို အွန်လိုင်းက စောင့်ကြည့်တဲ့ နည်းလမ်းရှိတယ်။ သူတို့က လူတွေရဲ့ အွန်လိုင်း လှုပ်ရှားမှုတွေကို လိုက်ကြည့်ပြီး နေ့စဉ် ပုံမှန် လုပ်ငန်းတွေနဲ့ နေထိုင်မှု ပုံစံအကြောင်း အချက်အလက်တွေကို ရရှိတယ်။ နောက်ပြီး အဲဒီ အချက်အလက်တွေကို အွန်လိုင်း TV၊ တယ်လီဂရမ် လိုင်း၊ စတဲ့ ပလက်ဖောင်းတွေမှာ ဝါဒဖြန့်ချီဖို့ နဲ့ ခြိမ်းခြောက်ဖို့အတွက် အသုံးပြုတယ်။"
>
> MYH-01Aa, တက္ကသိုလ်ကျောင်းသူ၊ မ

Facebook နှင့် သတင်းတိုပေးပို့သည့် အက်ပလီကေးရှင်းဖြစ်သည့် "Telegram" (တယ်လီဂရမ်) တို့မှာ မြန်မာနိုင်ငံသားများအကြားတွင် ခေတ်စားသော လူမှုမီဒီယာ ပလက်ဖောင်းများ ဖြစ်ကြသည်။ တယ်လီဂရမ်မှာ လုံခြုံသည်ဟု ယုံကြည်ရသော်လည်း အမှန်တကယ်တွင် ယင်း၏ အားနည်းသော မူဝါဒများက အစိုးရ၏ သတင်းအချက်အလက် စစ်ဆင်ရေးများကို လူများအား ရှာဖွေဖော်ထုတ်ရန်နှင့် အကြမ်းဖက်မှုများအား လှုံ့ဆော်မှုများအား ခွင့်ပြုထားသည်။ လူအများ၏ အချက်အလက်များ၊ နိုင်ငံရေး လှုပ်ရှားမှုများနှင့် တည်နေရာများအား ဖော်ထုတ်ခြင်းဖြင့် ထိုသူများကို ဖမ်းဆီးခံရနိုင်စေသော Telegram အုပ်စုများနှင့် လိုင်းများ အများအပြားရှိသည်။ နာမည်အကြီးဆုံးမှာ စစ်တပ်လိုလားသော လိုင်းဖြစ်သည့် ဟန်ငြိမ်းဦး ဖြစ်ပြီး အတိုက်အခံများ၏ အမည်များ၊ မိသားစုဝင်များ၊ ဓါတ်ပုံများ၊ ထိုင်းနှင့် မြန်မာနိုင်ငံရှိ လိပ်စာများနှင့် ပြုပြင်ထားသည့် တက်ကြွလှုပ်ရှားသော အမျိုးသမီးများ၏ ဝတ်လစ်စလစ် ဓါတ်ပုံများကိုပင် ထုတ်ဖော်လေ့ရှိသည်။[27]

## အွန်လိုင်း နှောက်ယှက်စော်ကားခြင်းနှင့် ခြိမ်းခြောက်ခြင်းများ

စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုက လူတစ်ဦးတစ်ယောက်ကို နောက်ထပ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများကို ဖြစ်စေမည်ဟု နားလည်စေသည်။ အွန်လိုင်း နှောက်ယှက်မှုနှင့် ခြိမ်းခြောက်မှုများက ပိုမိုလွယ်ကူပြီး ကုန်ကျစားရိတ် သက်သာသဖြင့် သမရိုးကျ ရုပ်ပိုင်းဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် အပြင်အပတွင် နှောက်ယှက်ခြင်းများကို အစားထိုးလာသည်။ ယင်းတွင် ပစ်မှတ်များအား သူတို့အား ရုပ်ပိုင်းဆိုင်ရာ ဖြစ်စေ၊ ဒစ်ဂျစ်တယ် နည်းအရ ဖြစ်စေ မည်သို့ စောင့်ကြည့်ခံနေရသည်ကို သူတို့

27 ဆက်လက် ဖတ်ရှုရန်။ Engage Media (2023). မြန်မာနိုင်ငံတွင် Telegram ကို ဘဝများ ဖျက်ဆီးရန်အတွက် လက်နက်သဖွယ် အသုံးပြုသည်။ https://engagemedia.org/2023/myanmar-telegram-digital-rights/ မှ ထုတ်နုတ်သည်။
28. Ibid.

သို့မဟုတ် သူတို့ ချစ်ခင်သော သူများ၏ လက်ရှိ လိပ်စာများကိုဖော်ထုတ်ခြင်းဖြင့် ပြသသည်။ အချိန်များစွာတွင် အထူးသဖြင့် ဟန်ငြိမ်းဦး ချယ်နယ်တွင် ပစ်မှတ်များအား နေရာအတိအကျတွင် တိုက်ခိုက်ရန် တောင်းဆိုချက်များ ပါဝင်သည်။

> "မျက်နှာချင်းဆိုင် တွေ့ဆုံမယ့်အစား သူတို့က ခြိမ်းခြောက်တဲ့ စာတိုတွေကို အွန်လိုင်းက ပို့တယ်။ ကျွန်တော်ကတော့ မက်ဆင်ဂျာကနေတဆင့် နှစ်ခါခြိမ်းခြောက်ခံရတယ်။ နာမည်မသိတဲ့ အကောင့်ကနေ စာတိုလာတယ်။ ပေးပို့တဲ့သူက မဲဆောက်မှာရှိတဲ့ ကျွန်တော့် လိပ်စာကို သိတယ်လို့ ပြောပြီး ကျွန်တော်မြန်မာနိုင်ငံကို ပြန်တာနဲ့ သူ့မှာ အစီအစဉ်ရှိပြီးသားဖြစ်တယ်လို့ ပြောတယ်။ သူက ထိုင်းရဲတွေက ကျွန်တော့်ကို အချိန်မရွေးဖမ်းပြီး ပြန်ပို့နိုင်တယ်လို့ ပြောတယ်။ အဲဒီလူက ကျွန်တော်နဲ့ မဝေးဘူးလို့လည်း ပြောတယ်။ နောက်တစ်ခုကတော့ အသက်အန္တရာယ်ခြိမ်းခြောက်တဲ့ စာသားမျိုး ဖြစ်တယ်။ ကျွန်တော် အချိန်မရွေး "ပျောက်သွား" နိုင်တယ်လို့ ရေးထားတယ်။"
>
> MYH-04Maa, လက်နက်ကိုင် အဖွဲ့တစ်ခုမှ အဖွဲ့ဝင်ဟောင်းတစ်ဦး၊ ကျား။

## ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်များကို အွန်လိုင်းတွင် ဖော်ထုတ်ခြင်း

ဟန်ငြိမ်းဦး ကဲ့သို့ တယ်လီဂရမ် ချယ်နယ်များနှင့် အခြား ချယ်နယ်များနှင့် ဖေ့စ်ဘုတ် အုပ်စုများမှာ ပစ်မှတ်များ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များ၊ ဓါတ်ပုံများ၊ ဖုန်းနံပါတ်များနှင့် လက်ရှိတည်နေရာ သို့မဟုတ် လိပ်စာများကို ပေးပို့ဖွင့်ချသော ပလက်ဖောင်းများဖြစ်သည်။ ထိုသို့သော ပုဂ္ဂလိက အချက်အလက်များ လူသိရှင်ကြား ထုတ်ဖော်ရန်မှာ ထိုသူကို အကြောက်တရားနှင့် နေထိုင်စေရန်ပင်ဖြစ်သည်။ တယ်လီဂရမ် ပို့စ်များနှင့် ယင်း၏ နောက်ဆက်တွဲများ ဖြစ်သော ချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲများ ပြင်းပြင်းထန်ထန် ဖြစ်စေသော နည်းနာတို့နှင့် မည်သို့ ဆက်စပ်မှု ရှိသည်ကို မည်သူကမျှ အတည်မပြုနိုင်ပေ။

မည်မျှသာမက ပါဝင်သူများက ဆိုက်ဘာ ခြိမ်းခြောက်မှုများက ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကို ဖြစ်စေသော သံသယ ဖြစ်ဖွယ် ဖြစ်ရပ်များကို အောက်ပါအတိုင်း ဝေမျှပေးကြသည်။

> "မဲဆောက်ကို ကျွန်မရောက်ပြီး တစ်လလောက်ကြာတဲ့ အခါ စစ်တပ်သတင်းပေးလို့ နာမည်ထွက်နေတဲ့ ဟန်ငြိမ်းဦးက ကျွန်မရဲ့ ပုဂ္ဂိုလ်ရေး အချက်အလက်တွေ၊ ဓါတ်ပုံတွေနဲ့ မြန်မာပြည်မှာရှိတဲ့ အိမ်လိပ်စာတွေကို

28 Ibid.

တယ်လီဂရမ် ချယ်နယ်ကနေ တင်တာကို ကျွန်မ ထိပ်လန့်တကြားတွေ့လိုက်ရတယ်။ နောက်ရက်နည်းနည်းကြာတော့ မြန်မာရဲတွေနဲ့ စစ်သားတွေက မြန်မာနိုင်ငံမှာရှိတဲ့ ကျွန်မအိမ်ကို ကားဆယ်စီးလောက်နဲ့ ရောက်လာကြတယ်လို့ ကျွန်မကို ပြောပြလာတယ်။ ကျွန်မက မဲဆောက်မှာရှိနေပေမယ့် ကျွန်မ အကြောက်တရားနဲ့ နေရတယ်။ ကျွန်မ ဖြစ်နိုင်သမျှ ငြိမ်ငြိမ်လေး နေဖို့ ကြိုးစားခဲ့တယ်...”

TRS-01Cp, အစိုးရ ဝန်ထမ်းဟောင်း၊ မ။

“၂၀၂၃ ခုနှစ် ဇွန်လ ၁၄ ရက်နေ့က ဟန်ငြိမ်းဦး တယ်လီဂရမ် ချယ်နယ်မှာ မြန်မာပြည်က ကျွန်မတို့ရဲ့ လှုပ်ရှားမှု တွေကို ဓါတ်ပုံနဲ့တကွ တင်လာတယ်။ ကျွန်မကြောက်သွားတယ် ဘာလို့လဲ ဆိုတော့ ဟန်ငြိမ်းဦးက စစ်အုပ်စုကို ဆန့်ကျင်တဲ့ သူတွေကို ပြန်ပေးဆွဲ၊ နှိပ်စက် သတ်ဖြတ်တဲ့ မြေအောက် အကြမ်းဖက်အုပ်စုတွေနဲ့ ဆက်စပ်နေလို့ပါ။ နောက်နှစ်ပါတ်ကြာတဲ့အခါ မြန်မာပြည် နံပါတ်နဲ့ ကျွန်မတို့ရဲ့ ဓါတ်ပုံတွေကို ကျွန်မတို့ရဲ့ လက်ရှိတည်နေရာ၊ ကျွန်မတို့ အိမ်လိပ်စာ၊ ကျွန်မ ယောကျ်ားရဲ့ ဖုန်းနံပါတ်နဲ့ သူ့အဖေရဲ့ သူတို့ပါတီထဲမှာပဲ သိတဲ့ နာမည်ဝှက်တွေနဲ့ တကွ ပို့လာတယ်။ ကျွန်မယောကျ်ားက ဒီကိစ္စကို UNHCR ကို အသိပေးပေမယ့် ဘာမှ ဖြစ်မလာဘူး၊ ဒီခြိမ်းခြောက်မှုက တလလောက်ကြာအောင် ဆက်ဖြစ်နေတယ်။ ဒီလိုနဲ့ ပထမဆုံး တယ်လီဂရမ် ပို့စ် နောက်ပိုင်း တစ်လခွဲလောက်ကြာပြီးတဲ့နောက် နေ့ခင်းတစ်ခုမှာ ချယ်နယ်ထဲမှာ လိပ်စာဖော်ပြထားတဲ့ ကျွန်မတို့နေနေတဲ့ အိမ်နားမှာပဲ ကျွန်မယောကျ်ားကို ထိုင်းရဲတွေက ဖမ်းလိုက်တယ်၊ နောက်ပြီး တရားရုံးက ဆုံးဖြတ်ချက်ချပြီး ဆယ်ရက်ကြာရင် သူတို့ မြန်မာပြည်ဘက် ပြန်ပို့မယ်လို့ ကျွန်မကို ပြောတယ်။ တစ်ယောက်ယောက်က ထိုင်းရဲကို ဖမ်းဖို့ သတင်းပေးလိုက်တာ ဖြစ်နိုင်တယ်။”

TP-08Mj, ဖမ်းဆီးခံရသည့် စစ်သားဟောင်း၏ ဇနီး။

## အွန်လိုင်း လှည့်ဖျားခြင်းနှင့် ထောင်ချောက်ဆင်ခြင်း

လူပုဂ္ဂိုလ်များသည် လူမှုမီဒီယာပေါ်မှ သတင်းအတုများ၊ ထို့နောက်တွင် အွန်လိုင်း ဆက်သွယ်မှုနှင့် နိုင်ငံကို ပြန်ရန် တိုက်တွန်းသည့် ဖုန်းခေါ်ဆိုမှုများဖြင့် ထောင်ချောက်ဆင်ခံရသည့် သတင်းများ ထွက်ပေါ်ခဲ့သည်။ ပစ်မှတ်များမှာ များသောအားဖြင့် စစ်သားများနှင့် အလယ်အလတ်နှင့် အဆင့်မြင့် အစိုးရ အရာရှိများကဲ့သို့ အတွင်းလူများ ဖြစ်ကြသည်။ နိဒါန်းအပိုင်းတွင် ဖော်ပြခဲ့သော ၁၉၉၇ ခုနှစ်ခန့်က ကရင် ဒုက္ခသည်များအပေါ် တိုက်ခိုက်သည့် ဖြစ်ရပ်နှင့် အလားတူပင် ဖြစ်သည်။ စစ်အုပ်စုသည် ထိုသူများက အရုပ်ဆိုး အကျည်းတန်သော သက်သေများကို ပြသမည်သို့မဟုတ် စစ်အုပ်စု ကျူးလွန်ထားသော ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုများ

အတွက် "အသက်ရှိသော သက်သေများ" ဖြစ်လာမည်ကို စိုးရိမ်သောကြောင့် ထိုအတွင်းလူဟောင်းများကို အိမ်ပြန်ကြရန် တောင်းဆိုရာတွင် စစ်အုပ်စုက ကြိုးပမ်းအားထုတ်ကြောင်း သုတေသန ပါဝင်သူများက ရှင်းပြသည်။

> "စစ်ကောင်စီက လူတွေကို ပြန်ခေါ်ဖို့ ကြိုးစားတယ်။ သူတို့တွေ တခြားနိုင်ငံကို လွတ်မြောက်သွားတဲ့အခါ စစ်တပ်က ဘယ်လောက် ရက်စက်တယ်ဆိုတာ သူတို့ က ကမ္ဘာကို ပြသနိုင်လို့ ဖြစ်တယ်။ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်က ကျွန်မကို အဆက်မပြတ် ဆက်သွယ်တယ်။ အကြိမ်တိုင်းမှာ သူက ကျွန်မဘယ်ရောက်နေတယ်၊ အလုပ်ကို ပြန်လာနိုင်မလားဆိုတာကို မေးတယ်။ သူက ကျွန်မ ပြန်လာရင် ၅၀၅ (က) နဲ့ စွဲဆိုထားတာကို ရုတ်သိမ်းပေးမယ်လို့ ပြောတယ်။ သူက စာတိုတွေ ဆက်တိုက်ပို့နေတယ်။ အွန်လိုင်းမှာ ကျွန်မကို ခေါ်တယ်။ အကြောင်းအမျိုးမျိုးပြပြီး ကျွန်မကို ပြန်လာဖို့ ဖိအားပေးမယ်၊ ဒါကြောင့် ကျွန်မ သူနဲ့ကော မြန်မာပြည်မှာ ကျန်နေခဲ့တဲ့ တခြား သူငယ်ချင်းတွေအားလုံးနဲ့ကော အဆက်အသွယ်ဖြတ်လိုက်တယ်။"
>
> RS-01Cj, အစိုးရ ဝန်ထမ်းဟောင်း။ မ။

> "အဓိက နည်းနာကတော့ လူတွေ ပြန်လာဖို့ ဖျားယောင်းတာပါ။ စစ်ကောင်စီက စစ်တပ်ကနေ CDM လုပ်လာတဲ့ သူတွေကို တရားစွဲဆိုထားတာတွေအားလုံး ရုတ်သိမ်းပေးမယ်၊ အားလုံး မိသားစုနဲ့အတူတူ ငြိမ်းငြိမ်းချမ်းချမ်း ပြန်နေရမယ် ဆိုပြီး သတင်းမှားတွေ ထုတ်လွှင့်ပြီး ပြန်ခေါ်ဖို့ ကြိုးစားတယ်။ အဲဒီနောက် တစ်ယောက်ယောက်က အဲဒီလူပုဂ္ဂိုလ်တွေကို မက်ဆင်ဂျာ ဒါမှမဟုတ် တယ်လီဂရမ်ကနေ ဆက်သွယ်လာတယ်။ လူတွေ ဘယ်လို အိမ်ပြန်သွားကြတယ် သူတို့ မိသားစုတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်နေကြတယ်ဆိုတဲ့ အကြောင်းတွေကို အရင်က လူမှု မီဒီယာမှာ ဖြန့်ထားတဲ့ သတင်းတွေကြောင့် တစ်ချို့ ဒုက္ခသည်တွေက သူတို့ကို ယုံကြတယ်။ ဒါပေမယ့် စစ်ကောင်စီက အမြဲတမ်း လိမ်တယ်။ အမှန်တကယ်က အဲဒီ ပြန်သွားတဲ့လူတွေ ထောင်ဒဏ် နှစ်ရှည်ချခံရတယ်။ တချို့တွေဆို သေဒဏ်တောင် ပေးခံရတယ်။ ကျွန်မ သိတဲ့ ဗိုလ်မှူးတစ်ယောက်ဆိုရင် သူ့ သမီးဆေးရုံတက်နေရတယ်။ တကယ်လို့ သူက သူ့သမီးနဲ့ မိန်းမဆီ ပြန်မယ်ဆိုရင် သူ့အလုပ်ကို ပြန်ရမယ်၊ စွဲဆိုထားတာတွေ အားလုံး ရုတ်သိမ်းပေးမယ်လို့ သူ့ကို ပြောတယ်။ ဗိုလ်မှူးက ပြန်သွားပြီး ပျောက်သွားတယ်။ သူ့ကို ထောင်ချလိုက်သလား၊ သတ်လိုက်သလားဆိုတာ ဘယ်သူမှ မသိဘူး၊ ဒါပေမယ့် လက်နက်ချတဲ့အတွက် အမြင့်ဆုံး ပြစ်ဒဏ်က သေဒဏ်ဆိုတာတော့ ကျွန်မ သိတယ်။"
>
> MYH-02Mp, စစ်သားဟောင်း၊ မ။

## အွန်လိုင်း ချိုးဖောက်မှုများ

သုတေသနတွင် ပါဝင်သူမည်သူမျှ တစ်ဦးချင်းအရ ဆိုင်ဘာစပေ့စ်တွင် "တိုက်ခိုက်မှု" မခံရသော်လည်း အခြားသူများ၏ သတင်းများတွင် ပါဝင်သော အထောက်အထားများက ဖြစ်နိုင်ချေကို ပြသနေသည်။ Engage Media က တယ်လီဂရမ်ချယ်နယ်များ၊ Tik Tok နှင့် အခြား Facebook အကောင့်များတွင် မြန်မာအမျိုးသမီး တက်ကြွ လှုပ်ရှားသူများ၏ AI အကူအညီဖြင့် ဖန်တီးထားသော ညစ်ညမ်း ဓါတ်ပုံ နှင့် ဗီဒီယို အတုများကို တင်ထားကြောင်း သတင်းပေးပို့ထားသည်။ EM အစီရင်ခံစာတွင် အင်တာဗျူးဖြေဆိုသူများက ဆိုက်ဘာ တိုက်ခိုက်မှု ပြုသည့် အချိန်အတွင်းတွင် မြန်မာနိုင်ငံအတွင်းတွင်သာ ရှိနေသေးသော်လည်း အတိုက်အခံများ အားလုံးသည် ပြည်တွင်းတွင် ရှိသည်ဖြစ်စေ၊ ပြည်ပတွင် ရောက်နေသည်ဖြစ်စေ၊ အတိုက်အခံများအားလုံးသည် နယ်ခြားမျဉ်းမရှိသော သဘာဝ ရှိသည့် ဆိုင်ဘာလောက၏ ပစ်မှတ်များ ဖြစ်နိုင်သည်ကို ခန့်မှန်းနိုင်သည်။

ထို့အပြင် သတင်းအချက်အလက် စစ်ဆင်ရေး၏ သတင်းတုတစ်ခုတွင် စွပ်စွဲချက်တစ်ခုကြောင့် မြန်မာ စစ်သားဟောင်းတစ်ဦးသည် သူအခြေချနေထိုင်နေသော ပြည်ပ ရောက် အသိုင်းအဝိုင်း အသစ်မှ နှင်ထုတ်ခံရသော ဖြစ်ရပ်တစ်ခုကို နယ်စပ် အသံအဖွဲ့ အဖွဲ့ဝင်တစ်ဦးက မှတ်တမ်းတင်ထားသည်။ ၂၀၂၂ ခုနှစ်တွင် မိတ်ဆွေ လူ တစ်ရာထက် နည်းသော Facebook အကောင့်တစ်ခုက ထိုသူမှာ အိမ်ပြန်သွားပြီးဖြစ်ပြီး စစ်ကောင်စီနှင့် ပူးပေါင်းနေသည်ဆိုသော သတင်းကို စတင်တင်ခဲ့ခြင်းဖြစ်သည်။ သူ့နာမည်နှင့် သူလက်ရှိနေထိုင်နေသော နယ်မြေ၏ အမည်တို့ကိုလည်း ဖော်ပြထားသည်။ ထို့နောက် ကိုယ်ခွဲ အကောင့် အများအပြားမှ ရှဲလုပ်ခြင်းခံရပြီး မြန်မာ Facebook "အင်ဖလူဝင်ဇာ" အကောင့်အချို့သို့ ရောက်ရှိသွားခဲ့သည်။ သူတို့ကို ခြိမ်းခြောက်မှုသို့မဟုတ် သစ္စာဖောက်သူ အဖြစ် မြင်လာမည်ကို စိုးရိမ်သောကြောင့် ထိုမိသားစုသည် သူတို့ ထိုအချိန်က နေထိုင်နေသော အသိုင်းအဝိုင်းမှ နေရာ ပြောင်းရွှေ့ခဲ့ရသည်။ သူတို့မိသားစုကို သိရှိသည့် ယုံကြည်စိတ်ချရသော နိုင်ငံရေး ဒုက္ခသည် အများအပြားက ထိုသတင်းမှာ အတုသာဖြစ်ပြီး ထိုသူမှာ ဒုက္ခသည် အစစ်အမှန်ဖြစ်သည်ကို အခိုင်အမာ အတည်ပြုပေးကြသည်။

## ခ) တဆင့်ခံဖြင့် အဝေးရောက်အကြပ်ကိုင်ခြင်း

နိုင်ငံရေး ဒုက္ခသည်အများစုသည် မဲဆောက်ကို သူတို့၏ အနီးကပ် မိသားစုများဖြင့် ထွက်ပြေးလာကြသော်လည်း အချို့မှာ ပိုမိုကျယ်ပြန့်သော မိသားစုဝင်များ နှင့်ပင် လာရောက်ကြသည်။ တစ်ဦးတည်းရောက်ရှိလာသူ များလည်းရှိပြီး အများစုမှာ CDM တွင် တက်ကြွစွာ ပါဝင်မှုမရှိသော သူတို့၏ မိဘများနှင့် မောင်နှမများကို ချန်ရစ်ခဲ့ကြသည်။

“စစ်ကောင်စီ က မဲဆောက်မှာရှိတဲ့ ကျွန်တော့် သူငယ်ချင်းတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို လက်လှမ်းမမီဘူး။ ဒါပေမယ့် သူတို့က သူတို့ရဲ့ အိမ်တွေနဲ့ မြန်မာပြည်မှာ ကျန်ခဲ့တဲ့ မိသားစုဝင်တွေကို လက်လှမ်းမီတယ်။ ကျွန်တော့် သူငယ်ချင်းတွေရဲ့ အိမ်တွေကို ချိပ်ပိတ်ပြီး မိသားစုဝင်တွေ အဖမ်းခံရ စစ်ဆေးတာ ခံရတာရှိတဆယ်။ တချို့မိဘတွေက သူတို့ ကလေးတွေကို စွန့်လွှတ်ကြောင်း ကြေညာရတဲ့ အထိ ဖိအားပေးခံရတယ်။။ သူတို့မှာ တခြား ရွေးချယ်စရာမရှိပဲ သူတို့နဲ့ သူတို့ရဲ့ ကလေးတွေ ဘေးကင်းလုံခြုံဖို့ကိုပဲ ရွေးချယ်ကြရတယ်။ သူတို့က အတိုက်အခံတွေအပေါ်မှာ ဖိအား တအားပေးတယ်။”

MYH-07Aa, တက္ကသိုလ်ကျောင်းသား၊ ကျား။

တဆင့်ခံဖြင့် အကြပ်ကိုင်ရာတွင် သုတေသန ပါဝင်သူများအကြား လူသိများသည့် အသုံးများသော TNR နည်းလမ်း တစ်ခုမှာ အဝေးရောက် အတိုက်အခံများအား ဖိအားပေးခြင်း၊ ကြိုးကိုင်ခြင်း၊ နှောက်ယှက်စော်ကားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း တို့ လုပ်ဆောင်ခြင်း ဖြစ်သည်။ မဲဆောက်ရှိ အဝေးရောက်မြန်မာများ ဖြစ်ရပ်တွင် ပစ်မှတ်များထံသို့ သူတို့၏ မိသားစုဝင်များအား နှောက်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပုံမှန်စစ်ဆေးမေးမြန်းခံနေရခြင်း၊ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၊ နှိပ်စက်ခံရခြင်းနှင့် ထောင်ချခံရခြင်း စသည့် သတင်းစကားများကို မိသားစုဝင်များမှ တိုက်ရိုက်အဆက်အသွယ်အားဖြင့် ဖြစ်စေ သို့မဟုတ် အသိုင်းအဝိုင်း အဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေ သူငယ်ချင်းများ အစရှိသူတို့ထံမှ သွယ်ဝိုက်၍ ဖြစ်စေ ပေးပို့သည်။

ရည်ရွယ်ချက်များမှာ ပစ်မှတ်များအား သူတို့၏ ကံကြမ္မာသည် စစ်အုပ်စု၏ ထိန်းချုပ်မှု အောက်တွင်သာ ရှိနေသေးပြီး နိုင်ငံရေးနှင့် သက်ဆိုင်သော လှုပ်ရှားမှုများကို ပါဝင်သည့် သူတို့၏ လှုပ်ရှားမှုများ နှင့် မီဒီယာများကို အချက်အလက်များ ပေးပို့ခြင်းသည် ပြည်တွင်းတွင် ကျန်ရှိနေသူများအား နောက်ထပ် ထိခိုက်စေနိုင်သည်ဆိုသည်ကို သတိပေးရန် ဖြစ်သည်။

“ကျွန်တော့် မိဘတွေက အသက် ၉၀ ကျော်တွေမို့ ကျွန်တော် သူတို့ကို ခေါ်မလာနိုင်ခဲ့ဘူး။ စစ်ကောင်စီက သူတို့အိမ်ကို ငါးကြိမ်ရှာတယ်။ တချို့တွေက ညအချိန်တွေ။ စစ်ကောင်စီက လွှတ်တဲ့ လူတွေလည်း ရှိနေတယ်၊ ကျွန်တော်တို့ အိမ်ကို ညသန်းခေါင်မှာ ဖောက်ဝင်ပြီး ကျွန်တော့်ကို ရှာတာရှိတယ်လို့ ကျွန်တော်ယုံတယ်။ ကျွန်တော်တို့ အားလုံးဒါကို ရင်ဆိုင်ရတယ် ။ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေရဲ့ မိသားစုဝင်တွေ သူတို့ ဘာမှ မသိပေမယ့် အဖမ်းခံရတယ်၊ အရိုက်ခံရတယ်၊ ထောင်ချခံရတယ်။ သူတို့က ခင်ပျားကို ဖမ်းလို့ မရတဲ့ အခါ ခင်ဗျားအိမ်မှာ ရှိတဲ့ တခြားသူတွေကို သူ

တို့ ဖမ်းတတ်တယ်။ အခုဆို ကျွန်တော့် ခေါင်းထဲမှာ မေးခွန်းတွေ ထွက်ထွက်လာနေတယ်။ ငါ့မိဘတွေကို သူတို့ ဖမ်းမှာလား၊ ဘယ်တော့လဲ။ သူတို့ သူတို့ကို ဘာတွေ လုပ်မလဲ။ ဒါဟာ တကယ့်ကို ကျွန်တော့်ရဲ့ စိတ်ကျန်းမာရေးကို ထိခိုက်စေတယ်။”

MYH-03Pp, နိုင်ငံရေး အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်၊ ကျား။

“စစ်တပ်က ကျွန်မကို တပ်ပြေး ဖမ်းဝရမ်းထုတ်ထားတယ်။ ဒါပေမယ့် Facebook ပေါ်မှာ ကျွန်မ အင်တာဗျူး တိုက်ရိုက် Live လွှင့်ပေးတဲ့ အချိန်အထိ ဆိုးဆိုးရွားရွား ဘာမှ မဖြစ်ခဲ့ဘူး။ ညနေပိုင်းမှာ အင်တာဗျူးကို လိုက်ဖ် လွှင့်ပြီးတာနဲ့ ရေတပ်က လူတွေက ကျွန်မအဖေအိမ်ကို ဝင်တော့တာပဲ အဲဒီကနေ သီးခြားစီ နေတဲ့ ကျွန်မရဲ့ အမနဲ့ အမေတို့အိမ်တွေကို ဆက်သွားတယ်။ သူတို့အားလုံး စစ်ဆေးမေးမြန်းခံရတယ်။ အဲဒီအချိန်တုန်းက ကျွန်မ မိဘတွေက သမီးအဖြစ်က စွန့်လွှတ်ကြောင်းကို သတင်းစာထဲမှာ မထည့်ရသေးဘူး။ ကျွန်မ အရမ်းကြောက်သွားပြီး နောက်ပိုင်းမှာ လူသိထင်ရှား မြင်သာတာတွေ မလုပ်ရဲတော့ဘူး။ မီဒီယာတွေက အင်တာဗျူးတွေ ထပ်တောင်းတဲ့အခါ ကျွန်မ ငြင်းလိုက်တယ်။ ကျွန်မရဲ့ Facebook အကောင့်ဟောင်းမှာ ကျွန်မအမေကို မန္တလေးထောင်မှာ ဖမ်းထားမယ်ဆိုတဲ့ စာတိုကို ရတယ်။ ကျွန်မရဲ့ Facebook အကောင့်ကို ကျွန်မ ဖျက်လိုက်တယ်။ နောက်ပိုင်းမှာ ကျွန်မတို့အမေကို ရက်ပေါင်း ၄၀ ထိန်းသိမ်းထားခဲ့တယ်ဆိုတာ အမက ပြောပြတယ်။”

MYH-02Mp, စစ်သားဟောင်း၊ မ။

ကျွန်တော် ဒီကိုရောက်ပြီး ခြောက်လ ကြာတဲ့အခါ ကျွန်တော့် အဖေအဖမ်းခံရတယ်။ သူက အသက် ၈၀ ရှိပြီ၊ တကယ်ဆိုရင် ကျွန်တော့် မိဘတွေနဲ့ အမက ကျွန်တော်နဲ့ ဝေးဝေးမှာ အေးအေးဆေးဆေးနေတာ။ ကံမကောင်းချင်တော့ ရွာမှာ လူသတ်မှုတစ်ခုဖြစ်ပြီး ရဲတွေရောက်လာပြီး လူတွေကို မေးမြန်းတဲ့အခါ ကျွန်တော့် မိဘတွေမှာ ပုဒ်မ ၅၀၅ (က) နဲ့ အလိုရှိနေတဲ့ သားတစ်ယောက်ရှိပြီး တော်လှန်ရေးမှာ ပါဝင်နေတယ်ဆိုတာ တွေ့သွားတယ်။ ကျွန်တော့်အဖေကို ရဲစခန်းကိုခေါ်သွားပြီး အဲဒီမှာ နှစ်ရက် ထားထားတယ်။ သူတို့က ကျွန်တော်ဘယ်မှာရှိသလဲဆိုတာ မေးကြတယ်။ သူက ကျွန်တော့်အကြောင်း ဘာမှ သိပ်မသိတော့ အရိုက်ခံရတယ်။ အဲဒီနောက်မှ သူတို့က သူ့ကို ကျွန်တော့် အမေနဲ့ ကျွန်တော့် အမကို ပေးတွေ့ပြီး ကျွန်တော့်ကို ပြန်ခေါ်ပေးဖို့ ကျွန်တော့်အဖေက သဘောတူခဲ့မယ်ဆိုရင် သူ့ကို ပြန်လွှတ်ပေးမယ်လို့ သူတို့ကို ပြောတယ်။ ကျွန်တော့်အဖေက ကျွန်တော့်ကို မခေါ်ခဲ့ဘူး။ ဒါကြောင့် အခုဆို သူထောင်ထဲမှာ ခြောက်လ ရှိသွားပြီ။ ကျွန်တော် တော်တော်ခံစားရတယ်။ ကျွန်တော်အဲဒီကို ပြန်သွားပြီး

ကိုယ်စား အဖမ်းခံချင်စိတ်ပေါက်တယ်။ ဒါပေမယ့် ကျွန်တော့်အမေနဲ့ အမ နဲ့ ကျွန်တော့် မိန်းမက အဲလိုလုပ်လဲ ဘာမှ ထူးမှာ မဟုတ်ဘူးလို့ ပြောတယ်။”

TRS-02Co, အစိုးရ ဝန်ထမ်းဟောင်း။ ကျား။

## ဂ) နောက်ယောင်ခံခြင်းနှင့် တိုက်ခိုက်(ရန် အားထုတ်)ခြင်း

တစ်စုံတစ်ဦးကို ချောင်းမြောင်းကြည့်ရှုခြင်းသည် ပုဂ္ဂလိက လွတ်လပ်ခွင့်ကို ချိုးဖောက်ခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ယခုချိန်အထိ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြင်းများ၊ လိင်ဆိုင်ရာ စော်ကားမှု သို့မဟုတ် လူသတ်မှုများကဲ့သို့ ရာဇဝတ် အပြုအမူများကို ဖြစ်ပေါ်စေခြင်း မဟုတ်သ၍ ယင်းမှာ ရာဇဝတ်မှု မဟုတ်ပေ။

မဲဆောက်ရှိ အဝေးရောက် မြန်မာများအတွက် ဆိုင်ဘာ စောင့်ကြည့်နောက်ယောင်ခံခြင်းသည် စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှု ဖြစ်ပြီး ယင်းသည် နောက်ထပ် ထိခိုက် မှုများအတွက် ရည်ရွယ်သော ရုပ်ပိုင်းဆိုင်ရာ နောက်ယောင်ခံခြင်းကို ဖြစ်စေနိုင်သည်။ ရှင်သန်လွတ်မြောက်ခွင့်ရရှိပြီး အတွေ့အကြုံများကို ပြန်လည်ပြောပြနိုင်ခဲ့သည့် သုတေသနတွင် ပါဝင်သူများက မြန်မာ အတိုက်အခံများနှင့် ဒုက္ခသည်များအား ချောင်းမြောင်း စောင့်ကြည့်ခြင်းသည် ပြန်ပေးဆွဲခြင်း၊ တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရှိ နောက်ကွယ်က စေခိုင်းသူတို့၏ လက်တွင်းသို့ ပစ်မှတ်ကို ပို့ဆောင်မည့် ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးခြင်း တို့ ဖြစ်နိုင်သော တိုက်ခိုက်မှု တစ်ခုခု ကို ပြင်ဆင်ရန် ရည်ရွယ်သည်ဟု ယုံကြည်ကြသည်။

“တနေ့ ကျွန်တော် သူငယ်ချင်းတစ်ယောက်ဆီက အွန်လိုင်းခေါ်ဆိုမှု တစ်ခုကို ရတယ်။ သူက “ဟေ့ လူတွေ! မင်းတို့ဘယ်မှာလဲ” လို့ ပြောတယ်။ တစ်ခုခု မှားနေတယ်လို့ ကျွန်တော် ခံစားလိုက်ရတယ်။ ကျွန်တော်တို့ အုပ်စုထဲမှာ “ဟေ့ လူတွေ” လို့ ဘယ်တုန်းကမှ မသုံးဘူးဘူး။ ဒါပေမယ့် အုပ်စုအတွင်း လျှို့ဝှက်ကုဒ်အဖြစ် သိကြတယ်။ ကျွန်တော် သဘောပေါက်လိုက်ပြီး ဖုန်းချလိုက်တယ်။ အဲဒီနောက် ဒီကိစ္စကို စုံစမ်းကြည့်တဲ့အခါ အဲဒီလူက မြန်မာနိုင်ငံမှာ စစ်ကောင်စီရဲ့ ထိန်းသိမ်းခြင်းကို ခံထားရတယ်ဆိုတာ တွေ့ရတယ်။ ကျွန်တော်သူ့ကို ကျေးဇူးတင်တယ် သူက အဲဒီ စကားလုံးကို သုံးပြီး သူက စကစ လက်ထဲရောက်နေတယ်ဆိုတာ ကျွန်တော့်ကို ပြောပြနိုင်လို့ဖြစ်တယ်။ ကျွန်တော် ဘယ်မှာ ရှိတယ်ဆိုတာ ပြောခဲ့ရင် ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မသိဘူး။”

ST-04Pp, နိုင်ငံရေး ပါတီ ဝင်၊ ကျား။

“တိုက်ခိုက်ရန် အားထုတ်မှု” နှင့်အတူလာသော နောက်ယောင်ခံ စောင့်ကြည့်ခြင်းမှ လွတ်မြောက်လာသော သူတို့၏ အတွေ့အကြုံများကို ဝေမျှသော သူများမှာ သူတို့ ထွက်ပြေးခဲ့မှု အနည်းငယ်နောက်ကျခဲ့ပါက ဘာဖြစ်မည်ကို မည်သူကမျှ အတည်ပြုရန် နည်းလမ်း မရှိသော်လည်း သူတို့ ရင်ဆိုင်ခဲ့ရသော ဘေးအန္တရာယ်မှာ နက်ရှိုင်းပြီး စွန့်စားရန် မသင့်ကြောင်းအများစုက ယုံကြည်သည်။ ထိုသို့သော အတွေ့အကြုံများကို ဝေမျှသော ပါဝင်သူအားလုံးမှာ စစ်ကောင်စီတပ် သို့မဟုတ် ၎င်းတို့၏ လက်နက်ကိုင် မဟာမိတ်အဖွဲ့အစည်းများမှ စစ်အရာရှိကြီးများ၊ အရပ်ဘက် အဆင့်မြင့် အစိုးရ ဝန်ထမ်းများနှင့် PDF စစ်သားဟောင်းများ ဖြစ်ကြသည်။

အောက်တွင် ဖော်ပြထားသော ပထမနှင့် ဒုတိယ ဖြစ်ရပ်များတွင် ပစ်မှတ် အတိုက်အခံများ ဖြစ်သော အမျိုးသား ကျောင်းသား လူငယ် (RS-05Aro) နှင့် တစ်ဦးတည်း အမျိုးသမီး (RS-04Ca) တို့က ရည်ရွယ်ချက်မှာ အချက်အလက်များကို နှိုက်ထုတ်ရန်နှင့် အပြစ်ဒဏ်ပေးရန် သူတို့အား ပြန်ပေးဆွဲရန် ဖြစ်သည်ဟု ယုံကြည်ကြသည်။ တတိယ လူ (RS-02Arp)မှာ သူ့ကို လိုချင်သည်မှာ တူညီသော ရည်ရွယ်ချက်ဖြင့် ဖြစ်သော်လည်း ကျူးလွန်သူများက သူ့အား ဖမ်းဆီးရန်နှင့် ကျူးလွန်သူများ ထိန်းချုပ်ထားသော အောက်ရှိ နယ်မြေသို့ ပြန်လည်ပို့ဆောင်ရန် ထိုင်းရဲများကို အသုံးပြုခဲ့သည်။

“တစ်နေ့မှာ ကျွန်တော်နဲ့ PDF ထဲ အတူ ဝင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ဆီက ဆက်သွယ်လာတယ်။ မကြာသေးခင်က ကျွန်တော့်သူငယ်ချင်းက စစ်ကောင်စီရဲ့ ဖမ်းဆီးတာ ခံလိုက်ရပြီး ကျွန်တော်က ထွက်ပြေးလွတ်မြောက်လာပြီး နောက်ဆုံးတော့ မဲဆောက်ကို ရောက်ခဲ့တယ်။ သူပြန်လွတ်လာတယ်လို့ အွန်လိုင်းက ဖုန်းခေါ်ပြီး ပြောတယ်၊ PDF ထဲပြန်ဝင်ဖို့ကိုတော့ မစွန့်စားတော့ဘူးလို့လည်း ပြောတယ်။။ သူက မဲဆောက်ကို လာချင်နေတယ်။ နောက်ဆုံးတော့ သူလွတ်လာလို့ ကျွန်တော် ဝမ်းသာမိတယ်၊ ကျွန်တော်က သူ့ကို ကျွန်တော်တို့နဲ့ အတူနေပြီး ကျွန်တော်တို့ လိုပဲ ခက်ခဲတဲ့ အလုပ်တွေ လုပ်လို့ ရတယ်လို့ ပြောလိုက်တယ်။ ကျွန်တော့် ဖုန်းနံပါတ်နဲ့ လိပ်စာကို သူ့ကို ပေးလိုက်ပြီး အဲဒီအကြောင်းကို ကျွန်တော့် အခန်းဖော်ကို ကျွန်တော် ပြောပြတယ်။

ဒါပေမယ့် နောက်တစ်နေ့မနက်မှာပဲ ကျွန်တော့်အခန်းဖော်နဲ့ ကျွန်တော် အလုပ်မှာ ရှိနေတုန်း သူငယ်ချင်းက ဖုန်းဆက်ပြီး ကျွန်တော်တို့ အိမ်ရှေ့မှာ ရောက်နေပြီလို့ ပြောခဲ့တယ်။ ကျွန်တော်က အလုပ်ပြီးအောင် လုပ်ဖို့ လိုတာကြောင့် အဲဒီမှာပဲ စောင့်နေဖို့ ပြောခဲ့တယ်။ အဲဒီနောက်တော့ ကျွန်တော့် အခန်းဖော်က စပြီး သူရောက်လာတာ သိပ်မြန်တဲ့အပေါ် သံသယဝင်လာခဲ့ပြီး သေချာအောင် အဝေးက စောင့်ကြည့်ဖို့ အကြံပေးတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ အဲလို လုပ်ခဲ့တယ်။။ အဲဒီမှာ ကျွန်တော့် သူငယ်ချင်းတော့ မရှိပေမယ့် လူစိမ်းတစ်ချို့ ကျွန်တော့်အိမ်နားမှာ နေနေတာကို တွေ့ခဲ့တယ်။

RS-05Aro, former student and member armed resistance group, male

ကျွန်တော်က အိမ်နီးနားချင်းကို ဖုန်းလှမ်းဆက်ပြီး ကျွန်တော်ကို တစ်ယောက်ယောက် လာရှာ ရှိလား၊ အဲဒီလူက ဘယ်လိုပုံလဲ ၊ သူအဲဒီမှာ ရှိနေသလား လို့ မေးကြည့်တယ်။ သူက ကျွန်တော့်ရဲ့ သံသယကို အတည်ပြုပေးပြီး အဲဒီလူတွေ အနားမှာရှိနေတုန်းပဲလို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော် ပြေးရတော့မယ်ဆိုတာ သိတယ်။ အဲဒီညက ကျွန်တော်နဲ့ ကျွန်တော့်အခန်းဖော် အလုပ်က သူငယ်ချင်းတစ်ယောက် ဆီမှာ တည်းခိုခဲ့တယ်။ နောက်နေ့ကျတော့ အဲဒီလူတွေ ထပ်လာပြန်တယ်လို့ အိမ်နီးနားချင်းဆီက သိလိုက်ရတော့ တစ်လနီးပါးလောက် အဝေးမှာ ကျွန်တော်တို့ နေကြတယ်။ အကြောင်း တစ်ခုခုကြောင့် ကျွန်တော်တို့ကို ဖမ်းဖို့ကြိုးစားနေကြတယ်လို့ ထင်တယ်၊ ကျွန်တော့်ရဲ့ နေရာကို အတိအကျသိရဖို့အတွက် ကျွန်တော့် သူငယ်ချင်းကို ငါးစာ အဖြစ် သုံးလိုက်တာပဲ။ ဒီလူတွေက ဘယ်သူတွေလဲ ဆိုတာပြောဖို့ခက်တယ်။ ဘာလို့လဲ ဆိုတော့ မြဝတီမှာ ဓါတ်ပုံနဲ့ တကွ ကြေညာပြီး ကျွန်တော့်ကို ဝရမ်း ထုတ်ထားတယ်။

RS-05Aro ကျောင်းသားနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ဝင် ဟောင်း၊ ကျား၊

“ကျွန်မ နေပြည်တော်ကနေ ဒီကို ထွက်ပြေး လွတ်မြောက်လာခဲ့ပြီး တစ်လတောင် မကြာသေးဘူး၊ ကျွန်မကို လူနှစ်ယောက် လာရှာတဲ့ အကြောင်း ကျွန်မအိမ်နီးချင်းက ကျွန်မကို ပြောတယ်။ အဲဒီအချိန်တုန်းက သူက ကျွန်မကို မသိသေးဘူး။ နောက်ပိုင်းမှာ ခေါက်ဆွဲဆိုင်ရှင်ရဲ့ သမီးနဲ့ ကျွန်မ ပြဿနာ ဖြစ်တယ်။ အဓိကကတော့ ဆူညံလို့နဲ့ အမှိုက်တွေကြောင့်ဖြစ်တယ်။ အသံတွေ ဆူရင် ထိုင်းရဲတွေကို စိတ်ဝင်စားစေမယ်၊ အမှိုက်တွေက ကျွန်မကို မောင်းထုတ်ခံရစေမယ်လို့ သူနဲ့ သူ့အမေကို ကျွန်မပြောတယ်။ ဒါပေမယ့် ဘာမှ မထူးပါဘူး။ ဒါကြောင့် အိမ်ရှင်ကို ကျွန်မ ပြောပြတော့ သူက သူတို့ နှစ်ယောက်လုံးနဲ့ ဒေါသတကြီး စကားပြောတယ်။ ရက်နည်းနည်းကြာတဲ့အခါ လူစိမ်းနှစယောက်ရောက်လာပြီး ကျွန်မ တံခါးကို ထုပြီး မြန်မာလို အော်ကြတယ်။ ကျွန်မ အိမ်နီးချင်းကို ဖုန်းခေါ်ပြီး အကူအညီတောင်းပေမယ့် သူက အိမ်ပိုင်ရှင်ကို ဖုန်းခေါ်ဖို့ သူသိပ်ကြောက်နေခဲ့တယ် ။ ဒါပေမယ့် ဆူညံသံတွေကြောင့် ကျွန်မတို့နဲ့ သိပ်မဝေးတဲ့ အိမ်တစ်အိမ်မှာ နေတဲ့ ထိုင်းနိုင်ငံသူတစ်ယောက်က ကြည့်ဖို့ ထွက်လာပြီး သူတို့တွေကို အော်တယ် အပြစ်တင်တယ်။ ပြီးတော့ သူက ရဲကို ဖုန်းဆက်လိုက်မယ်လို့ ပြောတော့ သူတို့ ပြန်ထွက်သွားတယ်။ အဲဒါပြီးတော့ ကျွန်မ အဲဒီကနေ စပြီး ရွှေ့တော့တာပဲ။”

RS-04Ca, အစိုးရ ဝန်ထမ်းဟောင်း၊ မ။

“ကျွန်တော့် သူငယ်ချင်းက BGF လက်နက်ချ တယောက်ဖြစ်တယ်။ နည်းနည်း ရာထူးကြီးတယ်။ သူက သူ့မိသားစု ခြိမ်းခြောက်ခံရလို့ မဲဆောက်ကို ထွက်ပြေးလာခဲ့တာ။ သူတို့က ကျွန်မတို့နားမှာ အိမ်တစ်အိမ်၍ငှားနေတယ်။ ခြောက်လလောက်ကြာပြီးတဲ့အခါ လူစိမ်းတယောက် ရောက်လာပြီး သူ့ကို ဂိတ်ကနေ လှမ်း ခေါ်တယ်။ သူဟာ အိမ်နီးချင်း တစ်ယောက်ဖြစ်ကြောင်း ပြောပြီး သင်္ကြန် (ရေကစားပွဲ) အတွက် မုန့်ပေးချင်တယ်လို့ ပြောတယ်။ အဲဒီလူက စပ်စုပြီး မေးခွန်းတွေ အများကြီးမေးတဲ့အတွက် မိသားစုကို စိတ်မသက်မသာ ဖြစ်စေတယ်။
အဲဒီနောက် နှစ်ရက်ကြာတဲ့အခါ ထိုင်းရဲတွေ လာတယ်။ ဆူဆူညံညံ လုပ်လို့ တိုင်တာ ရှိတယ်လို့ ပြောတယ်။ ကံကောင်းတာက သူ အဲဒီမှာ မရှိဘူး။ ရဲက သူ့မိန်းမကို လူဘယ်နှစ်ယောက် အဲဒီမှာ နေသလဲလို့ မေးတော့ သူက နှစ်ယောက်ပဲ ရှိပြီး ဆူညံသံတွေ လုပ်တယ်ဆိုတာ မဖြစ်နိုင်တဲ့အကြောင်း သူက ပြောတယ်။ သူက ရဲတွေကို ပိုက်ဆံပေးတယ်။ ရဲတွေ ပြန်သွားတဲ့ အခါ သူ့ယောကျ်ားကို သူ ဆက်သွယ်တယ်။ အဲဒီနောက် မိသားစု တစ်စုလုံး အဲဒီနေ့မှာပဲ ပြောင်းသွားတယ်။ သူတို့ စုထားတဲ့ ပိုက်ဆံလေး ကုန်ကာနီးအထိ သူတို့ အကြိမ်များစွာ ပြောင်းကြရတယ်။ အခု သူတို့ မဲဆောက်မှာ မရှိတော့ဘူး၊ ကျွန်တော်လည်း အဲဒီကတည်းက သူတို့အကြောင်း မကြားတော့ဘူး။”

RS-02Arp, လက်နက်ကိုင်အဖွဲ့ တပ်ဖွဲ့ဝင်ဟောင်း၊ ကျား။ (မိတ်ဆွေ၏ ပြောပြချက်)

ပါဝင်သူ အများစုက စစ်ကောင်စီနှင့် သူ၏ မဟာမိတ်များသည် မဲဆောက်ရှိ ရွှေ့ပြောင်းအလုပ်သမား အသိုင်းအဝိုင်းတွင် အာဏာသိမ်းပြီးပြီးချင်းနောက်ပိုင်း သတင်းပေးများကို တိုးမြှင့်ထားပြီး ထိုသူများမှာ ဒုက္ခသည်များကဲ့သို့ပင် မဲဆောက်သို့ လမ်းကြောင်းအမျိုးမျိုးမှ သွားလာနိုင်သည်ဟု ယုံကြည်ကြသော်လည်း ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ် ၁ ကို ပြန်လည်ဖွင့်လှစ်ခြင်းမှာ အထင်ကရ ဖြစ်စေသည်။[29] ကိုဗစ် ၁၉ ကန့်သတ်ချက်များနှင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းက စတင်ခဲ့သည့် မဲဆောက်-မြဝတီ နယ်စပ်အနီး တိုက်ပွဲများ ကြောင့် နယ်စပ်ဖြတ်ကျော်သည့် တစ်ခုတည်းသော တရားဝင် လမ်းကြောင်းအဖြစ် ဝန်ဆောင်ခဲ့သော တံတားမှာ သုံးနှစ်ကြာအောင် ပိတ်ထားခဲ့သည်။ ထို တရားဝင် နယ်စပ်ဖြတ်သန်းသည့် လမ်းကြောင်းကို ပြန်လည် ဖွင့်လှစ်ခြင်းသည် ပါဝင်သူများ၏ အမြင်အရ အဝေးရောက် မြန်မာ အသိုင်းအဝိုင်းကို စစ်ကောင်စီ၏ အဆင့်ဆင့်သော အရာရှိများအနေဖြင့် လူကိုယ်တိုင် လက်လှမ်းမီနိုင်သော အခွင့်အလမ်းကို ပိုမို ဖြစ်ပေါ်စေသည်။

29 ဆက်လက် ဖတ်ရှုရန်။ https://myanmar-now.org/en/news/thai-myanmar-border-bridge-reopens-after-three-year-closure/

"တံတား ပြန်ဖွင့်လိုက်တာနဲ့ သူတို့က ကားနှစ်စီးနဲ့ ဝင်လာပြီး ကျွန်တော်တို့ ခိုလှုံရာ ဂေဟာကို ပတ်မောင်းတော့တာပဲ။ အဲဒါကြောင့် ကျွန်တော်တို့ တခြားလုံခြုံတဲ့ နေရာကို ရွှေ့ခဲ့ရတယ်။"

NGY-02Pp, နိုင်ငံရေး အဖွဲ့ အစည်း အဖွဲ့ဝင်၊ ကျား။

## ပျောက်ဆုံးခြင်း

လုပ်ကြံသတ်ဖြတ်ခြင်းနှင့် TNR ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု ဖြစ်ရပ်များနှင့် ပတ်သက်၍ အတွေ့အကြုံများ မရှိပါ။ ယင်းအစား ပျောက်ဆုံးမှု ဖြစ်ရပ်တစ်ခု သတင်းထွက်ပေါ်ခဲ့သည်။ ကံမကောင်းစွာပင် နယ်စပ် အသံ အဖွဲ့သည် ထွက်ဆိုမှုများ တွင် ပါဝင်သော လူပုဂ္ဂိုလ်များ၏ အနီးကပ် ဆွေမျိုးများကို လက်လှမ်းမမီနိုင်ခဲ့ပေ။ ယင်းသို့ မဖြစ်မီ သတိပေးသည့် လက္ခဏာများဖြစ်သည့် ဆိုင်ဘာ ခြိမ်းခြောက်မှုများ နှင့် ရုပ်ပိုင်းဆိုင်ရာ နောက်ယောင်ခံလိုက်ခြင်းများ ရှိမရှိကို သတင်းအချက်အလက် မ ရရှိပါ။

"ကျွန်တော့် လုပ်ဖော်ကိုင်ဖက်တွေ အပြောအရ သူက မဲဆောက်ကို သူ့ဘာသာ လာခဲ့တယ်။ ၂၀၂၂ ခုနှစ် မေလ ၇ ရက် မနက်ပိုင်းမှာ သူက မဲဆောက်မှာ ရောက်နေပြီလို့ ကျွန်တော်တို့ကို လှမ်းဆက်သွယ်တာနဲ့ ကျွန်တော်တို့က သူတို့ သွားကြိုဖို့ အချိန်၊ နေရာနဲ့ ရက်စွဲတွေ စီစဉ်တယ်။ ချိန်းဆိုထားတဲ့အတိုင်း သွားတဲ့ ရက်မှာ သူက ပေါ်မလာဘူး။ ကျွန်တော်တို့ အဲဒီအချိန်က စပြီး အခု အချိန်အထိ ဘာဖြစ်တယ်ဆိုတာကို ရှာဖွေခဲ့ပေမယ့် ဘာသဲလွန်စမှ မရဘူး။ အခုဆိုရင် တစ်နှစ်ကျော်ရှိသွားပြီ ကျွန်တော်တို့ သူ့ဆီက ဘာသံမှ မကြားရဘူး၊ သူ့ကို ဘယ်သူက ဖမ်းသွားလဲ ဒါမှမဟုတ် သတ်သွားလဲဆိုတာ ကျွန်တော်တော့ ဘယ်လိုမှ မသိရဘူး။

MYH-04Ara, လက်နက်ကိုင် တော်လှန်ရေး အဖွဲ့ အဖွဲ့ဝင်ဟောင်း၊ ကျား။

## ဃ) အာဏာပိုင်များအကြား နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု

နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း နှင့် တရားမဝင် ပြန်လည်ပို့ဆောင်ခြင်း တို့တွင် နှစ်နိုင်ငံ အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှု များရှိသည်ဟု သုတေသနတွင် ပါဝင်သူများအားလုံးက ယုံကြည်သည်။ ယင်းမှာ ထိုင်း နှင့် မြန်မာ အစိုးရများနှင့် စစ်တပ်များ အကြား အနီးကပ် ရင်းနှီးမှုများနှင့် အဝေးရောက် အသိုင်းအဝိုင်း၏ သံသယ ဖြစ်ဖွယ်ရာ အတွေ့အကြုံများကို အားလုံးက အသိအမှတ်ပြု ထားသည့် အချက်ပေါ်တွင် မူတည်သည်။

> “ကျွန်မတို့ က ထိုင်းနိုင်ငံမှာ ဆိုပေမယ့် ကျွန်မတို့တွေ လုံးဝ လုံခြုံမှု ရှိမနေဘူး၊ ဘာလို့လဲဆိုတော့ ထိုင်းနဲ့ မြန်မာ စစ်တပ်တွေက တော်တော်နီးစပ်တယ်။ နိုင်ငံရေး လှုပ်ရှားသူတွေကို နိုင်ငံရေး ဒါမှမဟုတ် စီးပွားရေး အကြောင်းရင်းတွေကြောင့် အလဲအလှယ် လုပ်နိုင်တယ်။ ထိုင်းနိုင်ငံ ဖြစ်တာကြောင့် စစ်ကောင်စီက ဒီကိုလာပြီး ကျွန်မတို့ကို မဖမ်းနိုင်ဘူး၊ ဒါပေမယ့် ဒီမှာ အာဏာရှိတဲ့ ထိုင်းအာဏာပိုင်တွေနဲ့ သူတို့ အလုပ်လုပ်လို့ ရနိုင်တယ်။”
>
> TRS-06Ca, အစိုးရ ဝန်ထမ်းဟောင်း၊ မ။

TNR အတွက် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းကို ထိုင်းဘက်ရှိ လုံခြုံရေး အေဂျင်စီ ယူနစ်တစ်ခု သို့မဟုတ် အများအပြားနှင့် မြန်မာဘက်မှ အာဏာရှိသော အုပ်စု တစ်ခု သို့မဟုတ် အများအပြား အကြား ပူးပေါင်းဆောင်ရွက်ခြင်းဟု ရှင်းပြနိုင်သည်။ မြန်မာဒုက္ခသည်များနှင့် အတိုက်အခံ အများစုသည် ရဲ၊ လူဝင်မှုကြီးကြပ်ရေး ရဲ၊ နယ်ခြားစောင့်ရဲ၊ ခြေလျင်တပ်ရင်း စစ်သား၊ နယ်ခြားစောင့်တပ်၊ စေတနာ့ဝန်ထမ်း ကာကွယ်ရေး တပ်ဖွဲ့များနှင့်ရွာလုံခြုံရေး အဖွဲ့များကို ယူနီဖောင်းနှင့် လက်နက် တပ်ဆင်ပုံအပေါ်မူတည်လျက် မတူညီသော ထိုင်းလုံခြုံရေးတပ်ဖွဲ့ ယူနစ်များအကြား ခွဲခြားနိုင်ခြင်း မရှိကြပေ။ ပူးတွဲ စစ်ဆင်ရေးကိုရဲအဖွဲ့ ရှာဖွေမှု အဖြစ် နှင့် ယူနစ် တစ်ခုမှ တပ်ဖွဲ့ဝင်များကို အခြားတပ်ဖွဲ့တစ်ဖွဲ့အဖြစ်လည်းကောင်း နားလည်မှု လွဲနိုင်သည်။ သို့ဖြစ်ရာ ဤ အစီရင်ခံစာတွင် ယူနစ်အမည်များကို အတိအကျ ဖော်ပြခြင်းမပြုပဲ “ အာဏာပိုင်များ” နှင့် “အရာရှိများ” ဟူသော ဝေါဟာရများကို အများဆုံး အသုံးပြုထားသည်။

မဲဆောက်တွင် မြန်မာဘက်ခြမ်းက အဓိက ကျသော သူများမှာ အာဏာရ စစ်အုပ်စု သို့မဟုတ် မြန်မာ စစ်တပ်ဖြစ်သည့် စစ်ကောင်စီသာ မကပဲ မြဝတီတွင် နယ်စပ်နယ်မြေများကို ထိန်းချုပ်ထားသော နယ်ခြားစောင့် တပ်ဖွဲ့ BGF အဖွဲ့လည်း ပါဝင်သည်။ မြန်မာ စစ်တပ်က မြဝတီတွင်နယ်စပ် အခြေစိုက်စခန်းများ မရှိပဲ မဲဆောက်၏ မျက်နှာချင်းဆိုင် နယ်မြေ အများစုမှာ BGF ၏ အာဏာပိုင်စိုးမှုအောက်တွင် ရှိပြီး သူ့နောက်တွင် DKBA နှင့် KNU အဖွဲ့ နယ်မြေများ ရှိသည်။ သို့ဖြစ်ရာ မဲဆောက်တွင် တိုက်ရိုက် ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှုများမှာ မြန်မာစစ်တပ်ထက် BGF တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်များ ဖြစ်လေ့ရှိသည်။ ယင်းလုပ်ငန်းရည်ရွယ်ချက်မှာ စစ်ကောင်စီ ကိုယ်စားလား၊ သို့မဟုတ် စစ်ကောင်စီ၏ အကျိုးစီးပွားအတွက်လား နှင့် BGF-စစ်ကောင်စီ ဆက်ဆံရေး အတွက်လား သို့မဟုတ် ၎င်း၏ အကျိုးစီးပွား သက်သက်လား ဆိုသည်မှာ ရည်ရွယ်ချက်များ အပေါ်မူတည်လျက် ရှုတ်ထွေးမှု ရှိသည်။

"မဲဆောက်မှာ BGF ကို စစ်ကောင်စီ ထက် ကျွန်တော်တို့ ပိုကြောက်တယ်။ စစ်ကောင်စီသည် ဤနယ်စပ်ဒေသတွင် ပါဝါ များများစားစားမရှိပါ။ DKBA သည် ပဋိပက္ခမှ ဝေးဝေးတွင် နေရန် ကြိုးစားပေမယ့် သူတို့ရဲ့ စီးပွားရေးကိုသာ အာရုံစိုက်နေပါတယ်။ တစ်ခါတစ်ရံ BGF ဟာ မိတ်ဆွေလည်း ဖြစ်နိုင်ပါတယ်။ ဥပမာအားဖြင့်၊ CDM လုပ်သူ အများအပြားကို ဤနေရာသို့ ထွက်ပြေးလာနိုင်ဖို့ သူတို့ ကူညီပေးခဲ့ကြတာပါ၊ အဲဒီအတွက် အခကြေးငွေ ပေးခဲ့ရတယ် ဆိုတာ ကျွန်တော်သိပေမယ့် ကျွန်တော့် သူငယ်ချင်း အများအပြား ဒီနေရာကို ခလုတ်မထိပဲ ကောင်းကောင်းမွန်မွန် ရောက်လာခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က သူတို့ကိုလည်း ကြောက်ရပါတယ်။ ဘာလို့လဲ ဆိုရင် သူတို့က- ကျွန်တော်တို့ကို ဖမ်းဆီးနှိပ်စက်ပြီး သတင်းတွေ နှိုက်ထုတ်နိုင်သလို ကျွန်တော်တို့ကို စစ်ကောင်စီဆီကိုလည်း ပို့လိုက်နိုင်ပါတယ်။ စစ်ကောင်စီဟာ BGF တို့ဆီက ပူးပေါင်းဆောင်ရွက်မှုကို တောင်းဆိုနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ တစ်ခါတစ်ရံ BGF တွေဟာ သူတို့ရဲ့ ဆက်ဆံရေးကို ပံ့ပိုးပေးရန် စစ်ကောင်စီကို ကျေနပ်အောင် လုပ်ပေးရ နိုင်ပါတယ်။ ဒါပေမယ့် ဒါဟာ BGF ကိုယ်တိုင်အတွက် သူ့ အကျိုးအမြတ်အတွက်ပဲလည်း ဖြစ်နိုင်ပါတယ်။"

TP-06Aa, တက်ကြွလှုပ်ရှားသူ၊ ကျား။

ထိုင်းနှင့် မြန်မာ အစိုးရများအကြား TNR နှင့် သက်ဆိုင်သော အောက်တွင် ဖော်ပြထားသည့် ပူးပေါင်းဆောင်ရွက်မှု အဆင့် သုံးမျိုးမှာ ပါဝင်သူများ အတွေ့အကြုံနှင့် အမြင်များ၊ မီဒီယာ ထုတ်ပြန်ချက်များနှင့် နယ်စပ်အသံ၏ တွေ့ရှိမှုများမှ ထုတ်နှုတ်ထားခြင်းဖြစ်သည်။

## ၁။ အစိုးရမှ အစိုးရသို့ မူဝါဒ

နှစ်ပေါင်းများစွာ မီဒီယာ ထုတ်ပြန်ချက်များက ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ အကြား ခိုင်မာသော သံတမန်ရေးနှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်နေသည်။[30] အာဏာသိမ်းပြီးသည်နှင့် သူကိုယ်တိုင်လည်း အာဏာသိမ်းပြီး အာဏာရလာခဲ့သည့် ထိုင်းဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးက မြန်မာ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ထံမှ ဒီမိုကရေစီကို ပံ့ပိုးကူညီဖို့ အကူအညီတောင်းခံထားသည့် စာတစောင် ရရှိထားကြောင်း ကြေညာခဲ့ပြီး ဆက်လက်၍ "ယနေ့ အချိန်အခါတွင် အရေးအကြီးဆုံးမှာ ကောင်းမွန်သော ဆက်ဆံရေးများကို ထိန်းသိမ်းရန်ဖြစ်သည်" ဟု ထင်မြင်ချက်ပင် ပေးခဲ့သည်။[31] ၂၀၂၃ တွင် သက်တမ်းကုန်ဆုံးခဲ့သည့် ယခင် အစိုးရက အာဆီယံ အဆင့်မြင့် အစည်းအဝေးများ[32] တွင် မြန်မာ စစ်အုပ်စုကို ပြန်လည် ခေါ်ဆောင်နိုင်ရန် ကြိုးပမ်းအားထုတ်မှု အများအပြား လုပ်ဆောင်ခဲ့သည်

30. ဆက်လက် ဖတ်ရှုရန်။ www.straitstimes.com/asia/thailand-and-myanmar-traditional-rivals-now-brothers-in-arms
31. Ibid., (22)
32. ဆက်လက် ဖတ်ရှုရန်။ www.reuters.com/world/asia-pacific/thailand-seeking-re-engage-myanmar-junta-with-asean-meeting-letter-sources-2023-06-16/

။ တချိန်တည်းမှာပင် နှစ်နိုင်ငံ စစ်ခေါင်းဆောင်များ မကြာခဏ စကားပြောခြင်း နှင့်/သို့ တွေ့ဆုံခြင်းများ လုပ်ဆောင်နေခဲ့သည်[33]။ ၂၀၂၃ ခုနှစ် ဩဂုတ်လ တွင် အာဏာရလာခဲ့သည့် ထိုင်း အစိုးရ အဖွဲ့သစ်သည် ယခုအထိ သိသိသာသာ ခြားနားသော ချည်းကပ်မှုမျိုးကို ပြသခြင်းမရှိသေးပေ။ မကြာသေးမီ ၂၀၂၄ ခုနှစ် ဇန္နဝါရီလက ထိုင်းနိုင်ငံ၏ စစ်ဦးစီးချုပ်က မင်းအောင်လှိုင်နှင့် နယ်စပ်ရှိ တရားမဝင် လုပ်ဆောင်မှုများကို နှိမ်နင်းခြင်း၊ လူသားချင်းစာနာသော အကူအညီ၊ သတင်းအချက်အလက် ဖလှယ်ခြင်းနှင့် ‘နယ်စပ် ဒေသများတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အာမခံချက်ရှိစေရန် ကြိုးပမ်းအားထုတ်ရန်’ တို့အတွက် ပူးပေါင်းလုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။[34]

နီးကပ်သော ဆက်ဆံရေးနှင့် အဝေးရောက်မြန်မာများ၏ သံသယများ ရှိသော်လည်း TNR ရည်ရွယ်ချက်အတွက် အစိုးရ နှစ်ခု အကြား မကြာသေးမီကာလ အတွင်း တိုက်ရိုက် ပူးပေါင်းဆောင်ရွက်သည့် အထောက်အထား အခိုင်အမာ မရှိသေးပေ။

တာ့ခ်ခရိုင်တွင် ဆေးရုံတင်ထားရသော ကရင် အမျိုးသား ကာကွယ်ရေး အဖွဲ့ KNDO မှ ဒဏ်ရာရအဖွဲ့ဝင် ၁၅ ဦးနှင့် PDF တို့၏ လှုပ်ရှားမှုများကို ထိထိရောက်ရောက် ထိန်းကျောင်းရန် လိုအပ်သလို အရေးယူဆောင်ရွက်ရန် ထိုင်းစစ်တပ်အား တောင်းဆိုခဲ့သည့် မြန်မာစစ်သံမှူး၏ ကြိုးပမ်းမှုကို[35] ဖမ်းဆီးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် တုံ့ပြန်ခဲ့ခြင်း မရှိပေ။ ၂၀၂၃ ခုနှစ်လယ်တွင် မဲဆောက်နှင့် အခြားနေရာများတွင် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများကို မကြာခဏ စီးနင်းမှုများသည် မြန်မာစစ်အစိုးရ[36]၏ ဖိအားပေးမှုကြောင့် ဖြစ်နိုင်သလို အာဏာမလွှဲမီနှင့် လွှဲအပြီးတွင် လုပ်လေ့ရှိသော ပုံမှန်စီးနင်းမှုများသာ ဖြစ်နိုင်သည်။ အဆိုပါစီးနင်းမှုများကြောင့် နိုင်ငံရေး ဒုက္ခသည်များ သို့မဟုတ် အတိုက်အခံများကို ထောင်သွင်းအကျဉ်းချခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်း လုပ်ဆောင်ခဲ့သည်ဆိုသည့် သတင်းရေးသားမှုမျိုး မတွေ့ရပေ။

သို့ရာတွင် လေ့လာသူများက ထိုင်းနိုင်ငံ၏ ရည်မှန်းချက်များဖြစ်သော “ကောင်းမွန်သော ဆက်ဆံရေး” နှင့် နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရှိရေးအတွက် အတင်းအဓမ္မ အနစ်နာခံစေသည်ဟု သဘောတူကြသည်။

> “စစ်ကောင်စီက ထိုင်းနိုင်ငံမှာ ကျွန်မတို့ကို မြင်လည်းမမြင်ချင်ဘူး၊ ကြားလည်း မကြားချင်ဘူး။ ဒါကြောင့် ထိုင်း အစိုးရက ကျွန်မတို့ကို တရားမဝင်တဲ့လူတွေ အဖြစ်ဆက်ဆံတဲ့အတွက် ကျွန်မတို့ကို မြင်လည်းမမြင်ရဘူး၊ ကြားလည်းမကြားရဘူး၊ အဲဒါကတော့ ထိုင်းအစိုးရနဲ့ပဲ ဆိုင်တယ် သူတို့ဘာကို ဂရုပိုစိုက်သလဲ စစ်ကောင်စီနဲ့ ဆက်ဆံရေး လား ဒါမှမဟုတ် နိုင်ငံတကာ နာမည်ကောင်းလားပေါ့။”
>
> TP-05Aa, တက်ကြွလှုပ်ရှားသူ၊ မ။

33. ဥပမာအားဖြင့်။ မြန်မာစစ်တပ်မှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည့် လေတပ်ဦးစီးချုပ်များ ညီလာခံ the meeting between the Thai Air Force Commander-in-chief with Min Aung Hlang after the end of the 20th ASEAN Air Chiefts Conference chared by the Myanmar military, https://prachataienglish.com/node/10603

34. ဆက်လက် ဖတ်ရှုရန်။ www.thaipbsworld.com/thai-military-chief-discusses-cooperation-with-myanmars-min-aung-hlaing/

35. မြန်မာ CSOများနှင့် မီဒီယာ တွင် ဖြန့်ဝေ လည်ပတ်နေသော ထိုင်း ဘုရင့် တပ်မတော်၊ ထောက်လှမ်းရေး ညွှန်ကြားရေးဌာန၊ ပြင်ပ ဆက်ဆံရေးရုံး ဒါရိုက်တာ၊ ဗိုလ်မှူးကြီး Khamthorn Kirtthamai သို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် ရက်စွဲဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံရုံး၊ ကြည်း၊ ရေ၊ လေ စစ်သံမှူးရုံး၊ ကြည်းရေလေ စစ်သံမှူး ဗိုလ်မှူးချုပ် နေထွန်းဦး ထံမှ ပေးပို့သော စာ။ ယင်းစာမှာ စစ်မှန်သည်ဟု ဒေသခံ တပ်မတော်ယူနစ်က အတည်ပြုသည်။

36. ဤအစီရင်ခံစာတွင် အင်တာဗျူးပေးသူအဆို အရ www.bnionline.net/en/news/sudden-increase-arrests-undocumented-myanmar-nationals-mae-sot

စစ်အုပ်စုနှင့် ကောင်းမွန်သော ဆက်ဆံရေး ဆိုသည်မှာ တစ်စုံတစ်ဦးသည် ၎င်း၏ ရန်သူများနှင့် ပွင့်လင်းစွာ ကောင်းမွန်သော ဆက်ဆံရေးကို မထိန်းသိမ်းနိုင်ပေ။ မူဝါဒ ရပ်တည်မှုသည် ထိုင်းအစိုးရ၏ နိုင်ငံရေး ဒုက္ခသည်များ အပေါ် မူဝါဒနှင့် တည်ရှိမှုကို ငြင်းပယ်ခြင်း၊ ဒုက္ခသည်များအား ကာကွယ်မှုနှင့် အခွင့်အရေးများ အပေါ် တိုက်ရိုက် သက်ရောက်မှု ရှိပြီး လူများ၏ TNR ဖြစ်နိုင်ချေကို အဓိက ပေးသော အကြောင်းရင်းလည်း ဖြစ်သည်။ ထို့အပြင် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း မြန်မာစစ်တပ်၏ ကျူးကျော်မှုအားလုံး၏[37] အရေးပါမှုများကို ထိုင်းအစိုးရ၏ နှိမ့်ချခြင်းသည် TNR ဖြစ်နိုင်ခြေကို အထောက်အကူဖြစ်စေသော အချက်တစ်ချက်ဖြစ်သည်။

37. ဥပမာ- ၂၀၂၂ ခုနှစ် ဇူလိုင်လ မြန်မာ ဂျက်လေယာဉ် ကျူ့ူးကျော်မှု။ (https://www.thaipbsworld.com/pm-says-incursion-of-myanmar-jet-into-thai-air-space-not-a-big-deal/) နှင့် ၂၀၂၃ စက်တင်ဘာလ တပ်ဖွဲ့ဝင် ၈၀-၁၀၀ www.bangkokpost.com/thailand/politics/2645829/border-hopping-myan-mar-troops-cause-alarm

38. မြန်မာစစ်တပ်ကို ဆန်ပေးပို့မှု အပေါ် ထိုင်း စစ်တပ်မှ ငြင်းဆို။ ဆက်လက် ဖတ်ရှုရန်။ www.bangkokpost.com/thailand/general/2086967/army-denies-supplying-rice-to-myanmar-troops

39. https://www.rfa.org/english/news/myanmar/raids-03232023163854.html

## ၂။ ထိုင်း ဒေသခံ လုံခြုံရေး ယူနစ်များနှင့် ပူးပေါင်းဆောင်ရွက်မှု

> “နာမည်ကြီးတဲ့ သူတွေ ဖမ်းခံရတာနဲ့ ပတ်သက်ပြီး သတင်းကြားတော့ စစ်ကောင်စီနဲ့ ပတ်သက်နေနိုင်တာကို ကျွန်မ စိုးရိမ်တယ်။ ဒီနေရာကို ရဲက အကြိမ်ကြိမ်ရှာတယ်ဆိုတာ ထိုင်းနှင့် မြန်မာ အာဏာပိုင်တွေကြား ပူးပေါင်းဆောင်ရွက်တာမျိုး ဖြစ်နိုင်ပါတယ်။ ဥပမာအားဖြင့် အထူးသဖြင့် လုံခြုံရေး ဂေဟာကို ဘာလို့ မကြာခဏ ပစ်မှတ်ထားတာလ။ သတင်းပေးတဲ့သူက ကျွန်မတို့ကို ပြဿနာရှာချင်လို့လား ဒါမှမဟုတ် မြန်မာစစ်တပ်က ထိုင်းတွေကို တောင်းဆိုလို့လား။”
>
> TRS-05Ba, ပုဂ္ဂလိက စီးပွားရေး လုပ်ငန်း ပိုင်ရှင်၊ မ။

ဤနေရာတွင် ပူးပေါင်းဆောင်ရွက်မှုသည် အဆင့်မြင့်ကွပ်ကဲမှုအောက်ရှိ သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးအမြတ်အတွက်မဟုတ်ဘဲ ထိုင်းနိုင်ငံ၏ အကျိုးစီးပွားအတွက်ဖြစ်သည်ဟု ညွှန်းဆိုထားသော အဆင့်မြင့်တပ်မှူးတစ်ဦးမှ အသိအမှတ်ပြုထားသော ဒေသန္တရ ဆိုင်ရာ ရည်မှန်းချက်ပါသော တာဝန်ကို ရည်ညွှန်းသည်။

သုတေသနတွင် ပါဝင်သူများသည် မြို့နယ်အဆင့် နယ်ခြားကော်မီတီ၏ မကြာခဏ တွေ့ဆုံမှုများနှင့် သံလွင်မြစ်ကမ်းတွင် ထိုင်းစစ်တပ်မှ လျှို့ဝှက်ဆန်းကြယ်သော ဆန်အိတ် ၇၀၀[38] ကို မြန်မာစစ်တပ်သို့ ပေးပို့ရာတွင် ထိုင်းစစ်တပ်က ပါဝင်သည်ဟူသော စွပ်စွဲချက်ကဲ့သို့ အခြား ဖြစ်ရပ်များ အပေါ် မကြာခဏ ထွက်ပေါ်လာလေ့ရှိသော မီဒီယာ သတင်းထုတ်ပြန်ချက်များကြောင့် ဒေသကွပ်ကဲမှုအဆင့်ရှိ ထိုင်းနှင့် မြန်မာကြား ဆက်ဆံရေးကောင်းမွန်ကြောင်း သတိပြုမိကြသည်။ အာဏာပိုင်များက မည်သူကမျှ အရင်းအမြစ်ကို အတည်မပြုပေးနိုင်သော လူစာရင်း နှင့်/သို့ ဓါတ်ပုံများဖြင့်[39] အထူးသဖြင့် လူပုဂ္ဂိုလ် အတိအကျကို ပစ်မှတ်ထားပြီး ရဲရှာဖွေမှုများနှင့် ပူးပေါင်းတပ်ဖွဲ့များ၏ အကြိမ်ကြိမ် စီးနင်းမှုများ အကြောင်းကိုလည်း ၎င်းတို့ ကြားဖူးကြသည်။

“ထိုင်းအာဏာပိုင်တွေက အဆောက်အဦတွေထဲမှာ ဘယ်သူတွေရှိတယ်ဆိုတာ သေသေချာချာ သိပြီး ဝင်ရောက်စီးနင်းတာ တစ်ကြိမ်မကပါဘူး။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလ အတွင်းက ပူးပေါင်း တပ်ဖွဲ့တွေက နေရာတွေကို ဝိုင်းထားပြီး လူတွေရဲ့ နာမည်တွေကို စစ်ဆေးပြီး ကလေးတွေ အပါအဝင် လူတိုင်းကို မေးမြန်းတာမျိုး ရှိခဲ့တယ်။ သူတို့ လက်ထဲမှာ သူတို့လိုချင်တဲ့ လူစာရင်းပါတယ်၊ မှန်ပါတယ်။ လူတိုင်းကို အထိအခိုက်မရှိ သွားခွင့်ပေးတာတော့ မှန်ပါတယ်။ ဒါပေမယ့် လူတွေ အများကြီးက ဝင်တာလို့လည်း ဖြစ်ပါတယ်။ သူတို့က စစ်ကောင်စီဆီကနေ မဟုတ်ရင် အဲဒီစာရင်းတွေကို ဘယ်က ရတာလဲ။ ဒါကြောင့် သူတို့တွေက ကျွန်တော်တို့ရဲ့ အချက်အလက်တွေကိုလည်း စစ်ကောင်စီနဲ့ ဖလှယ်နိုင်ပါတယ်။”

TP-06Aa, တက်ကြွလှုပ်ရှားသူ၊ ကျား။

မဲဆောက်တွင် နိုင်ငံရေး ဒုက္ခသည်များနှင့် အတိုက်အခံများအပေါ် TNR ကျူးလွန်ရန် ရည်ရွယ်ထားသည် မူဝါဒနှင့် ဒေသခံ အာဏာပိုင်များ ပူးပေါင်းဆောင်ရွက်မှု အထောက်အထားကို အတည်မပြုနိုင်သေးပါ။ ယင်းသည် ဖြစ်ရပ်တစ်ခုတွင် ယေဘူယျအားဖြင့် ဒေသခံနှင့် ဒေသတွင်း လုံခြုံရေး ယူနစ်များ အများအပြား ပါဝင်ပြီး ယူနစ်တစ်ခုချင်းစီတွင် ရည်ရွယ်ချက်နှင့် မူဝါဒများ မတူညီခြင်းလည်း ဖြစ်နိုင်သည်။ ထို့အပြင် ပုံမှန်အားဖြင့် CBOများ၊ NGO များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက တရားမဝင် နိုင်ငံရင်းပြန်ပို့ခြင်းကို ဝင်ရောက်တားမြစ်ခြင်းလည်း ရှိသည်။ ထို့ကြောင့် လူများကို စစ်ကောင်စီ သို့မဟုတ် BGF များလက်သို့ ပြန်ပို့ခြင်း မခံရသည်မှာ ထိုသို့သော မူဝါဒမျိုး မူလအစကတည်းက မရှိခြင်းလော၊ သို့မဟုတ် ဩဇာကြီးသော လုံခြုံရေး ယူနစ်တစ်ခုက ယင်းကို တားဆီးနိုင်၍လော၊ သို့မဟုတ် အမျိုးမျိုးသော အုပ်စုများနှင့် အဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခြင်းကြောင့် ဖြစ်သလော၊ ဆိုသည်ကို မည်သူကမျှ အတည်မပြုနိုင်ပါ။ ထို့အပြင် ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းအတွင်း အဖွဲ့အနည်းငယ်ပါဝင်သော ပူးပေါင်းတပ်ဖွဲ့များ၏ ရှာဖွေမှုများတွင် ပစ်မှတ် PDF အဖွဲ့ဝင်များကို လက်နက်များဖြင့် တွေ့ရှိခဲ့သော်လည်း ဖမ်းဆီးခံရသော သူများကို ပြန်လည်ပို့ဆောင်ခြင်း မပြုခဲ့ခြင်းမှာ တရားဝင် အခြေခံမှုကို ဖော်ပြထားသည်။

နယ်စပ်တွင် အချိန်ကြာမြင့်စွာ အတွေ့အကြုံရှိခဲ့သော ပါဝင်သူ တစ်ဦးတယောက်၏ အဆိုအရ ထိုကဲ့သို့သော ရာဇဝတ်မှုများတွင် ဒေသခံ လုံခြုံရေး ယူနစ်များသည် မြန်မာအာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ပါက ထိုင်းနိုင်ငံက များစွာ ပေးဆပ်ရမည်ဖြစ်ပြီး ယင်းသည်လည်း အချို့သော ဒေသခံ အရာရှိများက ၎င်းတို့၏ ပုဂ္ဂလိက အကျိုးစီးပွားအတွက် ၎င်းတို့ဘာသာ လုပ်ဆောင်ခြင်းသာ ဖြစ်ဖို့ များပေသည်။

TP-02 Member of a political party, male

> “ထိုင်းနဲ့ မြန်မာ စစ်တပ်တွေ အကြား ရင်းနှီးမှုရှိမှာကို ကျွန်တော်တို့ ကြောက်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော် မြင်သလောက်တော့ အရင်တုန်းကတည်းက စပြီး အခုချိန်ထိ မြန်မာစစ်တပ်နဲ့ အပြည့်အဝ ပူးပေါင်းလုပ်ဆောင်ချင်တဲ့ ယူနစ်တွေ ဒါမှမဟုတ် အုပ်စုတွေ ဒါမှမဟုတ် လူပုဂ္ဂိုလ်တွေ တစ်ဦးချင်း ရှိနိုင်ပါတယ်။ ဒါပေမယ့် တခြား ယူနစ်တွေဦ ဒါမှမဟုတ် အုပ်စုတွေ ဒါမှမဟုတ် ပုဂ္ဂိုလ်တွေက ဒီလို လုပ်တာဟာ နိုင်ငံရဲ့ ကြားနေမှု အနေအထားကို စတေးရတာဖြစ်တယ် ဆိုတာ သိထားတော့ သူတို့က အဲဒါကို တားဆီးဖို့ ကြိုးစားပါတယ်။။
>
> TP-02 နိုင်ငံရေး ပါတီ အဖွဲ့ဝင်၊ ကျား။

မည်သို့ပင် ဖြစ်စေ ဒေသခံ အာဏာပိုင်များ၏ စစ်ဘေးဒုက္ခသည်များအပေါ် သတိထားမှု မရှိပဲဆက်ဆံမှုများသည် TNR ဆိုင်ရာ ဖြစ်ရပ်များ ဖြစ်ပွားလာစေနိုင်ကြောင်း နယ်စပ် အသံအဖွဲ့က လေ့လာတွေ့ရှိခဲ့သည်။ ဒေသခံ မီဒီယာ သတင်းထုတ်ပြန်ချက်တွင် ၂၀၂၂ ခုနှစ် ဇန္နဝါရီလအတွင်းက ထိုင်းအရာရှိများက ယာယီ လုံခြုံရေး ဧရိယာအတွင်းရှိ ဒုက္ခသည်များအား စစ်ကောင်စီ၏ ယာယီ စခန်းသို့ တစ်ရက်လျှင် လူတစ်ရာကို ပြန်လည်ပို့ဆောင်မှာ ဖြစ်ပြီး သူတို့အား အိမ်ပြန်ပို့ခြင်း မပြုမီတွင် ပြန်မည့်သူအားလုံး၏ ကိုယ်ရေး အချက်အလက်များကို စီစစ်မည့် အစီအစည်ရှိကြောင်း ပြောပြသည်[40] ။ နှစ်နိုင်ငံ အရာရှိများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ နိုင်ငံရေး ဒုက္ခသည်များအား ဘေးအန္တရာယ် ကြီးမားစွာ တွေ့ကြုံစေနိုင်ပြီး လူငယ် ရွာသားများကိုလည်း စစ်ဆေးမေးမြန်း ခံရမည့် ပစ်မှတ်များ ဖြစ်လာစေနိုင်သည်။

သတင်းရင်းမြစ်အချို့ ပြောပြသည့် နောက်ထပ် ဖြစ်ရပ်တစ်ခုကလည်း ထိုင်းစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ တစ်ခုတို့က ဒုက္ခသည်များကို နယ်စပ်ဖြတ်ပြန်စေရန် ပူးပေါင်းဆောင်ရွက်မှုသည်လည်း စည်းကျော်လု နီး ဖြစ်သည်။

> “အဲဒါက ၂၀၂၁ ဒီဇင်ဘာနဲ့ ၂၀၂၂ ဇန္နဝါရီအတွင်းမှာ ထွက်ပြေးလာတဲ့ ထောင်နဲ့ ချီတဲ့ ဒုက္ခသည်တွေကို “ယာယီ လုံခြုံသော နယ်မြေ” မှာ ထားတယ်။ အဲဒီ ဒုက္ခသည်တွေက BGF၊ DKBA ဒါမှမဟုတ် KNU ထိန်းချုပ်နယ်မြေ တစ်ခုခုအောက်မှာရှိတဲ့ နယ်စပ် အနီးအနား ရွာတွေက ရွာသားတွေနဲ့ KNU နယ်မြေကို မြို့ပေါ်မှ ထွက်ပြေးလာသော CDM သမားတွေ ဖြစ်ပါတယ်။ ဇန္နဝါရီလ အစောပိုင်းတွင် တိုက်ခိုက်မှုတွေ ဆက်ရှိနေတုန်းမှာပဲ ထိုင်းအာဏာပိုင်တွေက ဒုက္ခသည်တွေကို ဘယ်တော့ အိမ်ပြန်မလဲလို့ပဲ ဆက်တိုက်မေးနေပေမယ့် လူတွေ ထင်တာကတော့ အန္တရာယ် အလွန်များတုန်းပဲ လို့ ထင်ကြတယ်။ အဲဒီနောက် ထိုင်းအာဏာပိုင်တွေက DKBA

40. ဆက်လက် ဖတ်ရှုရန်။ https://karennews.org/2022/01/burma-army-planning-large-scale-offensive-against-combined-karen-forces-displaced-people-fear-forced-return-from-thailand/

> တပ်မှူးတစ်ယောက်နဲ့ သူ့လူတွေကို ကျွန်တော်သိတဲ့ ယာယီ လုံခြုံတဲ့ ရေိယာ တစ်ခုကို ခေါ်လာတယ်။ သူတို့က ဒုက္ခသည် ၃၀၀၀ လောက်ကို သူတို့အနေနဲ့ ဘေးကင်းလုံခြုံဖို့ အာမခံနိုင်ပြီဖြစ်လို့ ပြန်ကြဖို့ ပြောပါတယ်။ လူ ၄၀၀ ကျော်လောက်က သူတို့မှာ ရွေးချယ်စရာ မရှိတော့ဘူးလို့ ခံစားရပြီး ပြန်သွားကြတယ်။ သူတို့အနေနဲ့ DKBA နဲ့ အရင်က အတူနေဖူးချင်နေဖူးလိမ့်မယ်။ ဒါပေမယ့် အဲဒီ လက်နက်ကိုင် လူတွေဟာ ကစားဖော်သူငယ်ချင်းတွေ မဟုတ်ဘူး၊ အာဏာရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ တချို့ CDM လုပ်သူတွေဟာ ဒီကို DKBA အကူအညီနဲ့ ရောက်လာကြတာ ဖြစ်ပေမယ့်လည်း သူတို့လည်း ကြောက်နေကြတယ်။ DKBA တွေက ထိုင်းနိုင်ငံဘက်ကို ထိုင်းစစ်သားတွေ နဲ့အတူ လာနိုင်တယ်ဆိုရင် တခြားသူတွေလည်း လာနိုင်မှာပဲ။”
>
> လူထု စေတနာ့ဝန်ထမ်း၊ ကျား။
> (မှတ်တမ်းအတွက် ၂၀၂၂ ဇန္နဝါရီ ကတည်းက အင်တာဗျူးထားသည်)

နယ်စပ် နှစ်ဘက်စလုံးမှ အာဏာပိုင်များသည် ထိုင်းနယ်မြေအတွင်းတွင် ဒုက္ခသည်များကို မလိုချင်ကြပေ။ စစ်ကောင်စီက မြန်မာ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် သက်ရှိ အထောက်အထားကို မလိုအပ်သည့် အချိန်တွင် DKBA နှင့် BGF တို့က သူတို့ နယ်မြေများတွင် အရပ်သားနောက်ခံ လိုအပ်ကြသည်။ ထိုင်းစစ်တပ်၏ ရည်ရွယ်ချက် မည်သို့ရှိသည်ဖြစ်စေ စီစဉ်ထားသော လုံခြုံသည့် နယ်မြေတွင် လက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦး စကားပြောဆိုခြင်းသည် ဒုက္ခသည်များအား မလုံမခြုံခံစားရစေပြီး လူအများကို ဆိတ်ငြိမ်စေသည့် စစ်ကောင်စီ၏ လိုလားချက်ကို တိုက်ရိုက် အားဖြည့်ပေးစေသည်။

## ပုဂ္ဂလိက(များ)၏ အကျိုးစီးပွားများအတွက် ပုဂ္ဂလိက(များ) အဆင့်

> “ဒီနေရာမှာ မြန်မာ စစ်တပ် ဒါမှမဟုတ် BGF က သူတို့ သဘောနဲ့ သူတို့ဘာမှ လုပ်လို့ မရပါဘူး။ သူတို့က ထိုင်းရဲတွေကို ပစ်မှတ်ထားသော ဒုက္ခသည်တွေကို ဖမ်းခိုင်းပြီး သူတို့ကို ပြန်ပို့ခိုင်းရပါတယ်။ ကျွန်မ ထင်တာတော့ ထိုင်းအရာရှိတွေက သူတို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက် ဒါကို လုပ်နိုင်မယ်လို့ ထင်တယ်။ သူတို့အနေနဲ့ သတင်းအချက်အလက် ဖလှယ်တာ ဒါမှမဟုတ် ဆုလာဒ်များ,ကို ဖလှယ်ဖို့အတွက် လူတွေကို PDF အဖွဲ့ဝင် သုံးဦးလို ပြန်ပို့တာ မျိုး လုပ်နိုင်ပါတယ်။ ဘယ်သူ့ဆီမှာမှ အထောက်အထားတော့ မရှိပေမယ့် ဒါဟာ ဒီလိုမျိုး ဖြစ်နိုင်တယ်လို့ ကျွန်မထင်တယ်။
>
> TRS-06Ca, အစိုးရ ဝန်ထမ်းဟောင်း၊ မ။

PDF အဖွဲ့ဝင် ၃ ဦး၏ ဖြစ်ရပ်သည် မဲဆောက်ရှိ အဝေးရောက် မြန်မာများအကြား ကြောက်ရွံ့မှုကို လှုံ့ဆော်ပေးသည်။ သတင်း ထုတ်ပြန်ချက်အရ[41] ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်တွင် ထိုလူများ ဖမ်းဆီးခံရပြီး ဧပြီလ ၄ ရက်တွင် မဲဆောက် လဝက ရဲက BGF လက်ထဲသို့ လွှဲပြောင်းပေးခဲ့သည်။ သူတို့က ထွက်ပြေးရန် ကြိုးစားစဉ် တစ်ဦးမှာ သေဆုံးသည်ဟု သတင်းများက ဆိုသည်။ အခြား ဒဏ်ရရသွားသူ နှစ်ဦးမှာ စစ်ကောင်စီ ထောင်သို့ အပို့ခံရသည်၊ နယ်စပ် အသံအဖွဲ့၏ ဒေသခံ အရင်းအမြစ်များ၏ အဆိုအရ အခြား လုံခြုံရေး တပ်ဖွဲ့တစ်ခုက ပြန်လည်ပို့ဆောင်မှုကို ရပ်တန့်ရန်အတွက် "စကားပြော" ခဲ့သည်။ သို့ရာတွင် နောက်တကြိမ် လာရောက်တွေ့ဆုံပြီး နောက်ထပ် ဆွေးနွေးရန် ချိန်းဆိုထားသည့် နေ့တွင်ပင် အစောတလျင် လုပ်ဆောင်ခဲ့ခြင်းသည် ဖြစ်ရပ်မှာ ဖြစ်ရပ်တစ်ခုသာ မဟုတ်ပဲ နိုင်ငံတကာ နှင့် သက်ဆိုင်ပေသည်။

လေ့လာသူများ၏ အဆိုအရ ဤ ဖြစ်ရပ်တွင် အာဏာပိုင်တစ်ဦးသည် TNR အတွက် ပူးပေါင်းဆောင်ရွက်သည်ဟူသော သံသယ ရှိခြင်းမှာ ထိုင်းအာဏာပိုင်များက ကိုင်တွယ်လေ့ရှိသည့် နည်းလမ်းများနှင့် မတူညီခြင်းကြောင့် ဖြစ်သည်။ လူဝင်မှု ကြီးကြပ်ရေး ရဲအနေဖြင့် ထိုသူများကို ထိုမျှ မြန်မြန် ပို့ဆောင်ရန် လိုအပ်ချက် မရှိပေ။ ပြန်လည်ပို့ဆောင်ရန် လမ်းကြောင်းအများအပြား ရှိသည့်အတွက် ထိုသူများကို BGF လက်သို့ အပ်နှံရန် မလိုအပ်ပေ။ ထို့အပြင် အလားတူ ဖြစ်ရပ် တစ်ခုလည်း နောက်တနေ့တွင် ဖြစ်ပွားကြောင်း သတင်းများ ထွက်သည်။ PDF အဖွဲ့ဝင် နှစ်ဦးမှာ ရရှိထားသော ဒဏ်ရာများ ကုသရန်အတွက် မဲဆောက်မှ မြောက်ဖက် ၃၆ ကီလိုမီတာတွင်ရှိသည့် မယ့်ရမက် ဆေးရုံသို့ ပို့ဆောင်ခံရသည်။ ထိုနေရာတွင် ထိုင်းအရာရှိ အုပ်စုတစ်ခုက ခေါ်ယူသွားပြီး မဲဆောက် လူဝင်မှု ကြီးကြပ်ရေး အချုပ်တွင် ထားထားသည်။ ကံကောင်းစွာပင် ပထမဖြစ်ရပ်၏ သတင်းများကြောင့် ဤ ဖြစ်ရပ်၏ သတင်းအချက်အလက်များ လျှင်မြန်စွာ ပြန့်နှံ့ခဲ့ပြီး အေဂျင်စီ အမျိုးမျိုးတို့မှ ကြားဝင်ဆောင်ရွက်မှုများသည် အထောက်အကူ ဖြစ်ခဲ့ကြောင်း အစီရင်ခံချက်များအရ သိရသည်။[42]

သုတေသန ပါဝင်သူများနှင့် အင်တာဗျူး ဖြေဆိုသော သက်ဆိုင်သူများ အဆိုအရ ထိုဖြစ်ရပ်နှစ်ခုမှာ စစ်ကောင်စီ နှင့်/သို့ BGF နှင့် အချို့သော ထိုင်း အရာရှိများအကြား ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများ လဲလှယ်ရာတွင် ပုဂ္ဂလိက အဆင့်(များ) ပူးပေါင်းဆောင်ရွက်မှု ဖြစ်နိုင်ကြောင်း သံသယ ရှိသည်။

> "စစ်ကောင်စီ/BGF တို့နဲ့ နိုင်ငံရဲ့ မူဝါဒထက် ပုဂ္ဂိုလ်ရေး အကျိုးစီးပွားပေါ် အခြေခံတာဆိုရင် ပိုပြီး ကြောက်စရာကောင်းတယ်။ ထိုင်းအရာရှိ အများအပြားဟာ ခြစားလာဘ်စားမှု ရှိတယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ သူတို့ကို ကောင်းကောင်းပေးတယ်ဆိုရင် ဘာမဆို လုပ်နိုင်တယ်။ မြန်မာတွေက သူတို့အတွက် ATMတွေပဲ လို့ လူတွေ ပြောကြတယ်။ နိုင်ငံမူဝါဒအတွက်

41. ဆက်လက် ဖတ်ရှုရန်။ https://mpapress.com/people-de-fence-force/19202/

42. ၂၀၂၃ ခုနှစ် ဧပြီလတွင် အမည်မဖော်လိုသူ CBO တစ်ဦးက Friends Without Borders သို့ ပေးပို့သည် မှတ်တမ်း။

ဆိုရင် ကျွန်တော်ယုံပါတယ်။ ထိုင်းအစိုးရက နိုင်ငံအတွက် အကျိုးအမြတ် နည်းနည်းလေးအတွက်နဲ့ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုနဲ့ လူ့အခွင့်အရေး ဥပဒေတွေကို ချိုးဖောက်ပြီး နာမည်ဆိုးရမှာ မျိုးကို အနည်းဆုံးတော့ လိုချင်မှာ မဟုတ်ပါဘူး။ လူပုဂ္ဂိုလ် တစ်ဦးချင်းရဲ့ အာဏာအလွဲ သုံးမှုက ဖြစ်ချင်တဲ့ အချိန်ဖြစ်ပြီး ဘယ်သူ့အပေါ်မဆို အချိန် မရွေးဖြစ်နိုင်ပါတယ်။”

TP-07Ap, နိုင်ငံရေး အဖွဲ့အစည်း အဖွဲ့ဝင်၊ ကျား။

## သွယ်ဝိုက်သက်ဆိုင်သော ဖြစ်ရပ်များ

မဲဆောက်ရှိ အဝေးရောက်မြန်မာများအပေါ် ချိုးဖောက်မှု ပုံစံအမျိုးမျိုး အတွင်းတွင် အမှန်တကယ်ရည်ရွယ်ချက် မဟုတ်သော်လည်း TNR ဖြစ်လာနိုင်ချေ သို့မဟုတ် ဖြစ်လာသည်ဟု ပြောဆိုနိုင်သော ဖြစ်ရပ်များ ရှိသည်။

ယင်းတို့တွင် ခြစားသော ထိုင်းအရာရှိများက စာရွက်စာတမ်း မရှိသော မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံများကို ငွေတောင်းခံယုံ သက်သက် ရည်ရွယ်ချက်ဖြင့်သာ ဖြစ်ပြီး အရေးယူရန် သို့မဟုတ် ပြန်လည် ပို့ဆောင်ရန်အတွက် မဟုတ်ပဲ ဖမ်းဆီးခြင်းလည်း ပါဝင်သည်။ ပါဝင်သူအားလုံးက သူတို့ ကိုယ်တိုင်ကြုံတွေ့ရသော သို့မဟုတ် သူတို့၏ အနီးကပ် မိတ်ဆွေများနှင့် မိသားစုဝင်များ ကြုံတွေ့ရသော တူညီသော အဖြစ်အပျက်များကို ဝေမျှကြသည်။ ဖမ်းဆီးခံရသူကို စကားပြန်က သို့မဟုတ် မှတဆင့် ထောင်ဂဏန်း အနည်းငယ်မှ သောင်းဂဏန်း ပေးရမည် သို့မဟုတ်ပါက သူ့ကို မြန်မာစစ်တပ်ကို တိုက်ရိုက်လွှဲပြောင်းမည်၊ နှိပ်စက်ခံရမည်၊ ထောင်ချခံရမည် သို့မဟုတ် သတ်ခံရမည်ဟု ပြောသည်။

မည်သူကမျှ မစွန့်စားရဲပါ၊ ထိုင်းအရာရှိများ၏ တာဝန်ခံက အတိုက်အခံများကို စစ်ကောင်စီ သို့မဟုတ် BGF လက်တွင်းသို့ မကြာသေးသော အချိန်အတွင်း ပေးပို့မှု ရှိသည်ဟု ယုံကြည်လျက် တစ်ဦးချင်းစီက အနည်းဆုံး တောင်းဆိုသော ပမာဏ၏ တစ်စိတ်တစ်ပိုင်းကို ပေးရသည်။

“စကားပြန်က ပြောတယ်။ ‘မင်းကို မြန်မာပြည်ကို ပြန်ပို့လို့ရတယ်။ မင်း ဘာလဲ နောက်ပြီး အဲဒီမှာ ဘယ်လို အန္တရာယ်က မင်းကို စောင့်နေသလဲ ဆိုတာ ငါတို့သိတယ်၊’ နောက်ပြီး သူက ဘတ် ၂၀၀၀၀ ကဒါကို တားဆီးပေးနိုင်တယ်လို့ ပြောတယ်။”

MYH-04Ara, တက်ကြွလှုပ်ရှားသူ၊ ကျား။

နယ်စပ် အသံအဖွဲ့က ဤကိစ္စရပ်နှင့် ပတ်သက်ရဲ့ သုတေသန ပါဝင်သူများထံမှ အသေးစိတ် ပြောဆိုချက်များကို မထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ထိုင်းနိုင်ငံတွင် ဒုက္ခသည်များအတွက် တရားဝင် ကာကွယ်မှု မရှိသေးသမျှ ယင်းသည် ဝေမျှသူ မည်သူ ဆိုသည်ကို ပေါ်လွင်သွားစေပြီး နောက်ထပ် ဘေးအန္တရာယ်များက ကြုံတွေ့နိုင်မည်ကို စိုးရိမ်၍ ဖြစ်သည်။

ချိုးဖောက်မှု နောက်တစ်မျိုးမှာ ချိုးဖောက်ကျူးလွန်သူသည် မြန်မာနိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုမှ အဖွဲ့ဝင် ဖြစ်သည် သို့မဟုတ် ဖြစ်သည်ဟု ပြောဆိုပါက ရာဇဝတ်မှု ဖြစ်သည်၊ အထက်ပါကဲ့သို့ပင် ထိုသို့သော ရာဇဝတ်မှုသည် တိတ်ဆိတ်စေရန်၊ ဖိအား သို့မဟုတ် အတိုက်အခံများကို ဖယ်ရှားရန် ရည်ရွယ်ချက် မရှိပါ။ သို့ရာတွင် မြန်မာနိုင်ငံတွင် အာဏာရှိသော သူများက ချိုးဖောက်ကျူးလွန်မှုများသည် ထိုင်းနိုင်ငံတွင် ရာဇဝတ်မှု ဖြစ်သည်။ ထိုချိုးဖောက်ကျူးလွန်သူသည် ပုံမှန်အားဖြင့် ရှင်သန်လွှဝ်မြောက်သူ၏ ဥပဒေကြောင်းဆိုင်ရာ ထိရှလွယ်မှုကြောင့်သာမက ချိုးဖောက်ကျူးလွန်သူ၏ နယ်စပ် နယ်မြေတွင် ဩဇာလွှမ်းမိုးမှုကြောင့် အရေးယူခံရခြင်း မရှိပါ။

> "ကျွန်မကို မြဝတီက လက်နက်ကိုင်အဖွဲ့က အဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ အိမ်နီးချင်းတစ်ယောက်က မုဒိန်းကျင့်တယ်ဆိုတာ ကျွန်မ ဦးလေး သိသွားတဲ့အခါ ကျွန်မတို့အဲဒီအိမ်ကနေ ပြောင်းခဲ့တယ်။ အဲဒီလူက ကျွန်မကို ဆက်သွယ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ကျွန်မက ဖုန်းမကိုင်တဲ့အခါ သူက ကျွန်မဦးလေးကို ခေါ်တယ်။ သူက ကျွန်မဦးလေးရုံးခန်းကို သူ့ရဲ့ လက်နက်ကိုင်အဖွဲ့တွေ ခေါ်လာပြီး ဖမ်းမယ်လို့ ပြောတယ်။ ကျွန်မ ဦးလေးက သူဘာလိုချင်တာလဲလို့ မေးတယ်။ သူက ကျွန်မ ဦးလေးကို သူ့ကို ပိုက်ဆံပေးရမယ်လို့ ပြောတယ်။ ကျွန်မ ဦးလေးက မပေးနိုင်ဘူးလို့ ပြောပြီး ဖုန်းချလိုက်တယ်။ အဲဒီနောက်မှာ အဲဒီ လက်နက်ကိုင်အဖွဲ့က လူတွေက ရဲနှစ်ယောက်နဲ့ အတူ ကျွန်မ ဦးလေး ရုံးခန်းကို ရောက်လာကြတယ်။ သူတို့က ကျွန်မဦးလေးကို တရားမဝင် အလုပ်လုပ်မှုနဲ့ ဖမ်းပြီး သူ့ကို BGF ဆီ ပြန်ပို့မယ်လို့ ပြောတယ်။ ကံကောင်းချင်တော့ သူ့လုပ်ဖော်ကိုင်ဖက် တစ်ယောက်က နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုကို ကြားဝင် ဆောင်ရွက်ဖို့ စီစဉ်နိုင်ခဲ့တယ်။ အခု ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူး။ ကျွန်မအကြောင်း အတင်းပြောကြတယ်။ ကျွန်မကြောင့် ကျွန်မ ဦးလေးလည်း အလုပ်မရှိတော့ဘူး။"
>
> RS-03Aj, တက်ကြွလှုပ်ရှားသူ တစ်ဦး၏ တူမ၊ မ။

## ၃။ ပြည်သူများ၏ ကာကွယ်မှုနှင့် တုန့်ပြန်မှု မဟာဗျူဟာ

မဲဆောက်ရှိ မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံများ အားလုံးနီးပါးတွင် သက်တမ်းရှိသော လုပ်ဝင်မှုကြီးကြပ်ရေး စာရွက်စာတမ်းများ ကိုင်ဆောင်ထားနိုင်ခြင်းမရှိပဲ ခိုလှုံခွင့်လျှောက်ထားရန် သူတို့၏ အခွင့်အရေးကို တရားဝင် အသိအမှတ်ပြုထားခြင်းမရှိရာ သူတို့ကိုယ်သူတို့ ကာကွယ်သည့် တစ်ဦးချင်း မဟာဗျူဟာမှာ မိမိကိုယ်ကို ကန့်သတ်ခြင်းနှင့် တိတ်ဆိတ်စွာ နေခြင်းတို့ ဖြစ်ရာ ခြစားနေသော စနစ်နှင့် ယင်းတွင်ပါဝင်သူတို့၏ ချိုးဖောက်မှုများကို အမြတ်ထုတ်ရန် ခွင့်ပြုပေးသကဲ့သို့ ဖြစ်နေသည်။ လူထု အဆင့်တွင် အဝေးရောက် အသိုင်းအဝိုင်းတွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း ဖြည်းဖြည်းချင်းကြီးထွားလာနေသော လူမှုရေး ပံ့ပိုးမှုနှင့် ဘေးကင်းလုံခြုံရေး ကွန်ရက်တို့ ရှိသည်။

### ကိုယ်တိုင် ကန့်သတ်ခြင်း (Self-restriction)

တစ်ဦးတစ်ယောက်၏ လှုပ်ရှားမှုများကို ကန့်သတ်ခြင်းသည် တစ်ဦးတစ်ယောက်ကိုယ်တိုင်က မျက်လုံးများ အားလုံးမှ ပုန်းအောင်းခြင်းဖြစ်သည်။ မြန်မာနိုင်ငံရေး ဒုက္ခသည်များ နှင့် အတိုက်အခံများအား TNR မှ ဘေးကင်းစေရန် အတွက် ယခင်က မိမိတို့၏ ပုံရိပ်များကို မမြင်အောင် လုပ်ထားရန် အချင်းချင်း အကြံပြုကြသည်။ အားလုံးနီးပါးက မြန်မာနိုင်ငံအတွင်းရှိ မိသားစုများနှင့် မိတ်ဆွေများအား အဆက်အသွယ်ဖြတ်ကြသည်။ အချို့မှာ သူတို့၏ ကိုယ်ရေး အချက်အလက်များဖြစ်သော ရုပ်သွင်၊ အမည်များနှင့် ပုဂ္ဂိုလ်ရေး သမိုင်းကြောင်းများကိုပင် ပြောင်းလဲကြသည်။

> "ကျွန်မ ဆံပင် ပုံစံကော ဝတ်ပုံစားပုံပါ ပြောင်းထားတယ်။ ဘယ်သူနဲ့မှ အရင် နဲ့ အခု အလုပ်အကြောင်း မပြောဘူး၊ ဘယ်လို အကူအညီအတွက်မှ လည်း မလျှောက်ထားဘူး၊ ဘာလို့လဲဆိုတော့ ကျွန်မ ဘယ်သူလည်းဆိုတာ သူတို့ကို မပြောချင်လို့။ အပြင်ထွက်ပြီးတော့လည်း ဈေးသိပ်မဝယ်ဘူး၊ ပစ္စည်းတွေက မှာယူတာ များတယ်။ အပြင်ထွက်ဖို့ လိုလာပြီဆိုရင် ကွန်ပြူတာကို သယ်သွားလေ့မရှိဘူး၊ ကျွန်မ ဖုန်းထဲမှာ အရင်က ပုံတွေ အချက်အလက်တွေ ဘာမှ မရှိဘူး၊"
>
> TRS-01Cp, အစိုးရ ဝန်ထမ်းဟောင်း၊ မ။

သုတေသနတွင် ပါဝင်သူ အများစုက သူတို့၏ လူမှု မီဒီယာ အကောင့်ဟောင်းများ၊ ဓါတ်ပုံများနှင့် ဗီဒီယိုများကို မည်သို့ ဖျက်ပစ်သည် ဆိုသည်နှင့် သူတို့ ဘယ်သူနှင့် ဘယ်မှာ ရှိသည်ကို ပြသနိုင်သော Facebook တွင် ပို့စ်တင်ခြင်းကိုလည်း ရပ်ဆိုင်းလိုက်ကြောင်း၊ မည်သူ့ကိုမျှ မယုံရဲသည့်အတွက် မိတ်ဆွေသစ် ဖွဲ့မှုကို ရှောင်ကျဉ်ကြကြောင်းနှင့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး လှုပ်ရှားမှုများ အထူးသဖြင့် လူအများအပြား

တက်ရောက်သော ပွဲများကိုတက်ရောက်ခြင်းမှလည်း ရှောင်ကြဉ်ကြောင်း ပြောပြကြသည်။ အရေအတွက် တစ်စုံတစ်ခုသော လူများက လအနည်းငယ်ကြာတိုင်း အိမ်များပြောင်းနေကြသည်။ တစ်စုံတစ်ယောက်၏ ဘေးကင်းလုံခြုံမှုအတွက် တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုအတွက် ကိုယ်တိုင် ကန့်သတ်မှုမှာ ဈေးကြီးလှသည်။

> "အခုထိတော့ ကျွန်တော် ဘေးကင်းနေတုန်းပေမယ့် အခြေအနေက လုံခြုံတယ်လို့ ပြောလို့ မရပါဘူး။ ကျွန်တော်ဘေးကင်းနေတာက လူအများနဲ့ လုပ်တဲ့ ပွဲတွေ၊ မင်္ဂလာဆောင်တွေ၊ အသုဘတွေကို မသွားလို့ ဖြစ်ပါတယ်။ အပြင်မှာ သွားမစားဘူး၊ နောက်ပြီး အိမ်ကို အစားအသောက်ပို့တဲ့ ဝန်ဆောင်မှုကိုလည်း မသုံးဘူး၊ ဘာလို့လဲ ဆိုတော့ ကျွန်တော့်အိမ်ကို သူများတွေကို လာစေတာဟာ ကိုယ့်ကို အပြင်မှာ မြင်တာထက် ဆိုးလို့ပါ။ ကျွန်တော်က ခန်းဆီးတွေ ချထားပြီး နေရောင်ကို ရက်ပေါင်းများစွာ မမြင်ရဘူး ဘာလို့လဲ ဆိုတော့ ဘယ်သူကိုမှ ချောင်းမကြည့်နိုင်စေချင်လို့ပါ။ ကျွန်တော် မဲဆောက်ကနေ ပြောင်းသွားတယ်၊ ဘာလို့ဆို အဲဒီနေရာမှာ လူတွေက မြန်မာလို ပြောနေတာကို ကြားနေရလို့ပါ။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ ဆိုရင် ကျွန်တော်တို့ တစ်ယောက်ချင်းအတွက် မလုပ်ရတဲ့ စာရင်းတွေ ရှိတယ်၊ ဘာမှ ပျော်စရာ မကောင်းဘူး။ တခြားလူ အများအတွက်ဆိုရင် မြန်မာထမင်းဆိုင်နဲ့ လူမှုရေး စုရုံးမှုတွေဟာ ပျော်စရာကောင်းပေမယ့် ကျွန်တော်တို့လို အန္တရာယ်ရှိတဲ့လူတွေ အတွက်တော့ မဟုတ်ဘူး။
>
> TPAp-07, နိုင်ငံရေး အဖွဲ့အစည်းတစ်ခု အဖွဲ့ဝင်၊ ကျား။

## ကိုယ်တိုင် ခြစားမှုနှင့် အလွဲသုံးမှုများ၏ သားကောင်ဖြစ်စေခြင်း

မိတ်ဆွေများ၊ CBOများ၊ CSOများနှင့် NGOများ၏ အကြံပေးချက်များအရ ပါဝင်သူ အများစုသည် UNHCR ၏ နိုင်ငံတကာ ကာကွယ်မှုကို လျှောက်ထားခဲ့ကြသည်။ အာဏာသိမ်းပြီး ပထမ နှစ်နှစ်အတွင်းတွင် ကိုယ့်ကိုယ်ကို ရွှေ့ပြောင်းအလုပ်သမားအဖြစ် စာရင်းသွင်းသူများသည် နိုင်ငံတကာ ကာကွယ်မှုအတွက် အသိအမှတ်ပြုထားသော ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခြင်း ခံရနိုင်မည်ဟုတ်ကြောင်း စကားများ ပြန့်နှံ့ခဲ့သည်။ ၁၉၉၀ ခုနှစ်များအတွင်းက မြန်မာဒုက္ခသည်များ၏ အတွေ့အကြုံများ,က ယင်းကို အတည်ပြုပေးခဲ့သည်။ ဆိုလိုသည်မှာ ထိုင်းနိုင်ငံက ခိုလှုံခွင့်လျှောက်ရန် အခွင့်အရေးနှင့် ခံစားခွင့်တို့ကို အသိအမှတ် မပြုမချင်း ဒုက္ခသည်အသစ်များနှင့် အတိုက်အခံများအတွက် တစ်ခုတည်းသော ရွေးချယ်စရာမှာ ထိုင်းအရာရှိများ၏ ခြစားသော စနစ်၏ အမြတ်ထုတ်မှုကို ခံယူရန် ခွင့်ပြုပေးရခြင်းသာ ဖြစ်တော့သည်။

တရားဝင် စာရွက် စာတမ်းကိုင်ဆောင်ထားသူ သုံးဦးမှ အပ ကျန် ပါဝင်သူများ အားလုံးက သူတို့အနေဖြင့် သတင်းမီဒီယာ အေဂျင်စီ အများအပြားက[43] သတင်း ရေးသားပြီး လူထုကို ချပြပြီးဖြစ်သော“ရဲလက်မှတ်” စနစ်တစ်ခု အပေါ် မှီခိုနေရသည်ဟု ပြောပြသည်။ လစဉ်ကြေးပေးနေသူများသည် သူတို့အနေဖြင့် အဖမ်းခံရမှုမှ လုံးဝလုံခြုံမှု မရှိနိုင်ကြောင်း သိသော်လည်း အများစုတွင် အခြား ရွေးချယ်စရာမရှိပေ၊ မျှတမှုမရှိသော အရာကို လက်ခံကြရသည်။ အဖမ်းခံခဲ့ရပါက လွတ်လပ်ခွင့်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ ပိုက်ဆံဖြစ်သည်။ ဒုက္ခသည်အနေဖြင့် အခွင့်အရေးကို အရယူပြီး NGOများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ အကူအညီတောင်းခံခြင်းအားဖြင့် အကောင်းဆုံး ရလဒ်ရနိုင်သည်မှာ နေရပ်သို့ ပြန်မပို့ပဲ လူဝင်မှုကြီးကြပ်ရေး အချုပ်တွင် ထာဝရ ချုပ်နှောင်ခံရခြင်း ဖြစ်နိုင်သည်။

> ကျွန်တော် UNHCR ကာကွယ်မှုကို လျှောက်ထားပေမယ့် တခုခု ဖြစ်ခဲ့မယ်ဆိုရင် ပြဿနာကို ဘတ် ရာဂဏန်းက ပိုပြီး ဖြေရှင်းပေးနိုင်ပါတယ်။ တကယ်လို့ ခင်ဗျားက UNHCR ကို ဖုန်းခေါ်ခဲ့မယ်ဆိုရင် ဈေးက ပိုများသွားပြီး ခင်ဗျားအတွက် ပြဿနာတွေ ပိုရှုတ်လာလိမ့်မယ်။”
>
> NG-02Pp, နိုင်ငံရေး အဖွဲ့အစည်း၏ အဖွဲ့ဝင်၊ ကျား။

ငွေကြေး အမြတ်ထုတ်ရုံသာမက သုတေသနတွင် ပါဝင်သူများက အချို့သော အရာရှိများနှင့် အစိုးရ ဝန်ထမ်းများနှင့် အချို့သော ဖြစ်ရပ်များတွင် သူတို့ထက် အရင်ရောက်ရှိနေခဲ့သော အခြား မြန်မာနိုင်ငံသားများ ၏ ချိုးနှိမ်သော အမူအကျင့်များကို မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်း ခံရမည့် ပြဿနာများကို ရှောင်လွှဲရန်အတွက် မည်ကဲ့သို့ သည်းခံခဲ့ရသည်ဆိုသည်ကိုလည်း ရှင်းပြသည်။

> “ဖမ်းခံရတဲ့ လူတိုင်းက မြန်မာစကားပြန်က အဆိုးဆုံးနဲ့ ကြောက်စရာအကောင်းဆုံး ဆိုတာ သိကြတယ်။ သူက လူတွေကို အော်ငေါက်တယ်၊ မြန်မာရဲတွေလို အမူအရာတွေ လုပ်တယ်။ ဒီမှာ ရောက်တာကြာနေပြီး ထိုင်းစကားပြောတတ်တဲ့ တချို့ ဗမာတွေကလည်း ကျွန်တော်တို့ကို အထင်သေးပြီး အစုတ်ပလုပ်လို ဆက်ဆံတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိတ်အေးအေး ထားပါတယ်။ ကျွန်တော်တို့ အနေနဲ့ သူတို့နဲ့ ပြဿနာ တစ်စုံတစ်ရာမဖြစ်အောင် ကိုယ့်ကိုယ်ကို ထိန်းရတယ်။ သူတို့မှာ ဆုံးရှုံးစရာ ဘာမှ မရှိပေမယ့် ကျွန်တော်တို့မှာ ရှိတယ်။”
>
> NG-03Aro, လက်နက်ကိုင် တော်လှန်ရေး တပ်ဖွဲ့ဝင်ဟောင်း၊ ကျား။

အချိန်ကြာလာတာနဲ့ အမျှ မဲဆောက်မှာရှိတဲ့ ဒုက္ခသည်များနှင့် အတိုက်အခံများသည် သူတို့အနေဖြင့် ဒုက္ခသည်အဖြစ် တရားဝင် အသိအမှတ်ပြုခံရရန် အခွင့်အလမ်း မရှိကြောင်းနှင့် နိုင်ငံတကာ ကာကွယ်မှု သည်လည်း ခြစားမှု စနစ်ကို တိုက်ဖျက်နိုင်ခြင်းမရှိကြောင်း သိလာကြသည်။ မကြာသေးမီက လူများက ထပ်ပြီး သူတို့ကိုယ်သူတို့ ရွှေ့ပြောင်း အလုပ်သမား စနစ်အတွင်းထည့်သွင်းနိုင်အောင် ကြိုးစားလာကြသည်။ စင်စစ်

43. ဥပမာ။ www.benarnews.org/english/news/thai/deportation-fears-02062023084821.html

တွင် ၎င်းတို့ထက်ဝက်ကျော်ကျော်မှာ မည်သို့ ဆိုစေ အကူအညီအထောက်အပံ့များ မလုံလောက်သဖြင့် အမှန်တကယ် “အလုပ်လုပ်နေ”ကြသဖြင့် ရွှေ့ပြောင်း အလုပ်သမားများ ဖြစ်နေလျက် ရှိသည်။

## လူမှု ထောက်ပံ့မှုနှင့် ဘေးကင်းလုံခြုံရေး ကွန်ရက်။

လူထု အဆင့်တွင် မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံများသည် မရှိမဖြစ်လိုအပ်သော အချက်အလက်များ၊ ဘဏ္ဍာရေး ချေးငွေနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု စသော အရေးပေါ်အကူအညီများကို သူတို့၏ ကိုယ်ပိုင် လူမှု ထောက်ပံ့မှုနှင့် ဘေးကင်းလုံခြုံရေး ကွန်ရက်များကို အမှီပြုရသည်။ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် အထောက်အကူ ဖြစ်စေသော အချက်အလက်များ ကို ပေးသည့် CBO တယ်လီဂရမ် ချယ်နယ်များ ရှိပြီး တစ်ခါတစ်ရံတွင် စကားပြန်များကို ပံ့ပိုးပေးသည်။ ရဲဂိတ်များ,၊ မဲဆောက်သို့ နယ်စပ်ကို တရားဝင် ဖြတ်ကျော်ဝင်ရောက်လာသော မြန်မာ အာဏာပိုင်များ၏ လှုပ်ရှားမှုများနှင့် ပတ်သက်သည့် သတင်းများကို ပေးပို့ရန် အွန်လိုင်း ပလက်ဖောင်းများလုပ်ထားသော ဒုက္ခသည် အုပ်စုများလည်း ရှိသည်။ ပါဝင်သူအရေအတွက် အများအပြားက သူတို့၏ ဘေးကင်းလုံခြုံရေးအတွက် သူတို့၏ အိမ်နီးချင်းများက ကူညီ ကြည့်ရှုပေးပြီး ထူးခြားသော ကားများ ချည်းကပ်လာခြင်း သို့မဟုတ် ထိုင်းအာဏာပိုင်များ၏ စစ်ဆင်ရေးများ ရှိပါက အခြားသူများထံသို့ သတိပေးချက်များ ပေးပို့ပေးသည်။

> ကျွန်မက ဒီမှာရှိတဲ့ အုပ်စု အများအပြားဆီက သတင်းတွေကို လိုက်ကြည့်နေတယ်။ မဲဆောက်ကို မြန်မာ စစ်တပ်နဲ့ရဲတွေ လာတယ်လို့ ကြားပြီဆိုရင် ကျွန်မ ပိုသတိထားရမယ်ဆိုတာ ကျွန်မ သိတယ်။ ဒါက တော်တော်အကူအညီရတယ်။ ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက် ပံ့ပိုးနိုင်ဖို့ ပိုပြီး ကြိုးစားအားထုတ်ရအုံးမယ်။ လူထုအတွက် ကျွန်မတို့ လုပ်နိုင်သမျှ လုပ်ပေးဖို့ ကြိုးစားသင့်တယ်။
>
> TRS-05Ba, စီးပွားရေး လုပ်ငန်းရှင်၊ မ။

ထို့အပြင် အဝေးရောက် အသိုင်းအဝိုင်းများအတွက် အဝေးရောက် အဖွဲ့ဝင်များမှ နောက်ထပ် ဝန်ဆောင်မှုများလည်း လွန်ခဲ့သည့် သုံးနှစ်အတွင်း ထွက်ပေါ်လာခဲ့သည်။ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများအပြင် အွန်လိုင်း နှစ်သိမ့်ဆွေးနွေးမှု များ၊ နှင့် မြေပြင် လူထု ပံ့ပိုးမှု အစီအစဉ်များ ဖြစ်သည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အလုပ်သမားများအကြားတွင် ကျွမ်းကျင်သော ပညာရှင်အဆင့် လူသား ရင်းမြစ်များ ရှိနေသောကြောင့် ကြိုးပမ်းအားထုတ်မှု ပုံစံအမျိုးမျိုးသည် သေးငယ်သော အတိုင်းအတာများဖြင့် ပျံ့နှံ့လျက်ရှိသည်။ အချိန် ကြာလာသည်နှင့် အမျှ လူအများသည် NGO များအပေါ် အမှီအခို နည်းလာသည်။

"ကျွန်တော်တို့ အဖမ်းခံရတဲ့ အခါ အကူအညီမဲ့နေတယ်။ ဒါကြောင့် အဲလို ကူညီတဲ့ အဖွဲ့အစည်းရှိတာ ကောင်းတယ်။ ဒီအဖွဲ့တွေ ကျွန်တော်တို့ဘက် က ရပ်တည်ပေးတဲ့အတွက် ကျေးဇူးတင်တယ်။ ဒါပေမယ့် တကယ် ကတော့ သူတို့ ဘယ်လောက်ကြိုးစားကြိုးစား သူတို့ ဘာမှ သိပ်မလုပ်နိုင် ဘူး။ သူတို့ ကျွန်တော်တို့ကို ဘယ်လောက် ကူညီနိုင်မယ်ဆိုတာ ထိုင်း ဥပဒေအပေါ် မူတည်နေတယ်။ ဒါကြောင့် မှန်ကန်တဲ့ မေးခွန်းကတော့ ဒီ နိုင်ငံရဲ့ ဥပဒေအောက်မှာ ကျွန်တော်တို့ အကာအကွယ် ဘယ်လောက်ရနိုင် မလဲ။

MYH-03Pp, နိုင်ငံရေး အဖွဲ့အစည်း အဖွဲ့ဝင်၊ ကျား။

## ၄။ အဝေးရောက်မြန်မာများအပေါ် TNR ၏ နောက်ဆက်တွဲ သက်ရောက်မှုများ

ပါဝင်သူများ၏ အဆိုအရ သေခြင်းနှင့် ပျောက်ဆုံးခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကို တွေ့ကြုံနေခဲ့ရစဉ် TNR ကိုယ်တိုင်အပေါ် အကြောက်တရားနှင့် သူတို့ကိုယ်ကို သူတို့ TNR ၏ သားကောင်များ မဖြစ်စေရန် ကာကွယ်သည့် မဟာဗျူဟာ များကြောင့် အဆိုးရွားဆုံးသော နောက်ဆက်တွဲ သက်ရောက်မှုမှာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှင့် စိတ်ချမ်းသာမှု ပျက်စီးယိုယွင်းခြင်း တို့ဖြစ်သည်။ ထို့အပြင် ထို မဟာဗျူဟာများက လူများကို စီးပွားရေး၊ ကျန်းမာရေး နှင့် ပညာရေး အခွင့်အလမ်း များလက်လှမ်းမီမှုနည်းပါးစေပြီး သူတို့၏နိုင်ငံရေးအခွင့်အရေးများကို အကန့်အသတ် ဖြစ်စေသည်။

### သေဆုံးခြင်းနှင့် ပျောက်ဆုံးခြင်းများ

ဤ ပူးပေါင်းပါဝင်သော သုတေသနသည် TNR ဖြစ်ရပ်များ၏ အချက်အလက် များကို ကောက်ယူရန် ရည်ရွယ်ထားခြင်းမရှိပဲ TNR နှင့် ပတ်သက်သော မဲဆောက်ရှိ အဝေးရောက် မြန်မာ အသိုင်းအဝိုင်းများ၏ အမြင်များနှင့် အတွေ့အကြုံများကို ကောက်ယူရန် ဖြစ်သည်။ သို့ဖြစ်ရာ ဤအစီရင်ခံစာတွင် တင်ပြထားသော TNR ကြောင့် ဖြစ်ပေါ်လာသော ပျောက်ဆုံးမှုနှင့် သေဆုံးမှု ဖြစ်ရပ်များကို အရေအတွက် ဆိုင်ရာ အချက်အလက်များ အဖြစ် အသုံးပဲ ဤနယ်မြေရှိ မြန်မာ အဝေးရောက် လူများ အပေါ် TNR ပုံစံကို ရှင်းလင်းပြသည် အရည်အသွေးဆိုင်ရာ အချက်အလက်အ ဖြစ် သာ အသုံးပြုရမည်။

သုတေသနတွင် ပါဝင်သူများ ဝေမျှသော အတွေ့အကြုံများတွင် ၂၀၂၂ ခုနှစ်က နိုင်ငံရေး ပါတီ၏ အဖွဲ့ဝင် တစ်ဦး ပျောက်ဆုံးမှု (MYH-04Ara) နှင့် ၂၀၂၃ ခုနှစ် ဧပြီလ တွင် ထိုင်းလူဝင်မှု ကြီးကြပ်ရေး ရဲများက PDF အဖွဲ့ဝင် သုံးဦးကို BGF - စစ်ကောင်စီ

လက်ထဲသို့ လွှဲပြောင်းပေးရာတွင် သေဆုံးမှုနှင့် သေဆုံးသည်ဟု သံသယ ဖြစ်မှုတို့ ပါဝင်သည်။ အစောပိုင်းတွင် ဖော်ပြထားသကဲ့သို့ TNR ၏ ရလဒ်ကြောင့် သေဆုံးမှုနှင့် ပျောက်ဆုံးမှု သံသယရှိမှုများ၏ အရေအတွက်မှာ နည်းပါးခြင်းသည် ဖြစ်ပွားစေသော အကြောင်းရင် အများအပြား ရှိနေသည့်အတွက် ကြိုးပမ်းအားထုတ်မှု အဆင့် နည်းပါး သည်ဟု မထင်ဟပ်စေလိုပါ။

## စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှု

"ကျွန်မ ဒီနေရာမှာ လုံးဝ လုံခြုံမှု မရှိဘူးဆိုတာ နားလည်လာတဲ့အခါမှာ ကျွန်မ စိတ်ဓါတ်ကျတယ်။ ဘယ်လောက် စိတ်ဓါတ်ကျသလဲ ဆိုရင် သူတို့ဆီ ပြန်သွား၊ ကျွန်မကို ဖမ်းပြီး ထောင်ချပါစေ ပြီးတော့ ဒါကြီးကို အဆုံးသတ်လိုက်တာ ပိုကောင်းတယ်လို့ ခံစားခဲ့ရတယ်။"

NG-05Aa, စီးပွားရေး လုပ်ငန်း ဝန်ထမ်း၊ မ။

"ကျွန်တော်တို့ အချိန်ပြည့် သတိနဲ့ နေနေရတယ်။ တယောက်ယောက် လာနေသလား၊ ကျွန်တော်တို့ အိမ်ရှေ့ ဖြတ်သွားတာ ဘယ်သူလဲ။ ညဆိုရင် ကျွန်တော်တို့က ကျူးကျော်ဝင်ရောက်လာတဲ့သူတွေနဲ့ မီးသတိပေးသံတွေကို ကြည့်ရတယ်။ အပြင်သွားဖို့ ဆိုရင် ကျွန်တော်တို့က ဘယ်လို အန္တရာယ်မျိုးမဆို ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်နေရတယ်။ ကျွန်တော့် မိသားစုနဲ့ ကျွန်တော်တို့ မြန်မာပြည်မှာ လွတ်လွတ်လပ်လပ် နေခဲ့ဘူးတယ်။ ဒါပေမယ့် အခုတော့ ကျွန်တော်တို့ လွတ်လပ်ခွင့် ဆုံးရှုံးသွားပြီ။"

MYH-03p, နိုင်ငံရေး အဖွဲ့အစည်း အဖွဲ့ဝင်၊ ကျား။

မဲဆောက်ရှိ အဝေးရောက်မြန်မာများအပေါ် TNR သည် လူများအား အဆက်မပြတ်ကြောက်ရွံ့စိုးရိမ်မှုများဖြင့် နေထိုင်ရန် တွန်းအားပေးသည့် စိတ်ပိုင်းဆိုင်ရာ စစ်ဆင်ရေး တခုသဖွယ် လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင်၊ အလားအလာရှိသော TNR မှမိမိကိုယ်ကိုကာကွယ်ရန်၊ လူအများအပြားသည် ရုပ်ပိုင်းဆိုင်ရာနှင့် အွန်လိုင်းကမ္ဘာ နှစ်ခုလုံးတွင် အထီးကျန်ဆန်ပြီး စိတ်ဓာတ်ကျသွားကြသည်။ လူအများအပြားတို့မှာ စော်ကားနှောက်ယှက်မှု ကျရောက်စေရန် ကို မိမိတို့ကိုယ်တိုင် ရှေရှည်ခွင့်ပြုထားရခြင်း အတွက် စိတ်ဖိစီးမှုကို ရေရှည်ခံနေရသည်။ ပါဝင်သူ အမျိုးသမီး တစ်ဦးက မနှစ်သက်သော နေရာတွင် နေထိုင်ရခြင်းကြောင့် သိမ်ငယ်သည်ဟု ခံစားနေရပြီး သူမအနေဖြင့် လုပ်ဆောင်သမျှအားလုံးသည် ထိုင်းလူမျိုးများ စိတ်ဆိုးခြင်းကို ရှောင်ရှားရန် ကြိုးစားခြင်းသာ ဖြစ်ကြောင်း ရှင်းပြသည်။ ရဲလက်မှတ်စနစ် နှင့်/သို့မဟုတ် ပြန်ပေးငွေ အတွက် ပေးခဲ့ရသော ပါဝင်သူများသည်အဖမ်းခံရသည့်အခါ ၎င်းတို့ကိုယ်သူတို့ စော်ကားခံရခြင်းနှင့် အခွင့်ကောင်းယူခံရခြင်းတို့ကို ခွင့်ပြုထားမိသည့်အတွက် မည်သို့ စိတ်ဓာတ်

ကျရပုံကို ထင်ဟပ် ပြောပြကြသည်။

> "ကျွန်တော့် မိသားစုက အိမ်ထဲမှာပဲ နေကြတယ်။ နေအိမ်အကျယ်ချုပ်ကျနေကြသလိုပဲ။ ကျွန်တော်တို့မှာ အိမ်နီးချင်း မိတ်ဆွေတောင် မရှိဘူး။ အနီးဆုံးဆိုင်ကပဲ အသီးအရွက်တွေ ဝယ်တယ်။ ကျွန်တော်တို့ အဖမ်းခံရပြီး စစ်ကောင်စီဆီကို ပြန်ပို့ခံရမှာ အရမ်းကြောက်တယ်။ ဈေးထဲမှာ အလုပ်လုပ်တုန်းက ကျွန်တော် အဖမ်းခံခဲ့ရတဲ့ ဖြစ်ရပ်အပေါ် ကျွန်တော့် မိန်းမက စိတ်ဒဏ်ရာ ရသွားတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ဘတ် ၃၀,၀၀၀ ပေးရတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ အခြေခံ လစာရဲ့ ဆယ်ဆ မကဘူး။ အခုဆိုကျွန်တော် တယောက်ထဲပဲ အိမ်ပြင်ထွက်တယ် ဘာလို့လဲဆိုရင် ကျွန်တော်က ဝင်ငွေရှာရလို့ပဲ။ ရဲလက်မှတ်က လုံခြုံရေးကို ၅၀% ပဲ အာမခံနိုင်တယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဘာမှ မတတ်နိုင်ဘူး။ ကျွန်တော်က ကျွန်တော် မိန်းမနဲ့ ကလေးတွေကို ဒီမှာ ကျွန်တော်တို့ နေရတာ မြန်မာပြည်က ကျွန်တော်တို့ မိတ်ဆွေတွေထက် ဘယ်လောက်ပိုပြီး လုံခြုံတယ်ဆိုတာ ပြောပြီး သူတို့ကို စိတ်သက်သာရစေရတယ်။ အနည်းဆုံးတော့တကယ်လို့ ကျွန်တော် ထပ်ပြီးအဖမ်းခံရရင် အဲဒါကို ဖြေရှင်းနိုင်တဲ့ "နည်းလမ်း" ရှိလိမ့်မယ်။ ကျွန်တော်တို့ဟာ စိတ်ပိုင်းဆိုင်ရာအရ မလုံခြုံကြပဲ ဒီလို ဖြစ်နေတာ တစ်နှစ်ကျော်လာခဲ့ပြီ။"
>
> NG-04Mdo, သတင်းမီဒီယာ သမားဟောင်း၊ ကျား။

## ရုပ်ပိုင်းဆိုင်ရာ သန်စွမ်းမှုနှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ လက်လှမ်းမီမှု

သုတေသန ပါဝင်သူများက TNR သည် ထိုင်းနိုင်ငံရှိ သူတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ ဘဝများကို မည်သို့ တိုက်ရိုက် သက်ရောက်မှု ရှိသည်ကိုလည်း ဆက်လက် ရှင်းပြကြသည်။ သီးခြားခွဲ၍ နေထိုင်ခြင်းနှင့် အကြောက်တရားတို့က အလုပ်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးတို့ကို အကန့်အသတ် ဖြစ်စေသည်။ ဘာသာရေး လှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည်ပင် စိတ်၏ ငြိမ်းချမ်းမှုကို မရနိုင်တော့ပေ။ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ချမ်းသာသုခအပေါ် သက်ရောက်မှုအကြားတွင် စည်းပါးပါးလေးသာ ရှိသည်။

> "ကျွန်မတို့ ကိုယ့်ဘာသာ ကာကွယ်ဖို့ ကြိုးစားပေမယ့် အဲဒါက ကျွန်မတို့ရဲ့ ဘဏ္ဍာရေး၊ ကျန်းမာရေး နဲ့ ကျွန်မ သမီး ပညာရေးတွေကို ထိခိုက်စေတယ်။ ကျွန်မစိတ်က ဘယ်တော့မှ အနားမရဘူး။ ဥပဒေက ကျွန်မတို့ကို စစ်ကောင်စီကနေ ကာကွယ်မပေးထားဘူး။ ပွဲစားကသာ ဝင်မတားခဲ့ဘူးဆိုရင် ကျွန်မ ခင်ပွန်းက ပြန်ပို့ခံရကာနီးပဲ။ သူက လဝက အချုပ်မှာ သူ့ကို

သေလမ်းကို ဘယ်အချိန်ပို့မယ်ဆိုတာ မသိပဲ ငါးရက်နေလိုက်ရတယ်။ သူက စိတ်ဓါတ်ကျပြီး နေလာတဲ့နောက် ဝင်ငွေလည်း များများ မရှာနိုင်ဘူး ။ ကျွန်မ မိသားစုက လူတစ်ယောက်တိုင်း စိတ် ကျန်းမာရေး ပြဿနာတွေ ရှိနေတယ်။ ပြီးတော့ ကျွန်မတို့ ဆင်းဆင်းရဲရဲ နေကြရတယ်။ ကျွန်မတို့မှာ အနာဂတ်အတွက် ဘာမျှော်လင့်ချက်မှ မရှိဘူး။ ဒီမှာ သိရတဲ့ လူ ထက်ဝက် လောက်က အတူတူပဲ။"

TRSCa-06, အစိုးရ ဝန်ထမ်းဟောင်း၊ မ။

## ဒီမိုကရေစီအတွက် ရုန်းကန် လှုပ်ရှားမှု

TNR ၏ ရည်ရွယ်ချက်မှာ မြန်မာဒီမိုကရေစီ လှုပ်ရှားမှု နှင့်/သို့ စစ်အုပ်စုအပေါ် ဆန့်ကျင် တော်လှန်မှုကို လျော့ကျသွားစေရန် ဖြစ်သည်။ သုတေသန ပါဝင်သူများအဆိုအရ လွန် ခဲ့သည့် သုံးနှစ်အတွင်း TNR သည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ နိုင်ငံရေး လှုပ်ရှားမှုများကို ကန့်သတ်ခဲ့ပြီး လှုပ်ရှားမှုကို အတိုင်းအတာ တစ်ခုအထိ နှေးကွေး သွားစေခဲ့သည်။ မူလက တတိယ နိုင်ငံတွင် ခိုလှုံခွင့် တောင်းခံရန် အစီအစဉ်မရှိသော အတိုက်အခံ အများအပြားမှာ မဲဆောက်တွင် ကြုံရသော အကြောက်တရားနှင့် အခက်အခဲများကြောင်း သူတို့၏ စိတ်ကို နောက်ပိုင်းတွင် ပြင်လိုက်ကြသည်။ လူများ က သူတို့၏ နိုင်ငံရေး စဉ်းစားချက်များကို လူမှု မီဒီယာနှင့် လူထုအကြားတွင် ဖော်ပြရန် မဝံ့မရဲ ဖြစ်ကြခြင်းဖြင့် လှုပ်ရှားမှု ကြီးထွားစေရန် အခွင့်အလမ်းများ နည်းပါးလာ စေသည်။

"ကျွန်မရဲ့ FB အကောင့်ကို ဖျက်ပစ်လိုက်ပြီး နောက်ထပ် အဖေတာ တစ်ခုကို သတင်းတွေ ဖတ်ရုံ သက်သက်အတွက်ပဲ သုံးတယ်။ ကျွန်မ အဲဒီ အပေါ်မှာ ဘာမှ မတင်ဘူး။ ကျွန်မ မီဒီယာတွေကို အင်တာဗျူးပေးတာကို ရပ်လိုက်ပြီး လူမှု ဘဝမှာ တက်ကြွလှုပ်ရှားမှုတွေကိုလည်း ရပ်လိုက်တယ် ။ တကယ်တော့ စစ်တပ်က ကျွန်မရဲ့ မိသားစုကို နောက်တစ်ကြိမ်တိုက်ခိုက် မှာကို စိုးရိမ်တဲ့ အတွက် နောက်ထပ်ဘာကို မှ မလုပ်ရဲတော့ဘူး။"

MYH-02Ma, စစ်တပ် တပ်ဖွဲ့ဝင်ဟောင်း၊ မ။


အချို့သော သူများက ထိုင်းနိုင်ငံတွင် သူတို့၏ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို မစွန့်လွှတ် လိုသည့် အချိန်တွင် အခြားသူများမှာ လူထု စုဝေးမှု နှင့် လူမှုရေး စုဝေးခြင်းတို့မှာ အသိုင်းအဝိုင်း တစ်ခုလုံးအတွက် ခြိမ်းခြောက်မှုဟု မြင်ကြသည်။

"ဒေသခံ ထိုင်းအာဏာပိုင်တွေကို ကျွန်တော် နားလည်တယ်။ ကျွန်တော် တို့က နိုင်ငံရေး လှုပ်ရှားမှု တစ်ခုခုကို စီစဉ်မယ်ဆိုရင် သူတို့ ဒုက္ခ ရောက်

> ကြလိမ့်မယ်။ စစ်ကောင်စီက “ဒါကိုဘာလို့ ဖြစ်စေတာလဲ’ ဆိုပြီး ဟောက်ကောင်း ဟောက်နိုင်တယ်။ နောက်ပြီး သူတို့က တစ်စုံတစ်ယောက်ကို ရှာဖွေရန် သို့မဟုတ် တစ်စုံ တစ်ယောက်ကို ဖမ်းဆီးရန် လုပ်ဆောင်ခဲ့ပါက ကျွန်တော်တို့အားလုံး ဒုက္ခရောက်လိမ့်မည်။ ဒီမှာ နေထိုင် လုပ်ကိုင်ဖို့ ဆိုရင် ကျွန်တော်တို့ အပေးအယူလုပ်ရပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံရေး အခွင့်အရေးတွေ မနက်ဖန်မှာ ရဖို့ ကျွန်တော်တို့ တတွေ ဒီကနေ့ အခွင့်အရေးတွေကို စွန့်လွှတ်ကြရမှာ ဖြစ်တယ်။”
>
> TP-02Pp, နိုင်ငံရဲ့ နိုင်ငံရေး အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်။ ကျား။

သို့ရာတွင် နောက်ထပ် ပါဝင်သူ တစ်ဦးက တစ်စုံတစ်ယောက်သည် ပိုမို မြင့်မားသော ရည်ရွယ်ချက်အတွက် ဒီကနေ့ရဲ့ အခွင့်အရေးနှင် လွတ်လပ်ခွင့်ကို စွန့်လွှတ်သင့်သည် ဆိုသည်ကို သဘောမတူပါ။ ဒီမိုကရေစီ ရရှိဖို့ သော့ချက်သည် ပြည်သူများ၏ ပံ့ပိုးမှု ဖြစ်ပြီး တစ်စုံတစ်ယောက်က ထုတ်ဖော်ပြောဆိုနေသည့်အခါ ပံ့ပိုးမှု ရရှိရန် မဖြစ်နိုင်ပေ။

> “ကျွန်မတို့ လူမှု မီဒီယာ မှာ စကားမပြောနိုင်ရင်၊ လူထု လှုပ်ရှားမှု တစ်ခုခုကို မစီစဉ်နိုင်ရင် တခြားသူတွေရဲ့ အစီအစဉ်တွေမှာပင် မတက်ရောက်ဘူးဆိုရင် ကျွန်တော်တို့ ဒီမိုကရေစီအတွက် ဘယ်လို တိုက်ပွဲဝင်ဦးမှာလဲ။ ကျွန်မတို့ အားလုံးက လက်နက်ကိုင် တော်လှန်ရေးကို သွားနိုင်တာမဟုတ်ဘူး။ လက်နက်ကိုင် တော်လှန်ရေး တစ်ခုထဲနဲ့လည်း ကျွန်မတို့ရဲ့ ရည်မှန်းချက်ကို ဘယ်တော့မှ မရောက်နိုင်ဘူး။ ကျွန်မတို့အနေနဲ့ TNR ရဲ့ ခြိမ်းခြောက်မှုကြောင့် ကျွန်မတို့ရဲ့ အခွင့်အရေးအတွက် တိုက်နေတာကို ရပ်တန့်သွားတာမျိုးကို ခွင့်မပြုနိုင်ဘူး။”
>
> TP-04Aa, တက်ကြွလှုပ်ရှားသူ၊ မ။



Picture by Ansaya Kunteya (Long list, 2021 painting competition, Friends Without Borders

## ၄။ အကြံပြုချက်များ

ထိုင်းနိုင်ငံတွင် TNR ဖြစ်ပွားခြင်းကို ကြိုတင်ကာကွယ်ရန်နှင့် အဝေးရောက်မြန်မာများအား TNR ၏ သားကောင်အဖြစ်ကျရောက်ခြင်းမှာ ကာကွယ်ရန် အကြံပြုချက်များကို လူပုဂ္ဂိုလ် တစ်ဦးချင်းထံမှလည်းကောင်း သုတေသန ပါဝင်သူများနှင့် နယ်စပ်အသံ အဖွဲ့တို့၏ ဆွေးနွေးတိုင်ပင်မှုများကလည်းကောင်း စုဆောင်းထားသည်။

မှတ်သားရန်မှာ အောက်ဖော်ပြပါ အကြံပြုချက်များမှာ TNR ကိစ္စရပ် တစ်ခုတည်းနှင့် ပတ်သက်သည့် မြင်ကွင်းအပေါ်တွင်သာ ဖြစ်သည်။ မဲဆောက်နှင့် ထိုင်းနိုင်ငံရှိ မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံများ ရင်ဆိုင်နေရသော ပိုမို ကျယ်ပြန့်သည့် စိန်ခေါ်မှုများ အားလုံးကို ဖြေရှင်းရန် ရည်ရွယ်ထားခြင်း မရှိပါ။

ပါဝင် ဆွေးနွေးသူအားလုံးက အခြား မြန်မာ ဒုက္ခသည်များနှင့် အတိုက်အခံများ အတွက် သူတို့၏ ထင်မြင်ချက်များနှင့် အကြံပြုချက်များသည် အဝေးရောက် အသိုင်းအဝိုင်းသို့ ရောက်ရှိပြီး ထိုင်းအစိုးရ အပါအဝင် အခြားသူများအားလုံးအတွက် သူတို့၏ အကြံပြုချက်များကို မြန်မာနိုင်ငံ၏ အမျိုးသား ညီညွတ်ရေး အစိုးရက တန်ဖိုးထားမည်ဟု မျှော်လင့်ထားသည်။

### က။ မဲဆောက်ရှိ အဝေးရောက်မြန်မာများအတွက် အကြံပြုချက် အချက်အလက်များ

### ၁။ လုံခြုံရေး ကိစ္စရပ်များ

- UNHCR မှတဆင့် နိုင်ငံတကာ ကာကွယ်မှုကို လျှောက်ထားရန်။ အဖွဲ့အစည်း အနေဖြင့် ယခုအခါ များများစားစား လုပ်ပေးနိုင်ခြင်း မရှိသော်လည်း ဘာမျှ မလုပ်ထားခြင်းထက်ပိုကောင်းပြီး ဘာကိုမျှ ဆုံးရှုံးစရာလည်း မရှိပါ။
- ထိုင်းအစိုးရက အခွင့်အလမ်းဖွင့်ပေးသည့်အခါတိုင်းတွင် တရားဝင် အထောက်အထား စာရွက်စာတမ်းများရရှိအောင် ကြိုးစားရန်။ သင်က တစ်ကြိမ် လျှောက်ထားပြီးဖြစ်ပါက ယင်းသည် စစ်မှန်သော လုပ်ငန်းစဉ်ဟုတ်မဟုတ်ကို ယုံကြည် စိတ်ချရသော အဖွဲ့အစည်းများဖြင့် စစ်ဆေးပါက အကောင်းဆုံးဖြစ်သည်။ ယခုအခါ ID ကဒ်အမျိုးမျိုးနှင့် အလုပ်လုပ်ခွင့်လက်မှတ် အတုအယောင် လုပ်သူများအများ အပြားရှိနေသည်။
- ဒစ်ဂျစ်တယ်၊ အွန်လိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ လောကများတွင် တစ်စုံတစ်ဦး၏ နိုင်ငံရေး နောက်ခံသမိုင်းကြောင်း၊ လက်ရှိလှုပ်ရှားမှုများ၊ တည်နေရာများနှင့် ဘဝ နေထိုင်ပုံများအပါအဝင် တစ်စုံတစ်ဦး ကိုယ်တိုင်က ဖော်ထုတ်မှု ဖြစ်စေနိုင်သည့်

အန္တရာယ် အမြဲရှိသည်ကို နားလည်ပါ။

- ပုဂ္ဂလိက စက်ပစ္စည်းများတွင် အချက်အလက်များ၊ ဓါတ်ပုံများနှင့် ဗီဒီယိုများကို သယ်ဆောင်သွားလာခြင်းသည် လုံခြုံမှု မရှိပါ။

## ၂။ ထိုင်းနိုင်ငံတွင် နေထိုင်ခြင်း

- ထိုင်းနိုင်ငံအကြောင်း ဘက်ပေါင်းစုံကနေ လေ့လာပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဥပဒေများ၊ အများကြိုက် ယဉ်ကျေးမှု အပါအဝင် ယဉ်ကျေးမှုများ။ ယင်းသည် ဤနေရာတွင် ကျွန်ုပ်တို့၏ ဘဝများကို ပိုမိုလွယ်ကူစေပြီး ပိုမို ပျော်ရွှင်စေပါလိမ့်မည်။ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းများကိုသာ အာရုံစိုက်မည့်အစား ထိုင်းနိုင်ငံအကြောင်း သတင်းများကိုလည်း အာရုံစိုက်ပါ။ ကျွန်ုပ်တို့ ဒီနေရာမှာ အချိန်အတိုင်းအတာ တစ်စုံတစ်ရာ ဆက်ရှိနေအုံးမှာ ဖြစ်ပြီး ကျွန်ုပ်တို့၏ ဒုတိယ အိမ်ဖြစ်လာမည့် နေရာအကြောင်းကို ကျွန်ုပ်တို့ သိထားသင့်ပါသည်။
- ထိုင်းနိုင်ငံ ဥပဒေများနှင့် ထိုင်းအသိုင်းအဝိုင်း၏ စည်းမျဉ်းများကို လေးစားပါ။ ကျွန်ုပ်တို့သည် ကံမကောင်းစွာပင် နိုင်ငံအတွင်းကို တရားဝင် ခွင့်ပြုချက်ဖြင့် ဝင်ရောက်လာခဲ့ခြင်း မဟုတ်ပါ။ သို့သော်လည်း ကျွန်ုပ်တို့ ချိုးဖောက်သော တစ်ခုတည်းသော ဥပဒေမှာ လူဝင်မှုကြီးကြပ်ရေး ဥပဒေသာ ဖြစ်သင့်ပါသည်။ လေးစားစွာ နေထိုင်ခြင်း ဆိုသည်မှာ ဥပမာအားဖြင့် မိမိတို့၏ လုံခြုံရေးအတွက် ဂေဟာကို မိမိတို့ မိတ်ဆွေများက ဗုံးများ ပြုလုပ်ခြင်း၊ လက်နက်များ သိုဝှက်ထားခြင်းတို့ အတွက် အသုံးပြုခြင်း သို့မဟုတ် ခွင့်ပြုခြင်းများ အတွက် ကျွန်ုပ်တို့၏ အခွင့်အလမ်းကို အမြတ်မထုတ်ခြင်း ဖြစ်သည်။ ယင်းမှာ မည်သည့် နိုင်ငံက မျှ လက်ခံနိုင်မည်မဟုတ်ပဲ ကျွန်ုပ်တို့အတွက် ဘေးဒုက္ခဖြစ်စေလိမ့်မည်။
- ထိုင်းယဉ်ကျေးမှုနဲ့ နေထိုင်မှု ပုံစံကို လေးစားပါ၊ နားလည်အောင်ကြိုးစားပါ။ ဥပမာ- ထိုင်းအများအပြားက သူတို့ အိမ်နီးချင်းများ အရက်သောက်ပြီး အကျယ်ကြီး သီချင်းဆိုသည်ကို မကြိုက်သည်ကို နားလည်ပါ။ နှုတ်ဆက်ခြင်း သို့မဟုတ် ပြုံးပြခြင်း စသဖြင့် မရှိပဲ တနေ့လုံး တဖက်အိမ်ကို အမျိုးသားအများအပြားဟာ ဝင်ထွက်သွားလာနေသည့်အခါ ကြောက်ရွံ့စိတ်ကို ခံစားရတာဟာ ပုံမှန်ဖြစ်တယ်ဆိုတာ နားလည်ပါ။ ထိုင်းပြည်သူများက မြန်မာနိုင်ငံက လူများကို မမုန်းပါ။ သူတို့ မုန်းပါက ဒီနေရာတွင် ယခုလို ကျွန်ုပ်တို့ မနေနိုင်ပါ။ သို့ဖြစ်ရာ ကျွန်တော်တို့အပေါ် ငြိုညင်စေသည့်အရာများကို မလုပ်ပါနှင့်။
- ဖြစ်နိုင်သမျှ ထိုင်းများနှင့် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေထိုင်ပါ။ ကျွန်ုပ်တို့ အနေဖြင့် မြန်မာစကားပြောသော လူများနှင့် အများဆုံး နေထိုင်ပြီး ထိုင်းအချို့နှင့် အင်္ဂလိပ်လို ပြောဆိုနိုင်သော်လည်း ထိုင်းစကားသင်ယူရန် ကြိုးစားပါ။ ဘာသာစကား တတ်ကျွမ်းမှုသည် ခင်မင်ရင်းနှီးမှု၊ အလုပ်အကိုင်နှင့် ဘေးကင်းလုံခြုံမှုအတွက်

အခွင့်အလမ်းများကို ဖွင့်ပေးလိမ့်မည်။

• ရွှေ့ပြောင်း အလုပ်သမားများနှင့် မိမိတို့ ပတ်ဝန်းကျင်ရှိ အောက်ခြေ အလုပ်လုပ်သော ထိုင်းလူမျိုးများအပေါ် သတိထားဆက်ဆံပါ။ ကျွန်ုပ်တို့အနေဖြင့် သူတို့အား ဒုက္ခဖြစ်စေရန် ရည်ရွယ်ချက်မရှိသော်လည်း ကျွန်ုပ်တို့ ရောက်ရှိလာခြင်းသည် ကုန်ပစ္စည်းများ၊ အိမ်ငှားခများ ဈေးတက်ခြင်းနှင့် ခြစားခြင်းကို ဖြစ်စေသည်မှာ အမှန်ပင် ဖြစ်သည်။

## ၃။ အရှုံးမပေးပါနဲ့။

• စိတ်နှင့် ရုပ်ပိုင်း ကြံ့ခိုင်ခြင်းသည် ကျွန်ုပ်တို့၏ ဦးစားပေးများမှ တစ်ခု ဖြစ်သင့်သည်။ အခြေအနေပေါ်တွင် ရှင်သန်နိုင်စေရန်အတွက် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင် စိတ်ကော ရုပ်ပါ ကျန်းမာ သန်စွမ်းမှု ရှိနေအောင် လုပ်ရန် လိုအပ်သည်။

• CBOများ၊ CSOများ၊ NGO များ၏ အမည်နှင့် အဆက်အသွယ်များကို သူတို့တစ်ဖွဲ့ချင်းပေးနိုင်သော အကူအညီများနှင့်အတူ စုဆောင်းဝေမျှပါ။ အသိုင်းအဝိုင်း အနေဖြင့် ရှောင်ရှားသင့်သည့် လိမ်လည်သည့် အုပ်စုများ၏ စာရင်းကိုလည်း စုဆောင်းဖြန့်ဝေသင့်သည်။

• ကျွန်ုပ်တို့ အတူတကွ မိမိတို့ကိုယ်ကို ကူညီသော အုပ်စုများ သို့မဟုတ် နိုင်ငံရေး ဒုက္ခသည် လူထု အခြေပြု အဖွဲ့အစည်း အဖြစ် စုစည်းပြီး ရှိပြီးဖြစ်သော မြန်မာ CBOများ၊ CSOများ နှင့် ယုံကြည်ရသော ထိုင်းနှင့် နိုင်ငံတကာ NGOများနှင့် ဆက်သွယ်ပါ။ ထိုအဖွဲ့အစည်းများမှ ပံ့ပိုးမှုများဖြင့် မိမိတို့၏ သေးငယ် ပြန့်ကျဲနေသော အုပ်စုများသည် စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိသူများအား ပံ့ပိုးမှု ပေးနိုင်သည် သို့မဟုတ် TNR အသိပညာနှင့် အတွေ့အကြုံများ၊ ထောက်လှမ်းရေး လှုပ်ရှားမှုများ၊ ကာကွယ်ရေး မဟာဗျူဟာများ၊ အစရှိသည်တို့ကို အနီးနားဝန်းကျင်ရှိ လူများကို ဝေမျှရန် ပလက်ဖောင်းဖြစ်လာစေနိုင်သည်။

• အသိုင်းအဝိုင်းများ သို့မဟုတ် အသိုင်းအဝိုင်း တစ်ခုချင်းအတွင်းတွင် TNR စနစ်နှင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အစီရင်ခံခြင်းနှင့် မှတ်တမ်းတင်ခြင်း လုပ်နိုင်သော ကောင်းမွန်သော စနစ်ကို စတင်ပါ။ အထက်တွင် ဖော်ပြထားသကဲ့သို့ သတင်းအချက်အလက်များကို ကွန်ရက်များသို့ ပေးပို့နိုင်ခြင်းဖြင့် ဥပဒေဆိုင်ရာနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထိရောက်လျှင်မြန်စွာ ရောက်လာနိုင်သည်။ ယင်းကို စည်းရုံးလှုံ့ဆော်ခြင်းနှင့် NGO များနှင့် ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အစီအစဉ်များအတွက် အဆိုပြုချက်များအတွက် အသုံးပြုနိုင်သည်။

## ခ။ CB Oများ၊ CSOများ၊ ဒေသန္တရနှင့် နိုင်ငံတကာ NGOများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအတွက် အကြံပြုချက် အချက်အလက်များ

### ၁။ လုံခြုံရေး ကိစ္စရပ်များ

- အဝေးရောက်မြန်မာများ၏ စိုးရိမ်မှုများကို နားလည်နိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဝန်ထမ်းများသည် TNR ၏ ထိရှိလွယ်မှုနှင့် မြန်မာနိုင်ငံရေးကို နားလည်ရန် သင်ယူလေ့ကျင့်သင့်သည်။
- အဖွဲ့အစည်းအားလုံးသည် ၎င်းတို့နှင့် အလုပ်လုပ်ကိုင်သူများ၏ လုံခြုံရေး အာမခံချက်ပေးနိုင်စေရန် အတွက် သူတို့၏ ဝန်ထမ်းအဖွဲ့ဝင်များ အထူးသဖြင့် မြန်မာနိုင်ငံမှ သူများကို နိုင်ငံရေး နောက်ခံ သမိုင်းကြောင်း စီစစ်မှုကို နက်နက်ရှိုင်းရှိုင်း လုပ်သင့်သည်။ စစ်ကောင်စီ သို့မဟုတ် ဒုက္ခသည်များ ထွက်ပြေးလာသည့် မည်သည့် အုပ်စုတစ်ခုခုနှင့် ပတ်သက်နိုင်သည့် အခြေအနေ သို့မဟုတ် ဒုက္ခသည်များနှင့် အတိုက်အခံများ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များကို ရယူသော အဖွဲ့အစည်းများတွင် လုပ်ကိုင်ခြင်း မရှိသင့်ပေ။
- ဒုက္ခသည်များနှင့် အတိုက်အခံများ ထံမှ အကူအညီပေးရေး သို့မဟုတ် စောင့်ရှောက်မှုပေးရေး အဖွဲ့အစည်းများက ကောက်ခံထားသော ပုဂ္ဂိုလ်ရေး အချက်အလက်များကို ထိုလူပုဂ္ဂိုလ်များ၏ သဘောတူညီမှု မရှိပဲ ဝေမျှခြင်း မပြုရန် နှင့် အဆင့်မြင့် လုံခြုံရေး နည်းလမ်းဖြင့် ထိန်းသိမ်းထားရန် စံချိန်စံညွှန်းများကို သဘောတူထားသင့်သည်။
- မြန်မာ CBOများနှင့် CSO များသည် ထိုင်းနှင့် နိုင်ငံတကာ NGOများနှင့် အသစ်ပေါ်ထွက်လာသော အဝေးရောက် မြန်မာ အုပ်စုများ/CBOများ နှင့် အတူတကွ လက်တွဲ၍ မတူညီသော ဘေးအန္တရာယ် အဆင့်များ နှင့် လိုအပ်သော မဟာဗျူဟာများ ကို မြင်နိုင်အောင် အဝေးရောက်မြန်မာများအတွင်း ဘေးအန္တရာယ် ဆန်းစစ်ချက်များ လုပ်ဆောင်ခြင်းဖြင့် သူတို့အနေဖြင့် အုပ်စုများကို ဦးစားပေးသတ်မှတ်နိုင်ပြီး အချိန်နှင့် တပြေးညီ သင့်လျော်သော အကူအညီများကိုလည်း ပေးနိုင်ပေမည်။

### ၂။ ဝန်ဆောင်မှုများ

- သူတို့ထွက်လာနိုင်ဖို့ပိုက်ဆံမပေးနိုင်သူများအတွက် နိုင်ငံကို ပြန်ပို့မခံရစေရန် ဥပဒေအကျိုးဆောင် အစီအစဉ် လိုအပ်နေဆဲ ဖြစ်သည်။ အရေးပေါ် ဖုန်းနံပါတ်ကို အနည်းဆုံး ည ၈ နာရီအထိ နေ့စဉ် ဖွင့်ထားရန် လိုအပ်သည်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဖြေရှင်းခြင်း အပါအဝင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ပညာနှင့် လူမှု နှစ်သိမ့်ဆွေးနွေးရေး အစီအစဉ်မှာ အမှန်တကယ် လိုအပ်နေသေးသည်။ ဒုက္ခသည်များအတွက် ထိုဝန်ဆောင်မှုကို လူ

ကိုယ်တိုင် ရယူရန် အခက်အခဲရှိသောကြောင့် အွန်လိုင်း နှစ်သိမ့်ဆွေးနွေးရေး ဝန်ဆောင်မှုများအတွက် လူထု စေတနာ့ ဝန်ထမ်းများနှင့် ကျွမ်းကျင်ပညာရှင်များ အတွက် သင်တန်းများ ပိုမိုရှိသင့်သည်။

- အထောက်အကူဖြစ်စေနိုင်မည့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ.တွင် ထိုင်းဘာသာ သင်တန်းများ၊ "ထိုင်းနိုင်ငံတွင် နေထိုင်ခြင်း 101" သင်တန်းနှင့် ဒစ်ဂျစ် တယ် လုံခြုံရေး တို့ ပါဝင်သည်။ ပိုမို သင့်လျော်သည်မှာ သင်တန်းဆရာများအတွက် သင်တန်းများ နှင့် သင်ကြားထားသော လူပုဂ္ဂိုလ်များကို အသိုင်းအဝိုင်းများကြားတွင် သင်တန်းများ ပြန်ပေးရန် ပံ့ပိုးမှုများ ပေးရမည်။ ထို့အပြင် လူထု စကားပြန်များ ပိုမို လိုအပ်လျက်ရှိသည်။ ဤ စေတနာ့ဝန်ထမ်းများအတွက် အနည်းဆုံး ခရီးစားရိတ် အတွက် ငွေကြေးထောက်ပံ့မှု လိုအပ်သည်။ သို့မှသာ လူထုများကို သူတို့ ကူညီပေးနိုင် ပေမည်။
- ဒုက္ခသည် ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးတို့ ပါဝင်သည့် နိုင်ငံတကာ အဖွဲ့အစည်းများသည် လက်တွေ့မြေပြင်တွင် ပိုမို လျင်မြန် ထိရောက်စွာ အလုပ်လုပ်သင့်သည်။

## ၃။ ချည်းကပ် စည်းရုံးခြင်း

- သုံးနှစ်ကျော်လာသည့်အခါ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများသည် ထိပ်တန်း ဦးစားပေး ဖြစ်သင့်သည်။ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေသများကို (အပိုဒ် ဃတွင် အသေးစိတ်ပါဝင်သည်) အခြေခံသော မြန်မာ ဒုက္ခသည် မူဝါဒကို ထိုင်းအစိုးရ၏ အသိအမှတ်ပြုမှု ရှိလာစေရန် စည်းရုံးလှုံ့ဆော်ရန် လိုအပ်နေသည်။ အဖွဲ့အစည်းများသည် TNR နှင့် ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များ၏ တောင်းဆိုချက်များ ကို ပိုမိုအာရုံစိုက်သင့်သည်။

## ဂ။ မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) အတွက် အကြံပြုချက်အချက်အလက်များ

- ဒုက္ခသည်များအားလုံး- စစ်ပွဲမှ ထွက်ပြေးလာသော တိုင်းရင်းသား ရွာသားများ ၊ အစိုးရ ဝန်ထမ်းဟောင်းများ၊ စစ်တပ် တပ်ဖွဲ့ဝင်ဟောင်းများ၊ မီဒီယာ နှင့် CDM လုပ် ထားသော သာမန် အရပ်သားများ- ကို ခွဲခြားမှု မရှိပဲ လက်တွေ့ကျကျ ဆက်ဆံပြီး အာရုံစိုက်ပါ။
- မြန်မာ ဒုက္ခသည်များ၏ အခွင့်အရေးနှင့် အသိအမှတ်ပြုခံရမှုအတွက် စည်းရုံး လှုံ့ဆော်ရေးကို မြန်မာနိုင်ငံတွင် အပြောင်းအလဲ ဖြစ်စေရန် လုပ်ဆောင်မှုထက် မ လျော့နည်းစေပဲ ထိပ်တန်း ဦးစားပေးမှု တစ်ရပ်အနေဖြင့် လုပ်ဆောင်သင့်သည်။
- မြန်မာ ဒုက္ခသည်များ၏ အခွင့်အရေးများနှင့် အသိအမှတ်ပြုခံရမှုအတွက်

အစိုးရနှင့် အတိုက်အခံပါတီ နှစ်ရပအ်စလုံးကို စည်းရုံးလှုံ့ဆော်ရန် ထိုင်းအစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ချည်းကပ် ထိတွေ့ခြင်းသည် အမေရိကန်၊ အီးယူနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအား ချည်းကပ်ခြင်းနှင့် ထိတွေ့ခြင်းတို့ထက် အရေးကြီးမှု မလျော့နည်းပါ။

• မြန်မာ နိုင်ငံသားများကို စောင့်ရှောက်မှုပေးရန် တာဝန်ခံမှု ရှိသည့် အဖွဲ့အစည်း တစ်ရပ်၏ အနေအထားမှ မြန်မာ CBOများ၊ CSOများ၊ ထိုင်း NGOများ၊ ထိုင်း အလုပ်ရှင်များနှင့် ထိုင်း အသိုင်းအဝိုင်းများနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိရန် ချည်းကပ် တည်ဆောက်ပါ။

## ဃ။ ထိုင်းအစိုးရအတွက် အကြံပြုချက်များ

• မြန်မာဒုက္ခသည်များ တည်ရှိမှုနှင့် ၎င်းတို့၏ ခိုလှုံမှု ရှာဖွေရန် အခွင့်အရေးကို အသိအမှတ်ပြုရန်။ နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု စံချိန်စံညွှန်းများကို အခြေခံပြီး ဘေးကင်းလုံခြုံသော ခိုလှုံခွင့်ကို အာမခံသည့် ရှင်းလင်းသောမူဝါဒသည် အဝေးရောက်မြန်မာများနှင့် TNR အပေါ် ခြိမ်းခြောက်မှု၊ အမြတ်ထုတ်မှုနှင့် အာဏာအလွဲသုံးမှုများကို အဆုံးသတ်စေမည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည်။

• ထိုင်းအရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် စိစစ်ရေးယန္တရားကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ပြီး ထိုင်းနိုင်ငံတွင် နေထိုင်ခွင့်၊ အလုပ်၊ ကျန်းမာရေးနှင့် ပညာရေးတို့ကို အာမခံချက်ပေးသော ယာယီတရားဝင်အထောက်အထား စာရွက်စာတမ်း အမျိုးအစား(များ)ကို ထုတ်ပေးရန်။ လုပ်ငန်းစဉ်သည် ဒုက္ခသည်များက အလုပ်ရှင်၊ အာမခံသူ စသော ပွဲစားများကို အမြတ်ထုတ်နိုင်သော အခြေအနေများ ဖွင့်ပေးသည့် အခြားသော တတိယလူပုဂ္ဂိုလ် မပါဝင်ပဲ လျှောက်ထားနိုင်ရမည်။ တတိယနိုင်ငံ အခြေချနေထိုင်ရေးကို ရွေးချယ်သူများအတွက် လျင်မြန်အောင် လုပ်ဆောင်ပေးခြင်းဖြင့် ထိုင်းနိုင်ငံအနေဖြင့် လူအမြောက်အများကို အိမ်ရှင်အဖြစ် လက်ခံထားစရာ မလိုအပ်ပဲ ရှိစေမည်။

• တရားမဝင် ပြန်လည်ပို့ဆောင်ခြင်း ဥပဒေသကို အတည်ပြုပြီး အာမခံရန်။ ဖမ်းဆီးခံရသော လူပုဂ္ဂိုလ်များသည် တရားမဝင် ပြန်လည်ပို့ဆောင်ခြင်းအပေါ် နိုင်ငံတကာ အကာအကွယ်ပေးမှုကို တောင်ခံနိုင်ခွင့်အား အာမခံရန်။

• ဒုက္ခသည်များနှင့် အတိုက်အခံများနှင့် ပတ်သက်၍ လုပ်ကိုင်သော အရာရှိများအားလုံးကို နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ၊ လူ့အခွင့်အရေး နှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေသများနှင့် နှိပ်စက်ညှင်းပမ်းမှုနှင့် အဓမ္မ ပျောက်ဆုံးစေမှု ကာကွယ် တိုက်ဖျက်ရေး အက်ဥပဒေတို့ကို လေ့ကျင့် သင်ကြား ပေးသင့်သည်။ ဒုက္ခသည်များသည် ရာဇဝတ်သားများမဟုတ်ကြောင်း ရှင်းလင်းစေခြင်းဖြင့် သူတို့အား နယ်နှင်ဒဏ်ပေးမှု ခံရခြင်းမှ ကင်းလွတ်စေနိုင်မည်။

• ဒုက္ခသည်များအား ဝန်ဆောင်မှုများ၊ အကူအညီများနှင့် ဥပဒေရေးရာ

အထောက်အကူများ ပေးသော CBOများ၊ CSOများနှင့် NGOများနှင့် ထိတွေ့ရန်နှင့် ပံ့ပိုးကူညီရန်။ ထိုင်းနိုင်ငံတွင် TNR ကို တိုက်ဖျက်ရန် ထိုသူများနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ထိစပ်ပြီး အတူတကွ အလုပ်လုပ်ဆောင်ပါ။

• မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ရရှိရေး ကြိုးပမ်းမှုများကို ပံ့ပိုးပြီး ပြည်သူများအား အကြမ်းဖက်မှုများကို ဆက်လက် အသုံးပြုနေသည့် စစ်အုပ်စုအား တိုက်ရိုက်နှင့် သွယ်ဝိုက် ပံ့ပိုးမှုများကို အဆုံးသတ်ပါ။

## င။ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အကြံပြုချက်များ

• မြန်မာဒုက္ခသည်များ၏ တည်ရှိမှုနှင့် အခွင့်အရေးများကို အသိအမှတ်ပြုစေရန် နှင့် လူများအနေဖြင့် ဆန္ဒသဘောအလျောက် အခြေချနေထိုင်ခြင်းနှင့် နေရပ်ပြန်ခြင်း အပါအဝင် အခြားသော ဖြေရှင်းမှုများအား လက်လှမ်းမမှီမီတွင် ယာယီ တရားဝင် အနေအထားပေးသော မူဝါဒကို ချမှတ်ရန် ထိုင်းနိုင်ငံကို တွန်းအားပေးသော ကြိုးပမ်းအားထုတ်မှုများအတွက် ပိုမို သုံးစွဲရန်။

• မြန်မာ စစ်အုပ်စုကြောင့် ဖြစ်သော အကြမ်းဖက်မှုများကို အဆုံးသတ်ရန် နှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကိုပံ့ပိုးရန် ကြိုးပမ်းအားထုတ်မှုများ အတွက် ပိုမို သုံးစွဲရန်။

• ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များအား အကာအကွယ်ပေးရန် အလုပ်လုပ်နေသော ဒေသခံ NGOများ၊ CSOများနှင့် CBOများကို ဘဏ္ဍာရေးနှင့် နည်းပညာ ပံ့ပိုးမှုများပေးရန်။

*************

# နိဂုံးချုပ်

> “မည်သည့် အစိုးရမျှ ယင်း၏ အချုပ်အချာနယ်မြေကို ကျော်လွန်၍ လုပ်ဆောင်ပိုင်ခွင့် မရှိသင့်ပါ။ ထိုင်းနိုင်ငံမှာ စစ်ကောင်စီရဲ့ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှုတွေ ဖြစ်နေရတဲ့ အကြောင်းရင်းကတော့ ဒုက္ခသည်တွေကို ကာကွယ်မှုနဲ့ ပတ်သက်လို့ ထိုင်းအစိုးရမှာ ရှင်းလင်းတဲ့ မူဝါဒ မရှိတာကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နိုင်ငံရေး ဖိနှိပ်မှုတွေကြောင့် မဖြစ်မနေ ထွက်ပြေးလာရတဲ့သူတွ ဖြစ်တယ်။ ကျွန်တော်တို့ဟာ ရာဇဝတ်ကောင်တွေ မဟုတ်ပါ။ ကျွန်တော်တို့ မူးယစ်ဆေးဝါးမှောင်ခို မလုပ်ဘူး၊ ဘယ်သူ့ကိုမှလည်း ထိခိုက်အောင် မလုပ်ဘူး။ နယ်စပ်ကို ဖြတ်ကျော်ပြေးလာတဲ့ ရာဇဝတ်သား တစ်ယောက်ကို နိုင်ငံရင်းကို ပြန်ပို့ဖို့ အစိုးရခြင်း ပူးပေါင်းဆောင်ရွက်တာက တရားဝင်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီလူဟာ တခြား နိုင်ငံမှာ ရာဇဝတ်မှုကို ဆက်လက်ကျူးလွန်နိုင်တာကြောင့် ဖြစ်ပါတယ်။ ဒါပေမယ့် ဖိနှိပ်မှုနဲ့ မတရားမှုတွေကနေ ထွက်ပြေးလာပြီး ယာယီခိုလှုံမှုကို ရှာဖွေလိုတဲ့ သူတွေအတွက်တော့ ဒါဟာမဖြစ်သင့်ပါဘူး။”
>
> MYH-07Aa, တက်ကြွလှုပ်ရှားသူ၊ ကျား။

“မြန်မာဒုက္ခသည်တွေနဲ့ အတိုက်အခံတွေနဲ့ ကျွန်တော်/မတို့ စကားပြောမှုကနေ ကျွန်တော်/မ အနေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ အိမ်ရှင်နိုင်ငံရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို ပိုပြီး စဉ်းစားမိတယ်။ မြန်မာ စစ်အုပ်စုက အဝေးရောက် အတိုက်အခံတွေ အပေါ် ဖိအားပေးဖို့အတွက် ထိုင်းနိုင်ငံနဲ့ သံတမန် ဆက်ဆံရေးကို အသုံးချတယ်။ ကံမကောင်းစွာနဲ့ပဲ မြန်မာဒုက္ခသည်တွေနဲ့ အတိုက်အခံတွေအတွက် နိုင်ငံတကာ ကာကွယ်မှုနှင့် ကူညီပံ့ပိုးမှု အားနည်းနေတာဟာ သူတို့ကို နိုင်ငံဖြတ်ကျော် ဖိနှိပ်မှုကို ပိုပြီး ခံရနိုင်စေတယ်။”

မြန်မာ သုတေသန အဖွဲ့ အဖွဲ့ဝင်၊ နယ်စပ် အသံ အဖွဲ့။

*************

## နောက်ဆက်တွဲများ

၁။ ဆွေးနွေးမှုအတွက် လမ်းညွှန်မေးခွန်းများ
၂။ အတိုကောက် စာရင်း

